မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်နေ့ ၂၀၁၉ ခုနှစ်၊ ဇွန် ၃ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၂၄၆)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံသို့ ရောက်ရှိ

**ပရာ့ဂ် ဇွန် ၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ဇွန် ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် သံရုံးမှ တာဝန်ရှိသူများက သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဗန်ကောက်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် ည ၁၁ နာရီ ၁၅ မိနစ်တွင် ချက်သမ္မတနိုင်ငံ Prague မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daroslav Dolecez နှင့် တာဝန်ရှိသူများက ချက်နိုင်ငံ Prague အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် Prague မြို့ရှိ Lichtenstein Palace အစိုးရဧည့်ဂေဟာသို့ ရောက်ရှိကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ချက်နိုင်ငံ **Prague** အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr. Daroslav Dolecez** ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

# ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း ၂၀၁၉ ဝင်ရောက်မည့် လူငယ်များရောက်ရှိ

**နေပြည်တော် ဇွန် ၂**

အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် လူငယ်ထုပါဝင်ဆောင်ရွက်နိုင်ရေးနှင့် လူငယ်များအကြားတွင် ဖြောင့်မတ်တည်ကြည်မှုမြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ "ဖြောင့်မတ်တည်ကြည်မှု" လူငယ်စခန်း ၂၀၁၉ (Youth Integrity Camp 2019) ကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် ဇွန် ၃ ရက်မှ ၇ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ရာ လူငယ်စခန်းသို့ တက်ရောက်ကြမည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် တည်းခိုနေထိုင်မည့် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းသို့ ယနေ့ညနေပိုင်းတွင် ရောက်ရှိကြသည်။

*စာမျက်နှာ ၃ ကော်လံ ၂* ❖

**သစ်ပင်စိုက်မလား . . . အပူဒဏ်ကို ဆက်ပြီးခံကြမလား** စာ ၆

**စစ်ကိုင်းတိုင်းဒေသကြီး၌ ငါးနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၉၉ ဘီလီယံကျော် ပြန်ဆပ်ရန်ကျန်ရှိနေ** စာ ၁၁

**စာချုပ်မရှိဘဲ အီးယူမှ နုတ်ထွက်မှု ဆက်လက်လုပ်ဆောင်ရန် ဗြိတိန်ကို ထရမ့် တိုက်တွန်း** စာ ၁၄

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

မြန်မာ့အလင်း

# တစ်သိန်းကိုးသောင်းကျော်နှင့် ခုနစ်ဆယ်

မြန်မာနိုင်ငံသည် ခွေးရူးပြန်ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားသည့် နိုင်ငံများထဲတွင် ပါဝင်သည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ခွေးကိုက်ခံရသူပေါင်း ၁၉၀၀၀၀ ကျော်ရှိခဲ့ပြီး ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူပေါင်းမှာ ၇၀ ရှိခဲ့သည်။ လူဦးရေထူထပ်မှု၊ စီးပွားရေးအချက်အချာကျမှု စသည့်အကြောင်းများကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြဆိုင်ရာပြဿနာအများအပြား ကြုံတွေ့နေကြရသည့်အနက် ခန့်မှန်းခြေအားဖြင့် ကောင်ရေ ၂၀၀၀၀၀ ခန့် ရှိမည်ဟုဆိုသော ခွေးလေခွေးလွင့်များနှင့်အတူ ခွေးကိုက်ခံရမှုနှင့် ခွေးရူးပြန်ရောဂါကြောင့် သေဆုံးရမှုမှာလည်း တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် အမြင့်မားဆုံးဖြစ်နေသည်ဟု ဆိုသည်။

ခွေးရူးပြန်ရောဂါသည် ကျည်ဆန်ပုံ ဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ကူးစက်ဖြစ်ပွားပါက ရာနှုန်းပြည့်သေစေနိုင်သော ရောဂါဆိုးတစ်ခုဖြစ်သလို အချိန်မီသိရှိ ကာကွယ်ကုသနိုင်ပါကလည်း ရာနှုန်းပြည့်ကာကွယ်နိုင်သည့် ရောဂါဖြစ်သည်။ ခွေးရူးပြန်ရောဂါသည် ရောဂါပိုးကို သယ်ဆောင်ထားသည့် ခွေး၊ ကြောင် စသည့်သတ္တဝါတို့၏ ကိုက်ခြင်း၊ ကုတ်ခြင်းခံရပြီးနောက် ရောဂါပိုးက အရေပြားအောက်သို့ ဖောက်ထွင်းဝင်ရောက်သွားကာ နာဗ်ကြောများမှတစ်ဆင့် ဦးနှောက်ဆီသို့ ရောက်ရှိသွားပြီး လူ့အသက်ကိုသေစေနိုင်သည့် ကြောက်မက်ဖွယ် ရောဂါဖြစ်သည်။ ခွေးရူးပြန်ဗိုင်းရပ်စ်ပိုးက လူ့ခန္ဓာကိုယ်အတွင်း ခရီးနှင်ရာတွင် ဖြည်းဖြည်းသာသွားသည်။ တစ်ခါတစ်ရံ ခွေးကိုက်ခံရပြီးနောက် နှစ်နှင့်ချီပြီးသည့်အခါမှသာ ခွေးရူးပြန်ရောဂါလက္ခဏာတို့ စတင်ပြသည်။ ခွေးရူးပြန်ရောဂါလက္ခဏာများတွင် အနာမှနာခြင်း၊ ယားခြင်း၊ ရေနှင့်လေတို့ကိုကြောက်ခြင်း၊ ရေနှင့်အစာတို့ကို မျိုချရန်ခက်ခဲခြင်း၊ သွားရည်များ စီးကျခြင်း၊ ဂနာမငြိမ်ခြင်း၊ တက်ခြင်းတို့ဖြစ်ပွားပြီးနောက် အသက်ဆုံးရှုံးသည်အထိပင် ဖြစ်သည်။

ခွေးနှင့် ကြောင်တို့သည် လူများနှင့် ရောထွေးနေထိုင်ကြပြီး လူတို့၏ အချစ်တော် သတ္တဝါများလည်းဖြစ်ကြသည့်အလျောက် ၎င်းတိရစ္ဆာန်များ၏ သွားရည်များနှင့် လူတွင်ရှိသည့် အနာ၊ ဒဏ်ရာတို့ထိတွေ့မိခြင်း၊ ကိုက်မိကုတ်မိခြင်း စသည့်အကြောင်းများသည် ခွေးရူးပြန်ရောဂါ လူသို့ ကူးစက်ခြင်း၏ အကြောင်းရင်းများ၌ ပါဝင်သည်။ သို့ဖြစ်သည့်အလျောက် မိမိတို့၏ အိမ်မွေး ခွေး၊ ကြောင်တို့ကို ခွေးရူးပြန်ရောဂါ ကူးစက်မခံရစေရန်အတွက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်း၊ ပြင်ပ ခွေး၊ ကြောင်များနှင့် ထိတွေ့မှုမရှိစေရန် ကာကွယ်ခြင်း၊ ခွေး၊ ကြောင်များအား အနီးကပ်ကိုင်တွယ်သူများကို ခွေးရူးပြန်ရောဂါ ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်းတို့ဖြင့် ကာကွယ်ထားရန် လိုအပ်မည်ဖြစ်သည်။

အကယ်၍ ခွေးကိုက်ခံရပါက ခွေးရူးပြန်ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ၂၄ နာရီအတွင်း အနီးဆုံးကျန်းမာရေးဌာနတစ်ခုခုတွင် ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံကြရမည် ဖြစ်သည်။ ခွေးကိုက်ဒဏ်ရာကို ရေ၊ ဆပ်ပြာတို့ဖြင့် အနည်းဆုံး ၁၅ မိနစ် ဆေးကြောခြင်း၊ အနာကို အရက်ပြန်၊ ဘီတာဒင်း စသည့်ပိုးသန့်စင်ဆေးရည်ထည့်ခြင်း၊ ခေါင်း၊ လည်ပင်း၊ လက်ချောင်းထိပ်တို့ကို အကိုက်ခံရပါက ပိုမိုဂရုစိုက်၍ ချက်ချင်းကုသမှုခံယူခြင်း၊ ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို အမြန်ဆုံးနှင့် အကြိမ်ပြည့်ထိုးနှံခြင်းတို့ကို ဆောင်ရွက်ရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လမ်းညွှန်ထားသည်။

ခွေးရူးပြန်ရောဂါကြောင့် လူသေဆုံးမှုများ လျှော့ချနိုင်ရန်မှာ ခွေးကိုက်ခံရမှုများ လျှော့ချနိုင်ရမည်ဖြစ်သည်။ ခွေးကိုက်ခံရမှုအများစုမှာလည်း ခွေးလေ၊ ခွေးလွင့်များကြောင့်ဖြစ်ရာ လေလွင့်ခွေးထိန်းချုပ်လျှော့ချရေးမှာလည်း မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ပင်ဖြစ်သည်။ နည်းလမ်းအနေဖြင့်မူ ပကတိအခြေအနေနှင့် လက်တွေ့အဖြစ်နိုင်ဆုံးနည်းလမ်းတို့ကိုသာ ရွေးချယ်ကျင့်သုံးခြင်း၊ ပေါင်းစပ်ကျင့်သုံးခြင်း စသည်ဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်ဟု ရှုမြင်မိသည်။ ချစ်၍မွေးသော ခွေး၊ ကြောင်တို့ကိုမူ ခွေးရူးရောဂါ ကူးစက်ပြန့်ပွားမှုမရှိအောင် စနစ်တကျမွေးမြူထိန်းသိမ်းခြင်းဖြင့် ခွေးရူးပြန်ရောဂါကြောင့် လူအများအပြား အသက်ဆုံးရှုံးရမှုများမှ ကာကွယ်နိုင်ကြပါစေကြောင်း။ ။

## တောင်ငူခရိုင် ကလေးစာပေပွဲတော်ဖြစ်မြောက်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တောင်ငူ ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကလေးစာပေပွဲတော်ဖြစ်မြောက်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း နာယက ဦးကျော်လှ(သမာဓိ)၊ မြို့မိမြို့ဖ ဦးမြင့်ညို(အမေ့အိမ်)၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စမ်းစမ်းအေး အပါအဝင် အစည်းအဝေးတက်ရောက်ကြသူများက ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်ပြီး အကြံပြု ဆွေးနွေးကြသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း နာယက ဦးကျော်လှ (သမာဓိ)၊ မြို့မိမြို့ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင်များ၊ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) မှ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အသင်းသူ အသင်းသားများ၊ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(၀၄၈)**




## နေပြည်တော်ရဲတပ်ဖွဲ့ဝင်မိသားစု၏ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ထောက်ပံ့

**နေပြည်တော် ဇွန် ၂**

နေပြည်တော်ရဲတပ်ဖွဲ့၊ တပ်ဖွဲ့ဝင်မိသားစု၏ ကျောင်းသား ကျောင်းသူများအား ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေက အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသားကျောင်းသူ ၆၁ ဦးအတွက် တန်းဖိုးငွေကျပ် ၄၃၅၂၀၀ ခန့်ရှိ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေး ကိရိယာများကို တပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ကိုကိုရှုပ (နေပြည်တော်)**



## လှူငယ်မိန်းကလေးများ ဦးဆောင်တည်ဆောက်သော စာကြည့်တိုက်နှင့် ကလေးကစားကွင်းငယ် ဖွင့်လှစ်

**ရန်ကုန် ဇွန် ၂**

လှူငယ်မိန်းကလေးများ ဦးဆောင်သော ရောင်စုံမိန်းကလေးများအဖွဲ့မှ လှိုင်သာယာမြို့နယ် အမှတ်(၂၀) ရပ်ကွက် ရတနာသီရိဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှေ့ရှိ မြေကွက်လပ်တွင် ကလေးများနှင့် လူငယ်များ စာအုပ်စာပေများ ဖတ်ရှုနိုင်ရန် စာကြည့်တိုက်တစ်ခုနှင့် ကလေးကစားကွင်းငယ်တစ်ခုကို တည်ဆောက်ခဲ့ရာ ယနေ့ နံနက် ၉ နာရီက ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ပြီး ကလေးငယ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ကိုယ်တိုင်ဒီဇိုင်းရေးဆွဲ**

အများပြည်သူနှင့်အတူ ကလေးငယ်များ အပန်းဖြေအနားယူရန် ပန်းခြံများလိုအပ်နေသော လှိုင်သာယာတွင် ဒို့အိမ်အဖွဲ့နှင့် ရောင်စုံမိန်းကလေးများပူးပေါင်း၍ ရတနာသီရိဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှေ့ရှိ ပေ ၃၀ × ၅၀ အကျယ်ရှိ မြေကွက်လပ်တွင် စာကြည့်တိုက်တစ်ခုနှင့် ကစားကွင်းကို မိန်းကလေးငယ်များ ကိုယ်တိုင်ဒီဇိုင်းရေးဆွဲကာ ဒို့အိမ်၏ဆောက်လုပ်ရေးအဖွဲ့နှင့်ပူးပေါင်း၍ ဖေဖော်ဝါရီလမှ စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ဖွင့်ပွဲကိုကျင်းပခြင်းဖြစ်သည်။

"အခုလို လုပ်ငန်းပြီးမြောက်အောင်မြင်တာမြင်ရတော့ အားလုံးဝမ်းသာကြည်နူးကြတယ်။ မိန်းကလေးနဲ့ ကလေးတွေအတွက် အများပြည်သူနေရာတွေနဲ့ပတ်သက်ပြီး သက်သောင့်သက်သာနဲ့ လုံခြုံမှုပေးနိုင်တဲ့နေရာတွေ လိုအပ်နေတယ်လို့ထင်တယ်။ အခု လူငယ်မိန်းကလေးတွေ ကိုယ်တိုင်ဒီဇိုင်းဆွဲပြီး စာကြည့်တိုက်နဲ့ ကစားကွင်းငယ် တည်ဆောက်နိုင်ခဲ့တာကြောင့် ကလေးတွေအတွက် လုံခြုံစိတ်ချတဲ့နေရာမှာ စာပေဗဟုသုတရှာနိုင်သလို အပန်းဖြေဆော့ကစားနိုင်တာမြင်ရတော့ အတိုင်းမသိ ဝမ်းသာရပါတယ်" ဟု ရောင်စုံမိန်းကလေးများအဖွဲ့မှ မထက်ထက်ခိုင်က ပြောသည်။

**အများပြည်သူဆိုင်ရာနေရာ ဖန်တီးရေး**

ရောင်စုံမိန်းကလေးများ အဖွဲ့သည် မြို့နယ်အသီးသီးတွင် မိန်းကလေးငယ်များအပြင် တိုင်းရင်းသား လူမျိုးပေါင်းစုံပါဝင်သော ဆယ်ကျော်သက်အဖွဲ့ဖြစ်ပြီး မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အများပြည်သူဆိုင်ရာနေရာများ ဖန်တီးရေးကို ဆောင်ရွက်လျက်ရှိသော ရန်ကုန်အခြေစိုက် လူမှုအကျိုးပြုလုပ်ငန်းအဖွဲ့တစ်ခုဖြစ်သည့် ဒို့အိမ်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ယခုတည်ဆောက်သော စာကြည့်တိုက်နှင့် ကစားကွင်း ဖြစ်မြောက်ရေးအတွက် Spring Accelerator က ထောက်ပံ့ခြင်းဖြစ် ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



**ကစားကွင်း၌ လာရောက်ကစားနေသည့် ကလေးများကို တွေ့ရစဉ်။** ဓာတ်ပုံ -ဉသာ

# ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း အမှတ်စဉ်(၉/ ၂၀၁၉)သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၂**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသည့် ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း အမှတ်စဉ် (၉/၂၀၁၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ ကရဝိက်ဟိုတယ်၌ ကျင်းပသည်။

**အမှာစကား ပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းနာယက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားပြီး သင်တန်းဆရာကြီး၊ ဆရာမကြီးများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**သင်တန်းဆင်းလက်မှတ်များ ပေးအပ်**

ယင်းနောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက သင်တန်းဆင်း ဆရာ ဆရာမများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။




**ဆုများချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဆုများ ချီးမြှင့်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ငါးဆူတောင် - ကြာအင်း - ကမ်းနီ - ဖောင်ကြီးလမ်းပေါ်ရှိ ငမိုးရိပ်ချောင်းကူးတံတားတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ ငါးဆူတောင် - ကြာအင်း - ကမ်းနီ - ဖောင်ကြီးကျေးလက်လမ်းပေါ်ရှိ အရှည် ပေ ၁၇၀ ရှိ ငမိုးရိပ်ချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ရှိသူက တံတားဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**တံတားလုပ်ငန်းသတ်မှတ်ချိန်ပြီးရေး**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေရေး တံတားလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ရန်၊ တံတားအောက်ရေလမ်းကြောင်း ရှင်းလင်းပေးရန် တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

**တံတားကြံ့ခိုင်မှု စစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် - မန္တလေးအမြန်လမ်း (ရန်ကုန်-နေပြည်တော်အပိုင်း) ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မိုင်တိုင်အမှတ် (၁၄၅/၀ နှင့် ၁၄၅/၃)အကြားတွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၉)မှ အရှည်ပေ ၉၉၀ ခပေါင်းချောင်းတံတားကို ကမ်းပြိုကာကွယ်ခြင်းနှင့် တံတားအထက်အောက် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှု **(ဝဲအောက်ပုံ)**နှင့် တံတားကြီးကြံ့ခိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**ဆွာချောင်းတံတားကြည့်ရှု**

ဂင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၁၆၅/၁ နှင့် ၁၆၅ / ၃)အကြားတွင် သဘာဝဘေးဒဏ်ကြောင့် နိမ့်ကျသွားသော အရှည် ပေ ၈၁၀ ရှိ ဆွာချောင်းတံတားအား တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ ပြန်လည်ပြုပြင်ပြီးစီး၍ မော်တော်ယာဉ်များ မေလ ၂၈ ရက်မှစ၍ ဖြတ်သန်းခွင့်ပေးထားသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**အချိန်တိုအတွင်း သွားလာနိုင်**

ယခုအခါ ဆွာချောင်းတံတားပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများပြီးစီး၍ အသွား/အပြန်တံတားပေါ်မှ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာလိုရာခရီးကို အချိန်တိုအတွင်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





# မော်လမြိုင်ကျွန်းမြို့နယ် အခြေခံကျောင်းပေါင်း ၂၈ ကျောင်းအား ကျောင်းအဆင့်တိုးမြှင့်

**မော်လမြိုင်ကျွန်း ဇွန် ၂**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန (နေပြည်တော်) မှ မော်လမြိုင်ကျွန်းမြို့နယ် ပညာရေးဌာန၏ အခြေခံပညာကျောင်း ၂၈ ကျောင်းတို့ကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစပြီး ကျောင်းအဆင့်တိုးမြှင့်လိုက်ပြီဖြစ်သည်။

မော်လမြိုင်ကျွန်း မြို့နယ်အတွင်းရှိ အဆင့်တိုးမြှင့်လိုက်သော အခြေခံပညာကျောင်းများမှာ မူလတန်းကျောင်း(ခွဲ)မှ မူလတန်းကျောင်းအဖြစ် သုံးကျောင်း၊ မူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းအဖြစ် ၁၅ ကျောင်း၊ မူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်း(ခွဲ)အဖြစ် ငါးကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအဖြစ် သုံးကျောင်း၊ အထက်တန်းကျောင်း(ခွဲ)မှ အထက်တန်းကျောင်းအဖြစ် တစ်ကျောင်းနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းမှ မူလတန်းကျောင်း(ခွဲ)အဖြစ် တစ်ကျောင်းတို့ကို ကျောင်းအဆင့်တိုးမြှင့်ကြောင်း သိရသည်။ **မော်ကျွန်း-မြင့်အောင်**

❖ *ရှေ့ဖုံးမှ*

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၏ နည်းပညာအကူအညီဖြင့် ဤစခန်းအစီအစဉ်ကို ဖွင့်လှစ်ခြင်းဖြစ်ပြီး ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ် ၁၄ ခုမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၉ ဦးတို့ တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၊ Gold Medal Hall တွင် ကော်မရှင်အတွင်းရေးမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးထင်ကျော်က စခန်းဝင်ချိန် ငါးရက်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါလူငယ်စခန်း၌ လူငယ်ထုအတွင်း ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ အသိပညာပြန့်ပွားရေးနှင့် အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း




"ဖြောင့်မတ်တည်ကြည်မှု"လူငယ်စခန်း ၂၀၁၉ သို့ ရောက်ရှိလာသောလူငယ်များအား တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

(UNCAC)နှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများကို ပြည်တွင်းပြည်ပ ပညာရှင်များက နေပြည်တော် သင်္ဂဟဟိုတယ်တွင်လည်းကောင်း၊ သင်တန်းသားများ တစ်ဦးချင်းနှင့် အဖွဲ့လိုက် လက်တွေ့လှုပ်ရှားဆောင်ရွက်ခြင်းများကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၊ Gold Medal Hall တွင်လည်းကောင်း လေ့ကျင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ၏ လှူဒါန်းမှုဖြင့် စမ်းစုနှင့်အင်ချောင်းကျေးရွာများ၌ စက်ရေတွင်းနှင့် ရေဂါလန် ၂၄၀၀ ဆံ့ ကွန်ကရစ်ရေစင်တည်ဆောက်

**နေပြည်တော် ဇွန် ၂**

နိုင်ငံတော်သမ္မတ၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် ချောက်မြို့နယ် မြေပဒုံကျေးရွာအုပ်စု စမ်းစုကျေးရွာ၌ ၄ လက်မ စက်ရေတွင်းနှင့် ကွန်ကရစ်ရေစင် တည်ဆောက်နေမှု လုပ်ငန်းများအား ဇွန် ၁ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လိုအပ်ချက်များ ဆွေးနွေးမှာကြားကြသည်။

အလားတူ နိုင်ငံတော်သမ္မတ၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်အုပ်စု အင်ချောင်းကျေးရွာ၌ စက်ရေတွင်းနှင့် ရေစင်တည်ဆောက်နေမှုကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်း၌ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

စမ်းစုကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူတူးဖော်တည်ဆောက်လျက်ရှိသည့် ၄ လက်မ စက်ရေတွင်းမှာ တွင်းတူးအနက် ပေ ၇၂၀၊ ပိုက်ချအနက် ပေ ၇၀၀ ရှိပြီး 7.5Hp Submersible Pump တပ်ဆင်ထား၍ တစ်နာရီ ဂါလန် ၁၅၀၀ ရေတင်နိုင်ကြောင်း၊ ကွန်ကရစ်ရေစင်မှာ ရေဂါလန် ၂၄၀၀ သိုလှောင်နိုင်ကာ 10KW ပါဝါမီတာ တပ်ဆင်မှုအပါအဝင် စက်ရေတွင်းရေစင် တည်ဆောက်မှု ကုန်ကျငွေစုစုပေါင်း ငွေကျပ် ၁၉ ဒသမ ၈၁ သန်းရှိကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းမှ အိမ်ခြေ ၉၆ အိမ်၊ လူဦးရေ ၄၃၇ ဦးတို့၏ သောက်သုံးရေကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

အင်ချောင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူတူးဖော်တည်ဆောက်လျက်ရှိသည့် ၄လက်မ စက်ရေတွင်းမှာ တွင်းတူးအနက် ပေ ၇၅၀၊ ပိုက်ချအနက် ပေ ၇၄၀ ရှိပြီး 7.5Hp Submersible Pump တပ်ဆင်ထား၍ တစ်နာရီဂါလန် ၂၀၀၀ ရေတင်နိုင်ကြောင်း၊ ကွန်ကရစ်ရေစင်မှာ ရေဂါလန် ၂၄၀၀ သိုလှောင်နိုင်ကာ 10KW ပါဝါ မီတာတပ်ဆင်မှုအပါအဝင် စက်ရေတွင်း ရေစင်တည်ဆောက်မှု ကုန်ကျငွေစုစုပေါင်း ငွေကျပ် ၂၃ ဒသမ ၁၈၇ သန်း ရှိကြောင်း၊ အဆိုပါ ရေရရှိရေး လုပ်ငန်းမှ အိမ်ခြေ ၄၆၀၊ လူဦးရေ ၂၂၀၀ တို့၏ သောက်သုံးရေကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများ ချောက်မြို့နယ် စမ်းစုကျေးရွာ၌ တူးဖော်ထားသည့် စက်ရေတွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး ရမ်းတိုလာတံတားဖွင့်ပွဲနှင့် ကလေးသူငယ်ပြုစုစောင့်ရှောက်သူများ တွေ့ဆုံပွဲသို့ တက်ရောက်

နေပြည်တော် ဇွန် ၂

**ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးရိုးကျေးရွာအုပ်စု၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့်တည်ဆောက်ထားသော ရမ်းတိုလာ ကျေးရွာချင်းဆက် တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။**

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်နော်ပွယ်ဆေးတို့က တံတားကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၌ ကျေးလက်တွင်နေထိုင်သူ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံလူထုအနေဖြင့်လည်း ဆန်စပါးနှင့်ပဲစိုက်ပျိုးသည်ကို သိရှိရကြောင်း၊ ကုန်ထုတ်ပစ္စည်းများကို လွယ်ကူစွာ သယ်ပို့နိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ ယခု ကျေးရွာချင်းဆက်တံတားဖြစ်သော ရမ်းတိုလာတံတားသည် အရေးပါသော ကုန်ထုတ်လမ်းတံတား တစ်ခုဖြစ်ကြောင်း၊ ယခုတံတားသည် အခက်အခဲများကြားမှ ဒေသခံ ပြည်သူများက ပူးပေါင်းဆောင်ရွက်သဖြင့် ဖြစ်ပေါ်လာသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ကျခံသုံးစွဲခဲ့ခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း လိုအပ်သည်များကို ပူးပေါင်းပါဝင်ကူညီခဲ့မှုကြောင့် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်းဆုံးရလဒ်ရရှိနိုင်သည်ကို ဤတံတားက သက်သေထူနိုင်ခဲ့ပါကြောင်း၊ ဤရွာချင်းဆက်တံတားသည် ရွာပေါင်း ၂၀ ကျော်အတွက် အကျိုးပြုမည်ဟု သိရှိရပါကြောင်း၊ ကုန်စည်စီးဆင်းမှုသည်လည်း ပိုမိုကောင်းမွန်သွားမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ အနေဖြင့်လည်း တံတား ရေရှည်တည်တံ့ခိုင်မြဲအောင် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါတံတားသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေမှ ငွေကျပ် ၅၇ သန်းနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် ငါးသန်း စုစုပေါင်းငွေကျပ် ၆၂ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့ မြို့နယ်ခန်းမ၌ ညောင်လေးပင်မြို့နယ်အတွင်းရှိ ကလေးသူငယ်ပြုစုစောင့်ရှောက်သူများ၊ မိဘများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပဋိသန္ဓေတည်သည်မှ သက်ကြီးဘိုးဘွားအထိ လူ့ဘဝစက်ဝန်းတစ်လျှောက် လူတစ်ဦးချင်း၊ တစ်ယောက်ချင်း၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ရေးကဏ္ဍကို အာရုံစိုက်လုပ်ဆောင်လျက်ရှိရာ ယနေ့ကလေးငယ်များသည် အနာဂတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်များကို လက်ဆင့်ကမ်းယူရမည်ဖြစ်ပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်များ ပြုစုစောင့်ရှောက်ခြင်းသည် အနာဂတ်အတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ ကိုယ်ဝန်စရှိချိန်မှ ကလေး နှစ်နှစ်အထိ မိခင်များကို ငွေကြေးများ ထောက်ပံ့ပေးခြင်း (Maternal and Child Cash Transfer Program) ကို ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက တစ်ကိုယ်ရေမိခင်မှမွေးဖွားလာသူများအား မှတ်ပုံတင်ပြုလုပ်ပေးမည့်ကိစ္စ၊ မွေးစာရင်းကိစ္စ၊ မသန်စွမ်းမွေးဖွားလာလျှင် ရေရှည်စောင့်ရှောက်နိုင်ရေးနှင့် အစိုးရကတာဝန်ယူမည့်ကိစ္စများ၊ ညွှန်းပို့ရန်ကိစ္စများကို ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပဲခူး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ပွင့်တန်ဆာမြို့နယ်များမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သဘာဝဘေး ကူညီကယ်ဆယ်ရေး ပရဟိတအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးက ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးဖြစ်ပွားခဲ့မှုများ၊ ကြိုတင်ပြင်ဆင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာနမှ ဌာနကြီးမှူးက သဘာဝဘေးများနှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်မှု၊ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ချောင်းရေတိုက်စားမှုအခြေအနေများ၊ အရေးပေါ်အခြေအနေတွင် လက်တွေ့ဆောင်ရွက်ရာ၌ တွေ့ကြုံရသော အခက်အခဲများနှင့် ပတ်သက်ပြီး တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ် စည်ပင်ကျေးရွာတွင် မြေသားရေကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ငါးကြီးအိုင် ကျေးရွာမြေသား ရေကန်ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စုစုပေါင်းငွေကျပ် ၃၅ သိန်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိ သူများက လက်ခံရယူကြပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး ရမ်းတိုလာကျေးရွာချင်းဆက် ကုန်ထုတ်တံတားအား ကြည့်ရှုစစ်ဆေးစဉ်။

# ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုကျေးရွာများ ငမြှောင်တောင်ပိုးကြောင့် ပြောင်းမစိုက်နိုင်

**ညောင်ဦး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု ကျေးရွာများ တစ်နှစ်ပတ်လုံးပြောင်းဖူးစိုက်ပျိုးခြင်းဖြင့် အဆင်ပြေလာရာမှ ယခုနှစ် နွေရာသီမှစတင်ကာ ငမြှောင်တောင်ပိုးကျရောက်လာခြင်းကြောင့် ပြောင်ဖူးစိုက်ပျိုးရောင်းချလာသည့် တောင်သူများ မစိုက်ပျိုးတော့ကြောင်း ပြောင်းဖူးပွဲစား ဦးဝင်းတင်က ပြောသည်။

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု သရက်ကုန်းကျေးရွာ၊ လက်ပံခြေပေါ်ကျေးရွာ၊ ကတောကျေးရွာ၊ တောင်ဖက်ဝန်းကျေးရွာများနှင့် သစ်ထောင့်အုပ်စု သစ်ထောင့်ကျေးရွာတို့သည် နှစ်ပတ်လည် ပြောင်းဖူးစိုက်ပျိုးရောင်းချခြင်းဖြင့် ညောင်ဦး၊ ပုဂံ၊ ပခုက္ကူ၊ မြင်းခြံ၊ တောင်သာ၊ ငါ့သရောက်မြို့တို့မှ စားသုံးသူများအတွက် ရောင်းချပေးနိုင်ခြင်းနှင့် ရန်ကုန်၊ မန္တလေး မြို့များသို့ ပြောင်းဖူးပွဲစားများ တင်ပို့ရောင်းချခြင်းဖြင့် ပြောင်းဖူးစိုက်တောင်သူများ အဆင်ပြေလာရာမှ ယခုနှစ် နွေရာသီမှ စတင်ကာ မစိုက်ပျိုးတော့ကြောင်း သစ်ထောင့်ကျေးရွာနေ ဒေါ်လှက ပြောသည်။

လက်ပံခြေပေါ်အုပ်စုကျေးရွာများသည် နွေ၊ မိုး၊ ဆောင်း ပြောင်းဖူးစိုက်ပျိုးခြင်းဖြင့် ညောင်ဦး-မြင်းခြံကားလမ်းမဘေးတွင် ပြောင်းဖူးပွဲစားများမှ လာရောက်ဝယ်ယူကြကာ မြစ်ရေတင်ဖြင့် ပြောင်းဖူးစိုက်ပျိုးခြင်း၊ မြေအောက်ရေအသုံးပြုစိုက်ပျိုးခြင်းများဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရောင်းချလာခဲ့ရာ ငမြှောင်တောင်ပိုးကျရောက်လာခြင်းကြောင့် စိုက်ပျိုးမှုမပြုတော့ကြောင်း တောင်ဖက်ဝန်းကျေးရွာ ဦးမင်းညိုက ပြောသည်။

ငမြှောင်တောင်ပိုးကျရောက်ခြင်းကြောင့် ပြောင်းဖူးပင်များ အပင်စတင်ဖြစ်ကတည်းက အရွက်များကိုက်ဖြတ်ခံရခြင်း၊ ပြောင်းဖူး စဖူးသည်နှင့် ပြောင်းဖူးထိပ်အတွင်း ငမြှောင်တောင်ပိုး စတင်ဝင်ရောက်ကာ ပြောင်းဖူးစေ့(ပုတီးစေ့) စတင်ဖွံ့ဖြိုးလာသည်နှင့် တစ်ပြိုင်နက် ငမြှောင်တောင်ပိုးမှစတင်ကာ ပြောင်းဖူးတစ်ဝက်ခန့်အထိ ကိုက်ဖြတ်စားသောက်ကြောင်းနှင့် ပြောင်းဖူးများရင့်လာလျှင် ရောင်းတန်းဝင်ပြောင်းဖူးမဖြစ်တော့ဘဲ ဈေးကောင်းမရသည့် ပြောင်းဖူးအဆင့်သာ ရရှိတော့သောကြောင့် ပြောင်းဖူးနှစ်ပတ်လည်စိုက်ပျိုးလာသည့် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာတွင် ပြောင်းဖူးစိုက်ပျိုးမှု မရှိသလောက် နည်းလာကြောင်း ပြောင်းဖူးပွဲစား ဦးဝင်းတင်က ပြောသည်။

**မောင်မောင်ထိန်-ကျောက်ပန်းတောင်း**

# တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဇွန် ၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှအားအသင့်အတင့်ရှိနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မြန်မာ့အလင်း**

# မြန်မာ့စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် စက်သုံးဆီသိုလှောင်ကန် ဆီတင်၊ ဆီချ ဆိပ်ခံတံတားနှင့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှု စခန်းဖွင့်ပွဲကျင်းပ

မန္တလေး ဇွန် ၂

**မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု အိုးတုတ္တန်းလမ်းတွင် မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MESDP Co., Ltd) မှ တည်ဆောက်ခဲ့သော စက်သုံးဆီသိုလှောင်ကန် ဆီတင်၊ ဆီချ ဆိပ်ခံတံတားနှင့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှု စခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် စက်သုံးဆီသိုလှောင်ကန် ဆီတင်၊ ဆီချ ဆိပ်ခံတံတားနှင့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှုစခန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က မန္တလေးမြို့ အခြေပြု၍ ဆီလုပ်ငန်းလုပ်ကိုင်နေကြသော လုပ်ငန်းရှင်များ ဆောင်ရွက်နေမှုအခြေအနေ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်ပြီး အမှာစကားများ ပြောကြားခဲ့ကြသည်။ ယင်းနောက် MESDP ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်ပြီး ဦးအောင်ဖြိုးက စီမံကိန်းစတင်ဆောင်ရွက်ခဲ့ပုံနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ဦးစောမြင့်အောင်က မီးငြိမ်းသတ်မှုစနစ်များ ပြည့်စုံစွာတပ်ဆင်ထားရှိမှု သရုပ်ပြမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အဖွဲ့ဝင်များ၊ MESDP ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စခန်းဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းတင်ကမ္ပည်းကျောက်စာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ထားပြီးဖြစ်သည့် စက်သုံးဆီသိုလှောင်ကန်၊ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှုအခန်း၊ ဆီတင်၊ ဆီချ ဆိပ်ခံတံတားတို့ တည်ဆောက်ပြီးစီးနေမှုနှင့် မီးဘေးအန္တရာယ်အတွက် စီစဉ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုရာ ကုမ္ပဏီမှ တာဝန်ရှိသူများက ဆောင်ရွက်လုပ်ကိုင်နေမှုများကို ရှင်းလင်းတင်ပြသည်။

**တစ်ဂါလန် နှစ်ကျပ်နှုန်းကောက်ခံ**

မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်သည် အမရပူရမြို့နယ် အိုးတုတ္တန်းလမ်းရှိ မြေ ၃၇ ဧကပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး ဆီလုပ်ငန်းရှင် ၅၁ ဦးတို့က ရင်းနှီးထည့်ဝင်ထားခြင်းဖြစ်ကြောင်း သိရသည်။ လိုအပ်သောမြေယာများအား ဒေသခံများထံမှ ခေတ်ကာလပေါက်ဈေးအရ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး မူလမြေပိုင်ရှင်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပျောက်ပျက်မသွားစေရန် မြေယာတန်ဖိုး၏ ၄၀ ရာခိုင်နှုန်းကို ပြန်လည်ရင်းနှီးမြှုပ်နှံခွင့် ပြုပေးခဲ့ကြောင်း၊ လုပ်ငန်းရှင်များ အရောင်းအဝယ်ပြုလုပ်ရာမှ ရရှိလာမည့်အကျိုးအမြတ်များထဲမှ ဆီတစ်ဂါလန်လျှင် နှစ်ကျပ်နှုန်းကောက်ခံပြီး တစ်နှစ်လျှင် ကျပ်သိန်းပေါင်း ခြောက်ထောင်ခန့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးမြ (မန္တလေး)**

# အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ထူးချွန်ဆုရသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

**လွိုင်ကော် ဇွန် ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)ရှိ မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သင်တန်းတက်ရောက်မည့် သင်တန်းသား သင်တန်းသူများနှင့် ၎င်းတို့၏မိဘများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် စာပေထူးချွန်ဆုနှင့် အားကစားထူးချွန်ဆုရကျောင်းသူနှစ်ဦးကို ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်) ကျောင်းအကျိုးတော်ဆောင် ရန်ပုံငွေအတွက် အလှူရှင်များက စုစုပေါင်း ငွေကျပ်သိန်း ၉၀ကျော် ထည့်ဝင်လှူဒါန်းခဲ့ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၌ အားကစားနည်း ၁၀ မျိုးတွင် အမျိုးသား ၆၅ ဦး၊ အမျိုးသမီး ၇၄ ဦး၊ စုစုပေါင်း ၁၃၉ ဦး တက်ရောက်လျက်ရှိပြီး ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းတွင် အားကစားနည်း ၁၀ မျိုးတွင် စုစုပေါင်း အမျိုးသား ၃၇ ဦး၊ အမျိုးသမီး ၃၂ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**လွိုင်ကော်သား**

# နေပြည်တော် တပ်မတော်စစ်သမိုင်းပြတိုက်၌ တပ်မတော်သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**နေပြည်တော် ဇွန် ၂**

တပ်မတော်သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ပြုလုပ်ရာ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ် ထွန်းထွန်းညီ၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်း ရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများ စုစုပေါင်း သတင်းဌာန ၃၀ မှ သတင်းထောက်များ တက်ရောက်ကြသည်။ **(ယာပုံ)**



သတင်းစာရှင်းလင်းပွဲတွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်မှ ထုတ်ပြန်ချက်ပြုလုပ်ပြီးနောက်ပိုင်း လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေအနေများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း NSCN(K) နှင့် ဆက်စပ်အဖွဲ့များမှ ဖမ်းဆီးရရှိမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ဆောင်ရွက်မှု၊ တပ်မတော်အနေဖြင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေအလိုက် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)တို့မှ လေ့ကျင့်ရေးဆောင်ရွက်မှု၊ အာဆီယံ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ တပ်မတော်မှ လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်နိုင်ရေးဆောင်ရွက်ပေးမှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကိုမေးမြန်းကြရာ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး မေးမြန်းဖြေကြားမှုအပြည့်အစုံကို မြဝတီမီဒီယာ (You Tube Channel) တွင် ဗီဒီယိုဖိုင်အား ကြည့်ရှုနိုင်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# သစ်ပင်စိုက်မလား... အပူဒဏ်ကို ဆက်ပြီးခံကြမလား

စုသက်မှူး (မရမ်းကုန်း)

**မြန်မာနိုင်ငံမှာ ဧပြီလမကုန်ခင်လောက်က အပူချိန်တွေအလွန်မြင့်တက်လို့ ပူလွန်းတယ်ဆိုတဲ့အသံတွေ လူမှုကွန်ရက်စာမျက်နှာတွေမှာ မရှောင်နိုင်အောင် တွေ့မြင်ရ ကြားသိနေရပါတယ်။ ရန်ကုန်မြို့လို နေရာမျိုးမှာတောင် အပူချိန် စံချိန်သစ်တင်ခဲ့တာတွေလည်း တွေ့ရပါတယ်။ အဲဒီအခါ လူတွေ ကြောက်အားလန့်အား ရေးကြ ပြောကြတာက သစ်ပင်တွေစိုက်ပါ သစ်ပင်တွေစိုက်ပါဆိုတာမျိုး တွေ့ရသလို သစ်တောတွေကို အပြောင်ရှင်းသွားတဲ့လူတွေကို အပြစ်တင်တဲ့စာတွေ ရေးကြတာ တွေ့ရပါတယ်။**



ကျွန်မတို့အနေနဲ့ သစ်တောသစ်ပင်လေးတွေကို အရင်ကထက်ပိုပြီး ထိန်းသိမ်းမယ်၊ စိုက်ပျိုးမယ်၊ ပြုစုမယ်ဆိုရင် နောက်ငါးနှစ်မကြာပါဘူး။ ရာသီဥတု တဖြည်းဖြည်းပြောင်းလဲလာမှာပါ။ မြန်မာပြည်သူတွေအကုန်လုံး သစ်ပင်သစ်တော စိုက်ပျိုးမှုတွေကို ပြန်လည်လုပ်သင့်ပြီဆိုတာကို သတိပေးချင်ပါတယ်။

နာဂစ်ဖြစ်ပြီးတာ ဆယ်စုနှစ်ပြည့်ခဲ့ပေပြီ။ သစ်ပင်သစ်တောတွေ ပြုန်းတီးခဲ့လို့ သဘာဝရာသီဥတုရဲ့ဒဏ်ကို အတော်လေး အလူးအလဲခံလိုက်ရပါတယ်။ ပိုဆိုးတာက နာဂစ်ကြောင့် ရှိနေတဲ့အပင်တွေလည်း အတော်လေး လဲပြိုကျလို့ ခုတ်လှဲခံလိုက်ရပါတယ်။ အထူးသဖြင့် ရန်ကုန်မြို့လယ်မှာ သစ်ပင်ကြီးကြီးမားမားဆိုတာကို မမြင်ဖူးလောက်အောင် ဖြစ်သွားရပါတယ်။ နာဂစ်နဲ့အတူ အပင်ကြီးမှန်သမျှ လက်စတုန်းသွားခဲ့ပါတယ်။ အဲဒီသစ်ပင်ကြီးတွေနေရာ သစ်ပင်ငယ်တွေ ထပ်မံဖြစ်ပေါ်လာပါသလား။ စာရေးသူတော့ မတွေ့မိသေး။ ခေတ်မီမြို့ပြ အဆောက်အအုံတွေ ဆောက်လုပ်မှုနဲ့အတူ သစ်ပင်ကြီးငယ်ဟူသမျှ ခုတ်လှဲခံနေရပါတယ်။ သစ်ရိပ်ဝါးရိပ်ဆိုတာ မရှိတော့။ ဒီတော့ သဘာဝပတ်ဝန်းကျင်ရဲ့ဖောက်လွဲဖောက်ပြန်မှုကို မြို့နေလူထုတွေ ခံနေရပါတယ်။ ရန်ကုန်တစ်မြို့တည်းမဟုတ်။ မြန်မာတစ်နိုင်ငံလုံး ရာသီဥတု ပူပြင်းမှုဒဏ်ကို ခံစားနေရပါတယ်။

**အိန္ဒိယနိုင်ငံရဲ့ပတ်ဝန်းကျင်ထိန်းသိမ်းမှု**

အိန္ဒိယနိုင်ငံကို စာရေးသူ ၂၀၁၈ ခုနှစ်တုန်းက ရောက်ခဲ့ဖူးပါတယ်။ လေထုညစ်ညမ်းမှုဖြစ်နေလို့ ဘဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ပြန်လည်ပြုလုပ်နေတယ်လို့ ဆိုပါတယ်။ နယူးဒေလီမြို့လယ်ကောင်တစ်လျှောက် ကားနဲ့သွားကြည့်မိပါတယ်။ မြို့လယ်နေရာတော်တော်များများမှာ သစ်ပင်ကြီးငယ်တွေ စိုက်ထားတာတွေ့ရပါတယ်။ အထူးသဖြင့် ပန်းခြံလိုနေရာမျိုးမှာ သစ်ပင်ကြီးငယ် တော်တော်များများ စိမ်းစိုပြီး သစ်တောအုပ်လေးလို ဖြစ်နေပါတယ်။လက်ရှိအနေအထားထက် ပိုပြီးအပူဒဏ်မခံစားရအောင်၊ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင်လုပ်တဲ့အနေနဲ့ သစ်ပင်ခုတ်ခြင်းမျိုး မပြုလုပ်နိုင်အောင် ဥပဒေကို ပြင်းပြင်းထန်ထန် ချမှတ်ထားတယ်လို့ သိခွင့်ရခဲ့ပါတယ်။

**တရုတ်နိုင်ငံမှ မြို့ပြသစ်တော**

တရုတ်နိုင်ငံကိုလည်း စာရေးသူ ၂၀၁၉ ခုနှစ်မှာ ရောက်ခဲ့ပြန်ပါတယ်။ ပေကျင်းမြို့တစ်ခွင်နဲ့ ယူနန်ပြည်နယ်ဘက်တွေကို လေ့လာလည်ပတ်ခွင့်ရခဲ့ပါတယ်။ တရုတ်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းမှုက လက်ဖျားခါလောက်ပါတယ်။ သစ်ပင်ကြီးတွေကို နေရာတိုင်းတွေ့ရပါတယ်။ လမ်းဘေးပလက်ဖောင်းတစ်လျှောက် သစ်ပင်တန်းလေးနဲ့ တကယ့်ကို သာယာလှပါတယ်။ တချို့သစ်တောစိုက်ခင်းများကို ကားနဲ့သွားရင်း မြင်ရပြန်တော့လည်း တောင်ကတုံးဆိုတာ မတွေ့ရဘဲ သစ်တောအုပ်စိမ်းစိမ်းစိုစိုနဲ့ တကယ့်ကို သစ်တောတွေက ရှင်သန်ကြီးထွားနေပါတယ်။

သစ်ပင်သစ်တော ပေါများပါတယ်ဆိုတဲ့ မြန်မာနိုင်ငံကလာတဲ့သူတောင် သူတို့နိုင်ငံရဲ့ သစ်ပင်သစ်တောပေါက်ရောက်မှု၊ သစ်ပင်သစ်တောထိန်းသိမ်းမှုများကို လက်ဖျားခါအောင် ချီးကျူးမိပါတယ်။ မြို့လယ်ကောင်က လမ်းတွေမှာတင် သစ်ပင်အုပ်ထူထူတွေက တောတန်းကြီးအလား စိမ်းစိုပြီး သာယာလှပနေပါတယ်။ ပြောရင် ပိုလွန်းသည်ဟု ထင်မည်။ မထင်ပါနှင့်။ တရုတ်နိုင်ငံရှိ လမ်းဘေးပလက်ဖောင်းတစ်လျှောက် တော်တော်များများမှာ သစ်ပင်ကြီးတွေနှင့် စိမ်းစိုလှပါတယ်။

**အားကျအတုယူဖွယ်ဖြစ်**

ခေတ်မီမြို့ပြတည်ဆောက်မှုနဲ့အတူ သဘာဝပတ်ဝန်းကျင်ဆုံးရှုံးမှုများကို အတတ်နိုင်ဆုံးကာကွယ်ဖို့ သူတို့အစိုးရနဲ့အတူ ပြည်သူများကပါ ပါဝင်ဆောင်ရွက်နေကြသည်က အားကျအတုယူစရာကောင်းလှပါတယ်။ အပွင့်တွေပွင့်နေတဲ့ ပန်းပင်ကိုလည်း ခူးယူသူမရှိ။ ယုတ်စွအဆုံး လမ်းဘေးမှာ အလေ့ကျပေါက်နေတဲ့ သဘာဝပေါက်ပင်ကိုတောင် ခူးယူသူမရှိ။ တချို့နိုင်ငံခြားသားတွေက မသိလို့ လမ်းဘေးကအပွင့်လှတဲ့ ပန်းပင်လေးတွေကို ခူးမိတယ်ဆိုရင်တောင် တာဝန်ရှိသူက လာပြီးတားပါတယ်။ ဒါတောင် လမ်းဘေးက တန်ဖိုးမရှိဘူးလို့ ထင်ရတဲ့ ပန်းကလေးတစ်ပွင့်ကိုတောင် တန်ဖိုးထားတာတွေ့ရတော့ သူတို့နိုင်ငံမှာ သစ်တောသစ်ပင်တွေနဲ့ စိမ်းစိုသာယာလှပလာတာ အထူးပြောဖွယ်ပင်မရှိ။ သဘာဝပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်ရေးလုပ်ငန်းများကို အထူးပြု ပြုလုပ်ပေးဖို့ လူထုကလိုလားသလို အစိုးရကလည်း ဒီကိစ္စကို နိုင်ငံတော်အဆင့် အစည်းအဝေးများတွင်ပင် အရေးတယူ ထည့်သွင်းပြောကြားကြတာကို တွေ့ရပါတယ်။

လမ်းဖောက်ဖို့လိုအပ်တဲ့နေရာမှာ တောင်ခံနေရင်တောင် အဲဒီတောင်ကိုမဖြိုဘဲနဲ့ တောင်အောက်ကနေ ဥမင်လိုလမ်းဖောက်ပြီး လမ်းကိုခင်းသွားပါတယ်။ တောင်က တောင်အလှကျန်နေပြီး တောင်ပေါ်မှာ ပေါက်ရောက်နေတဲ့ သစ်တောကလည်း သူ့ဘာသာရှိနေပါတယ်။ လမ်းတစ်လျှောက်မှာ အလှသစ်ပင်တွေဖြစ်တဲ့ နှင်းဆီလို အပင်တွေကို စိုက်ပျိုးပေးထားသလို အရိပ်ရသစ်ပင်ကြီးများကလည်း မြင့်မြင့်မားမားနဲ့ ခုတ်လှဲတာ မတွေ့ရ။ လမ်းနဲ့မလွတ်ကင်းတဲ့ အပင်မျိုးဆိုရင်တောင် ဘယ်လိုလွတ်အောင်ခုတ်မလဲဆိုတာတွေးပြီး သစ်ပင်ကို ခုတ်လှဲပစ်တာမျိုးမလုပ်ဘဲ လှပအောင် ပုံစံဖော်ပြီး လိုအပ်တာကိုပဲ ခုတ်ထစ်ပြီး ပုံဖော်ခုတ်ထွင်သွားတာမျိုး တွေ့ရပါတယ်။ လူစည်ကားရာ နေရာတိုင်းမှာလည်း ပန်းခြံလိုနေရာတွေ လုပ်ပေးထားပြီး သစ်ပင်ကြီးငယ်မျိုးစုံကို စိုက်ပျိုးပေးထားပါတယ်။ သစ်ပင်စိုက်လို့ရသည့်နေရာတိုင်း သစ်ပင်စိုက်ပျိုးပေးထားတာကို တွေ့ရပါတယ်။ ဒါ့ကြောင့်လည်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ သစ်ပင်ပြန်လည်စိုက်ပျိုးမှုများကြောင့် ကမ္ဘာမြေကြီး ပြန်လည်စိမ်းစိုလာပြီဟု ထုတ်ပြန်ချက်တွေ ထုတ်ပြန်လာတာကို တွေ့ရတာဖြစ်ပါတယ်။

**စိမ်းလန်းလာသောမြို့တော်**

ဒီနေရာမှာ တရုတ်နိုင်ငံအတွင်းက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်အောင် ပြုလုပ်တဲ့ ဒေသအတော်များများထဲက ကွမ်ရှီးဒေသရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ပြောပြချင်ပါတယ်။ ကွမ်ရှီးဒေသဟာ တရုတ်နိုင်ငံအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုထဲက တစ်ခုဖြစ်ပြီး ကွမ်ရှီးကျွမ့်လူမျိုး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုလည်းဖြစ်ပါတယ်။

အခုဆိုရင် ၂၀၁၉ ခုနှစ်ထဲမှာ ကွမ်ရှီးဒေသတည်ထောင်ခြင်း နှစ် (၆၀) ပြည့်ခဲ့ပါပြီ။ ကွမ်ရှီးပြည်နယ်က တရုတ်ပြည်ရဲ့တောင်ဘက်ပိုင်းမှာရှိတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ဗီယက်နမ်နဲ့ ထိစပ်လျက်ရှိပြီး ယူနန်ပြည်နယ်ရဲ့အနီးမှာရှိသလို မြန်မာနိုင်ငံက ကချင်ပြည်နယ်နဲ့လည်း လတ္တီတွဒ်လောင်ဂျီကျူတွေအရ တစ်တန်းထဲမှာရှိတယ်လို့ သိရပါတယ်။

ကွမ်ရှီးဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ဆယ်စုနှစ်လောက်ကတည်းက တိုးတက်ဖို့ကြိုးစားရုန်းကန်ခဲ့ရတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလေးတစ်ခုဖြစ်ခဲ့ပါတယ်။ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ကြိုးစားရင်း သဘာဝပတ်ဝန်းကျင်များ ညစ်ညမ်းမှုဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့် ခေါင်းဆောင်ကြီး တိန်းရှောင်ဖိန်လက်ထက်မှာ ခေါင်းဆောင်ကြီးက ကွမ်ရှီးကိုလာရင်း သဘာဝပတ်ဝန်းကျင် ပျက်စီးနေတာကို တွေ့သွားပြီး လှပတဲ့ရေမြေတောတောင်တွေကို ပျက်စီးအောင် မလုပ်သင့်ဘူးလို့ ပြောသွားတဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ပြန်လည်ပြုလုပ်လိုက်တဲ့အခါ သဘာဝပတ်ဝန်းကျင် ပြန်လည်စိမ်းစိုလာပြီး သစ်ပင်သစ်တောတွေကို ပြန်လည်ထိန်းသိမ်းလာနိုင်ခဲ့သလို ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ စိမ်းလန်းမြို့တော်အဖြစ် လူသိများလာခဲ့ပါတယ်။ ကွမ်ရှီးရဲ့မြို့တော် နန်နင်းမြို့ကလည်း နာမည်ကြီး မြို့တစ်မြို့ဖြစ်လာပါတယ်။ နန်နင်းမြို့ဟာ သစ်တောသစ်ပင်များနဲ့ ဖုံးလွှမ်းနေပြီး မြို့လှပသာယာရေးနဲ့ စိမ်းလန်းစိုပြည်ရေးကို ဂရုစိုက်ခဲ့သလို ပတ်ဝန်းကျင်ညစ်ညမ်းမှုနဲ့ သစ်ပင်သစ်တော စိမ်းလန်းစိုပြည်မှုများကို ထိန်းသိမ်းမှုမှာ အထူးနာမည်ကြီးလာပါတယ်။

ကွမ်ရှီးမှာ နာမည်အကြီးဆုံးက ကွေ့လင်ဖြစ်ပြီး အဲဒီမှာရှိတဲ့ လင်ကျန်းမြစ်ဟာလည်း သာယာလှပလွန်းလှပါတယ်။ အရင်တုန်းကတော့ စက်မှုဇုန်တွေကြောင့် ပျက်စီးခဲ့ရတဲ့ သဘာဝပတ်ဝန်းကျင်က ပြန်လည်ပြုပြင်ထိန်းသိမ်းမှုတွေ လုပ်တဲ့အခါမှာ ပြန်လည်စိမ်းစိုပြီး သာယာလှပမှုဖြစ်လာတာကို လူအများ အံ့သြချီးကျူးလာကြပါတယ်။

အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရင်း ကွေ့လင်ဒေသကို Tourist Attraction နေရာတစ်ခု ဖြစ်လာအောင်အထိ ဖန်တီးလာနိုင်ခဲ့ပါတယ်။ နှစ်စဉ်နှစ်တိုင်း နိုင်ငံခြားသားများစွာနဲ့ တရုတ်လူမျိုးများစွာ ကွေ့လင်ဒေသကို လာရောက်လည်ပတ်ကြပြီး လင်ကျန်းမြစ်တစ်လျှောက်က သဘာဝပတ်ဝန်းကျင်အလှကို လာရောက်ကြည့်ရှုကြပါတယ်။ ကွေ့လင်ဒေသဟာ ကွမ်ရှီးမှာ အလှဆုံးနေရာဖြစ်လာပြီး ကွေ့လင်မှာရှိတဲ့ ရှုခင်းတွေရဲ့သာယာလှပမှုတွေဟာ ကမ္ဘာပေါ်မှာ သူနဲ့တူတဲ့ နေရာတစ်ခု မရှိနိုင်ပါဘူးလို့ ရောက်ဖူးတဲ့သူတွေက တင်စားပြီးပြောကြသည်အထိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ပြုလုပ်လာနိုင်ခဲ့တာ တွေ့ရပါတယ်။

**ခရီးသွားဒေသအဖြစ်ပါ ဖော်ဆောင်**

သူတို့အစိုးရအနေနဲ့ သဘာဝပတ်ဝန်းကျင်ကို ပြန်လည်စိမ်းစိုသာယာလှပအောင် လုပ်ရင်း ခရီးသွားဒေသတွေကို ဖော်ထုတ်ခဲ့ သလို မြို့ပြတည်ဆောက်ရေးလုပ်ငန်းတွေကို လည်း တစ်ပြိုင်တည်း ပြုလုပ်ခဲ့တဲ့အတွက် ဆယ်စုနှစ်တာကာလအတွင်းမှာ နန်နင်းမြို့တစ်ဝိုက် ပတ်ဝန်းကျင်က တစ်ဟုန်ထိုး ပြောင်းလဲပြီး ဆက်တိုက်ဖွံ့ဖြိုးတိုးတက်လာပါတယ်။ ဘယ်လောက်အထိတိုးတက်မှုဖြစ်လာသလဲဆိုရင် လွန်ခဲ့တဲ့ ဆယ်စုနှစ်က ဘတ်စ်ကားတွေလောက်ပဲ ရှိရာကနေ အခုအခါ မြေအောက်ရထားလမ်း နှစ်ခုအထိ ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပတ်ဝန်းကျင်သာယာရေး၊ လေထုညစ်ညမ်းမှု ထိန်းသိမ်းရေးတွေကို ဦးစားပေးပြုလုပ်ခဲ့သလို သစ်ပင်များစိုက်ပျိုးခြင်း၊ မြက်ပင်များစိုက်ပျိုးခြင်းများအပြင် သန့်ရှင်းရေးလုပ်ငန်းများအဖြစ် စက်နဲ့လေမှုတ် မိုးရွာချသလို မိုးပွားလေးတွေလုပ်ပြီး လေထဲမှာရှိတဲ့ဖုန်မှုန့်တွေကို ထိန်းတဲ့အနေနဲ့ ကားကြီးတွေနဲ့လှည့်ပတ်ပြီး သန့်ရှင်းရေးလုပ်နေတာကြောင့် နန်နင်းမြို့လေထုက သန့်ရှင်းလွန်းတယ်လို့ ဆိုကြပါတယ်။

နန်နင်းမြို့မှာ မြန်မာစာသင်ပေးနေသူ မြန်မာဆရာမတစ်ဦးဖြစ်သူ ဒေါ်ဝတီသွင်ကတော့ "ပေကျင်းမြို့နဲ့ နန်နင်းမြို့ ဘယ်နေရာမှာ နေရတာကြိုက်သလဲလို့ သူ့ကိုမေးရင် ပေကျင်းကတော့ ရှေးဟောင်းမြို့တော်ကြီးဖြစ်တယ်။ တိုးတက်တဲ့မြို့တော်ကြီးဖြစ်တယ်။ ရှေးဟောင်းနေရာဒေသတွေလည်း သွားလည်ရတာ ကြိုက်ပါတယ်။ ဒါပေမယ့် ကျွန်မအကြိုက်ဆုံးနေရာကတော့ နန်နင်းပါပဲ။ နန်နင်းကို ဘာကြောင့်ကြိုက်သလဲဆိုရင် နန်နင်းက သဘာဝသစ်တောနဲ့တူတယ်။ သန့်ရှင်းတဲ့ လေကို ရှူရတယ်။ ပတ်ဝန်းကျင်ကလည်း စိမ်းလန်းစိုပြည်တယ်။ ဒါ့ကြောင့်မို့လို့ ကျွန်မက နန်နင်းကို အကြိုက်ဆုံးပါပဲ" လို့ အင်တာဗျူးတစ်ခုမှာ ဖြေခဲ့တာ တွေ့ရပါတယ်။

**အခုကစ စိုက်ကြမလား...**

စာရေးသူတို့ မြန်မာနိုင်ငံဟာလည်း အကြောင်းအမျိုးမျိုးကြောင့် သစ်တောသစ်ပင် ပျက်စီးဆုံးရှုံးမှုများစွာ နေရာတိုင်းမှာရှိခဲ့ပါတယ်။ မည်သို့ပင်ဆုံးရှုံးခဲ့ပါစေ။ အခုအချိန်ကစပြီး သစ်တောသစ်ပင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်မယ်ဆိုရင် နောင် ငါးနှစ်လောက်ဆိုရင် သဘာဝပတ်ဝန်းကျင်ရဲ့ ဆိုးရွားစွာဖောက်လွဲမှုဒဏ်ကို အတော်အသင့် ကာကွယ်ခုခံတားဆီးနိုင်တဲ့ အဆင့်လောက်ထိတော့ ပြန်လည်ကုစားနိုင်မယ်လို့ စာရေးသူ တွေးမိပါတယ်။ အခုကစ သစ်ပင်စိုက်ကြမလား**...** ဒါမှမဟုတ် အပူဒဏ်ကိုပဲ ဆက်ခံကြမလား။ စာရေးသူကတော့ သစ်ပင်စိုက်မယ့်ဘက်မှာ ရပ်တည်မယ်လို့ ဆုံးဖြတ်ပါတယ်။ လုပ်နိုင်သူများ လုပ်ပါ။ အားပေးဖို့ အသင့်ရှိပါတယ်။

ဒီနေရာမှာ စာရေးသူတစ်ခု ဆက်ပြီး တွေးမိပါတယ်။ သစ်ပင်စိုက်ဖို့လုပ်တဲ့သူက လုပ်ပေမယ့် ခုတ်တဲ့သူကလည်း မညှာမတာ ခုတ်နေလို့တော့မရ။ သစ်တစ်ပင်ခုတ် ထောင် သုံးနှစ်ဆိုတဲ့ ဆိုင်းဘုတ်တွေ ရှိနေပေမယ့် သစ်ပင်ငုတ်တိုတွေ တောင်ကတုံးတွေကိုပဲ မြင်နေရတာကတော့ အကျည်းတန်ရုပ်ဆိုးလှပါတယ်။ အခုကစပြီး သစ်တောသစ်ပင်ထိန်းသိမ်းမှုတွေကို ပြန်လည်ပြုလုပ်မယ်ဆိုရင် အချိန်မီသေးတယ်လို ပညာရှင်များက ပြောကြပါတယ်။ ဒါ့ကြောင့် သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးထိန်းသိမ်းရင်း အမိမြန်မာပြည်ကို ပြန်လည်စိမ်းလန်းလာအောင် အခုကစ ပြုလုပ်ကြပါစို့။ ။

# ပဲခူးမြို့ လေးဆူဓာတ်ပျော် မြတ်စွယ်တော်စေတီတော်မြတ်ကြီးတွင် တည်ထားကိုးကွယ်မည့် လက်ဝဲအထက်စွယ်တော်ပွား ရန်ကုန်နှင့် ပဲခူးမြို့တို့တွင် လှည့်လည်အပူဇော်ခံ

**ရန်ကုန် ဇွန် ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဗုဒ္ဓစွယ်တော်တိုက်တွင် သုံးရက်တာ ရင်ငွေ့ခိုလှုံကာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ လေးဆူဓာတ်ပျော် မြတ်စွယ်တော် စေတီတော်မြတ်ကြီးတွင် တည်ထားကိုးကွယ်မည့် လက်ဝဲအထက်စွယ်တော်ပွားသည် **(ယာပုံ)** ယနေ့ မွန်းလွဲပိုင်းက ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်နှင့် ယုဇနဉယျာဉ်မြို့တော်ရှိ ကြံ့တိုင်းအောင်စေတီတော်တစ်လျှောက် လှည့်လည်အပူဇော်ခံသည်။



**ကိန်းဝပ်အပူဇော်ခံမည်**

အဆိုပါ လက်ဝဲအထက်စွယ်တော်ပွားကို ဒဂုံမြို့သစ် တောင်ပိုင်း၊ ရွာသာကြီး (၁၄၀) ရပ်ကွက်ရှိ မေတ္တာမဏ္ဍိုင် သာသနာပြုကျောင်းတိုက်တွင် တစ်ညတာ ကိန်းဝပ်အပူဇော်ခံမည်ဖြစ်သည်။

**လှည့်လည်အပူဇော်ခံ**

ဒဂုံမြို့သစ်တောင်ပိုင်း ရွာသာကြီး (၁၄၀) ရပ်ကွက်ရှိ မေတ္တာမဏ္ဍိုင်သာသနာပြုကျောင်းတိုက်မှတစ်ဆင့် ဇွန် ၃ ရက်တွင် အမှတ် (၂) လမ်းမကြီး ဇရပ်ကွင်း ထို့နောက် ရန်ကုန်-မန္တလေးလမ်းဟောင်းတစ်လျှောက် လှည့်လည်အပူဇော်ခံကာ ထိုမှတစ်ဆင့် ပဲခူးမြို့ဝမ်းဘဲအင်းကျေးရွာ လေးဆူဓာတ်ပျော် မြတ်စွယ်တော်စေတီတော်မြတ်ကြီးတွင် ထားရှိအပူဇော်ခံမည်ဖြစ်သည်။

**မိဘတို့အား ကျေးဇူးဆပ်**

ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ လေးဆူဓာတ်ပျော် မြတ်စွယ်တော်စေတီတော်မြတ်ကြီးကို ပဲခူးတိုင်းဒေသကြီးအနောက်ပြည်မြို့ ရွှေပေါက်ပင်တောရကျောင်းတိုက် ပဓာနနာယက မေတ္တာဝါဒီဆရာတော် သဒ္ဒမ္မဇောတိကဓဇ ဘန္ဒန္တသောမာစာရ၏ မိဘဘိုးဘွားတို့ ဦးခေါင်းချရာမြေမြတ်မဟာတွင် မိဘတို့အား ကျေးဇူးဆပ်သောအနေဖြင့် ဆရာတော်နှင့်တပည့် ဒါယကာ၊ ဒါယိကာမတို့ စုပေါင်းလှူဒါန်းမှုဖြင့် တည်ထားပူဇော်ကြောင်း သိရသည်။

**ရတီ**

# မှော်ဘီမြို့နယ်ရှိ မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်၌ စာသင်သားသစ်လွင်ကြိုဆိုပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မဟာဝိဟာရ ဓမ္မဝိနယတက္ကသိုလ်၏ ဘွဲ့လွန်ဒီပလိုမာ သင်တန်း၊ ဝိဇ္ဇာဘွဲ့သင်တန်း၊ ဒီပလိုမာသင်တန်းနှင့် အကြိုဒီပလိုမာသင်တန်း (စတုတ္ထသုတ်) စာသင်သားသစ်လွင် ကြိုဆိုပွဲကို ယနေ့ နံနက် ၉ နာရီက မဟာကဝိနန္ဒသိမ်တော်ကြီး၌ ကျင်းပခဲ့သည်။



**တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သံဃာတော်များအား သင်္ကန်းဆက်ကပ်လှူဒါန်းနေစဉ်။** ဓာတ်ပုံ - ထိန်လင်း

**ဩဝါဒခံယူ**

အဆိုပါ စာသင်သားသစ်လွင်ကြိုဆိုပွဲအခမ်းအနားတွင် မဟာဝိဟာရ ဓမ္မဝိနယတက္ကသိုလ် မဟာနာယက ပုသိမ်ပစ္ဆိမာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်၏ ဦးစီးပဓာန နာယကဆရာတော်များထံမှ ဩဝါဒခံယူကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပါမောက္ခ ဒေါက်တာဟံဝင်းက သင်ကြားရေးဆိုင်ရာများ တင်ပြလျှောက်ထားသည်။ ဆက်လက်၍ မဟာဝိဟာရ ဓမ္မဝိနယတက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို တက္ကသိုလ်ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးလှမင်းက လျှောက်ထားသည်။ ဒီပလိုမာတန်းအောင်မြင်ပြီး သင်တန်းသားသံဃာတော်များကိုယ်စား သံဃာတော်တစ်ပါးအား ပါမောက္ခချုပ်ဆရာတော်က အောင်လက်မှတ် ဆက်ကပ်ချီးမြှင့်သည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အလှူရှင်များက ပင့်သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

မဟာဝိဟာရဓမ္မဝိနယ တက္ကသိုလ်တွင် အကြိုဒီပလိုမာသင်တန်း ၁၄ လ၊ ဘွဲ့ကြိုဒီပလိုမာသင်တန်း ၁ နှစ်၊ ဝိဇ္ဇာဘွဲ့ (ဓမ္မဝိနယ) ၁၊ ၂ နှစ်သင်တန်း၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းဟူ၍ ရှိပြီး ဒီပလိုမာသင်တန်းနှင့် အထက်အဆင့်များတွင် အင်္ဂလိပ်ဘာသာကို ကြားခံဘာသာစကားအဖြစ် သင်ကြားပေးလျက်ရှိသည်။ အခြားတက္ကသိုလ်များနှင့် ညှိနှိုင်းထားသော ပိဋကတ်စာပေတရားတော်များကို စနစ်တကျလေ့လာဆည်းပူးနိုင်ပြီး ဝိနည်း၊ သုတ္တံ၊ အဘိဓမ္မာ၊ ဝိပဿနာ၊ သမထ၊ ဗုဒ္ဓဘာသာသမိုင်း၊ ပါဠိ၊ သာသနာပြုလုပ်ငန်း၊ အင်္ဂလိပ်စာဘာသာရပ်များ ပါဝင်သည်။

**ဝိနည်းကို အဓိကထားပြီး သင်ကြား**

"ဆရာတော်ရဲ့ ရည်ရွယ်ချက်က ဒီတက္ကသိုလ်မှာ သာသနာ့ဝန်ထမ်းရဟန်းတွေအတွက် နိုင်ငံခြားသာသနာပြုဖို့လည်းဖြစ်တယ်။ ဘွဲ့လွန်သင်တန်းတွေကို နိုင်ငံရပ်ခြားမှာသွားပြီးတက်တဲ့အခါမျိုးမှာ ရဟန်းသံဃာတွေဟာ ဝိနည်းအနေနဲ့ ထိန်းဖို့တော်တော်လေး ခက်တာတွေ့ရတယ်။ ငွေလည်းကိုင်ရတယ်။ စားဖို့သောက်ဖို့လည်း ကိုယ်ဖာသာကိုယ်စီစဉ်ရတယ်ဆိုတော့ တော်တော်အခက်အခဲအကျပ်အတည်းတွေတွေ့ရတယ်။ အဲဒီတော့ ဝိနည်းမပျက်ဘဲ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့သင်တန်းတွေကို တက်နိုင်ဖို့အတွက် ဒီတက္ကသိုလ်ကြီးမှာ ဆရာတော်က ဝိနည်းကို အဓိကထားပြီး သင်ကြားနည်းစနစ်မှာလည်း ခေတ်မီသွားအောင် ရည်ရွယ်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်" ဟု မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်ဖောင်ဒေးရှင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဒေါက်တာအောင်ထွန်းဦးက ပြောကြားသည်။

မဟာဝိဟာရကျောင်းတိုက်ကြီးကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၂-၆-၂၀၁၆ ခုနှစ်တွင် တက္ကသိုလ် စတင်ဖွင့်လှစ်၍ စာပေများသင်ကြားခဲ့ကြောင်း သိရသည်။ ကျောင်းတိုက်ကြီးတွင် သီတင်းသုံးလျက်ရှိသော သံဃာအပါး ၁၂၀၀ ကျော်ကာ ယခုနှစ်တွင် တက်ရောက်မည့် သင်တန်းသား ၄၈ ပါးရှိကြောင်း သိရသည်။ မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ် သည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီ မြို့နယ် ဘိုးဒေါနကုန်းကျေးရွာအနီးတွင် တည်ရှိပြီး မဟာဝိဟာရကျောင်းတိုက်ကြီး၏ မဟာနာယက ဘဒ္ဒန္တဝိဇ္ဇာနန္ဒက မဟာဝိဟာရဓမ္မဝိနယ တက္ကသိုလ်အုပ်ချုပ်ရေးဇဟိုအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**ထင်ပေါ်ဝင်း**

# ဒုတိယအကြိမ်မြောက် အမရပူရမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပူဇော်

**မန္တလေး ဇွန် ၂**

ဒုတိယအကြိမ်မြောက် အမရပူရမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲနှင့် ရေစက်ချအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက အမရပူရမြို့နယ် တောင်မင်းကြီးမြတ်စွာဘုရားအနီး ဦးပိန်တံတားထိပ်တွင် ကျင်းပရာ **(ဝဲပုံ)** အမရပူရမြို့နယ်နှင့် အနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများကို လောင်းလှူပူဇော်ကြည်ညိုကြသည်။



အဆိုပါအခမ်းအနားသို့ မြို့နယ်လုံးဆိုင်ရာ ဆရာတော်များ၊ ပင့်သံဃာတော်အပါး ၁၅၀၀ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့ ဒုတိယ မြို့တော်ဝန်၊ တိုင်းဒေသကြီး/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိဘပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် အမှူးပြုသော တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဧည့်ပရိသတ်အပေါင်းတို့က တောင်မင်းကြီးမြတ်စွာဘုရားနှင့် ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညို၍ ဝိသုဒ္ဓါရုံ၊ ရှေဦးကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်တော်မူကြသည်။ ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များ ဟောကြားချီးမြှင့်တော်မူသော ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြကာ ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲတွင် အလှူရှင်အစုအဖွဲ့ ၂၀၀၊ ဌာနဆိုင်ရာပေါင်းစုံ ၁၄ ဌာန၊ ဂေါပကအဖွဲ့ခုနစ်ဖွဲ့၊ ရပ်ကွက်ကျေးရွာအုပ်စုတို့မှ စုစုပေါင်း ၄၉ ဖွဲ့ပါဝင်ပြီး သီးခြားဘုရားဖူးလာပြည်သူအလှူရှင်များကလည်း မိမိတို့အစီအစဉ်ဖြင့် လောင်းလှူကြည်ညိုခဲ့ကြရာ ဝေယျာဝစ္စလူမှုအဖွဲ့အစည်းအသီးသီးတို့မှ လူဦးရေ ၄၅၀၀ ဖြင့် ကပ္ပိယကာရက ဥပါသကာများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်**

# မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂

**မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပသည်။**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က အမှာစကား ပြောကြားရာတွင် မြန်မာ့ရုပ်ရှင်နှစ်(၁၀၀) ပြည့် အခမ်းအနားကို ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ ပွဲတော်အတွက် ယာယီကော်မတီဖွဲ့စည်းပြီး ရုပ်ရှင်လောကသားများသာမက အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများကပါ စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းပါဝင်လာပါက ပိုမိုကောင်းမွန်သည့် ပွဲတော်ဖြစ်လာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်အခမ်းအနား ကျင်းပရေးအတွက် ပြီးခဲ့သည့် မြန်မာ့ရုပ်ရှင် ရတုအဆက်ဆက်ပွဲစဉ်များ ကျင်းပခဲ့ရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများ၊ ပွဲတော်အကြိုကာလ၌ ပြည်တွင်းတွင် သာမကပြည်ပတွင်လှုပ်ရှားဆောင်ရွက်မည့်အစီအစဉ်များ၊ ပြည်ပနိုင်ငံများတွင် သွားရောက်လေ့လာခဲ့သည့် အတွေ့အကြုံများကို မှတည်၍ အကြံပြုချက်များ၊ မြန်မာ့ရုပ်ရှင်သမိုင်းကို ဇာတ်လမ်းရိုက်ကူးထုတ်လွှင့်ရေး၊ ခေတ်ဦးရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းများ ပြန်လည်ထုတ်လွှင့်ပြသရေး၊ ထူးချွန်သရုပ်ဆောင်များ သာမက ပိတ်ကားနောက်ကွယ်မှ အတတ်ပညာရှင်တို့၏အကြောင်း ဆွေးနွေးပွဲများ လုပ်ဆောင်ရေး၊ ရန်ပုံငွေရှာဖွေရေး၊ ပွဲတော်ကျင်းပမည့်နေရာ ရွေးချယ်ရေးနှင့် ယာယီကော်မတီဖွဲ့စည်းရေး စသည့်တို့ကို ဆွေးနွေးကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ယနေ့ ညှိနှိုင်းအစည်းအဝေးတွင် မြန်မာ့ရုပ်ရှင်နှစ် (၁၀၀) ပြည့် ပွဲတော်ဖြစ်မြောက်ရေး ယာယီကော်မတီကို တာဝန်ရှိသူများနှင့် ဖွဲ့စည်းပြီးဆောင်ရွက်ရမည့် အစီအစဉ်များကို ဆက်လက်ဆွေးနွေးသွားရန် ဆုံးဖြတ်ခဲ့ကြသည်။

**သတင်းစဉ်**



# စစ်ကိုင်းမြို့တွင် သက်ကြီးဆရာပူဇော်ပွဲနှင့် လူရည်ချွန်များ ဂုဏ်ပြုပွဲကျင်းပ

**စစ်ကိုင်း ဇွန် ၂**

သက်ကြီးဆရာပူဇော်ပွဲနှင့် ၂၀၁၉ ခုနှစ် စစ်ကိုင်းခရိုင် လူရည်ချွန်များ ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ပါရဂူခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားကို စစ်ကိုင်းမြို့နယ် ပညာရေးဝန်ထမ်းဟောင်းများအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်း (စစ်ကိုင်း)နှင့် စစ်ကိုင်းမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီးသက်ကြီးဆရာကြီး ဆရာမကြီး ၃၈ ဦးကို ကန်တော့ပစ္စည်းများနှင့် ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ စစ်ကိုင်းခရိုင်ပညာရေးမှူး ဦးခင်မောင်ဌေးက အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင်ပညာရေး ဝန်ထမ်းဟောင်းများအသင်း ဂုဏ်ထူးဆောင်နာယက ဦးအောင်ကြီးက မုဒိတာစကားပြောကြားကာ ပညာရေးဝန်ထမ်းဟောင်းများအသင်းဥက္ကဋ္ဌ ဦးစံထိုက်က သက်ကြီးဆရာကန်တော့ပွဲနှင့် ဂုဏ်ပြုပွဲ ကျင်းပပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဦးအောင်ကြီးက အခြေခံပညာအထက်တန်း အောင်ချက်မြင့်မားရေးအတွက် အလှူငွေကျပ်ငါးသိန်း ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ယင်းနောက် ၂၀၁၉ ခုနှစ် စစ်ကိုင်းခရိုင် လူရည်ချွန်များအား တာဝန်ရှိသူများနှင့် စေတနာရှင်၊ အလှူရှင်များက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန် / ဆက်)**




# ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် အခမဲ့နယ်လှည့်ဆေးကုသရေးအဖွဲ့ စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဒုတိယနေ့ ဆက်လက်ကုသ

**စစ်တွေ ဇွန် ၂**

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသား ကျန်းမာရေးကွန်ရက်(အခမဲ့) နယ်လှည့်ဆေးကုသရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာ တင်မျိုးဝင်း ဦးဆောင်သည့် ဆေးကုသရေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ အထွေထွေရောဂါကု ဆေးရုံကြီး (ခုတင် - ၅၀၀)၌ ဒုတိယနေ့ အခမဲ့ဆေးကုသရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သည်။

ယင်းနောက် အဖွဲ့ခေါင်းဆောင် ဒေါက်တာ တင်မျိုးဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကလေးအထူးကု၊ သားဖွားနှင့် မီးယပ်၊ အရေပြား၊ မျက်စိ၊ သွားနှင့် ခံတွင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အပ်စိုက်၊ ခါတ်မှန်၊ ခွဲစိတ်နှင့် အထွေထွေရောဂါကု ဌာနများ၌ ဆေးကုသမှု ခံယူနေကြသူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းသည်။

ထို့နောက် အဖွဲ့ခေါင်းဆောင် ဒေါက်တာ တင်မျိုးဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် ဆေးရုံအုပ်ကြီးရုံးခန်း၌ ပြည်နယ်ဝန်ကြီးများ၊ အခမဲ့နယ်လှည့်ဆေးကုသရေး အဖွဲ့ဝင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အဖွဲ့ခေါင်းဆောင် ဒေါက်တာ တင်မျိုးဝင်းက အခမဲ့နယ်လှည့်ဆေးကုသခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများက အခမဲ့ နယ်လှည့်ဆေးကုသရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာတင်မျိုးဝင်းနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ဇွန် ၁ ရက်မှ ၂ ရက်အထိ အဆိုပါ အခမဲ့ နယ်လှည့်ဆေးကုသရေးအဖွဲ့သို့ လာရောက်ဆေးကုသမှုခံယူသူ ၁၁၂၄ ဦးရှိပြီး ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးဌာနမှလည်း စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး / ဇလ**

## တွန်းဇံမြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးသင်တန်းဆင်းပွဲ ကျင်းပ

**တွန်းဇံ ဇွန် ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှကြီးမှူး၍ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက တွန်းဇံမြို့ရှိ ချင်းရွှေပြည်အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းစိုးက အမှာစကားပြောကြားပြီး ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဆွေကသင်တန်းဆင်းအမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြပြီး သင်တန်းသူများ ကိုယ်စားသင်တန်းသူ ဒေါ်ကျိန်ငိုက်နွမ်းက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ အဆိုပါသင်တန်းသို့ တွန်းဇံမြို့နယ်အတွင်းရှိ သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန် / ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

**စစ်တွေ ဇွန် ၂**

၂၀၁၉ ခုနှစ် (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ရခိုင်ပြည်နယ်မှ အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများက အားကစားပြိုင်ပွဲပြကွက်များကို သရုပ်ပြတင်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ၈၀ ကီလိုတန်းတွင် ပထမဆုရရှိခဲ့သူ မောင်ခင်မောင်ကျော်၊ ၆၅ ကီလိုတန်းတွင် တတိယဆုရရှိခဲ့သူ မောင်ဇော်သိန်းနိုင်နှင့် ၆၅ ကီလိုတန်းတွင် တတိယဆုရရှိခဲ့သူ မောင်သန်းနိုင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ်ကာယဗလဥက္ကဋ္ဌ ဦးသိန်းရွှေတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ တံတားဦးမြို့တွင် ၆ ဒသမ ၄၅ လက်မ၊ စဉ့်ကိုင်မြို့တွင် ၄ ဒသမ ၉၈ လက်မ၊ ပုသိမ်ကြီး(ရွှေစာရံ)တွင် ၄ ဒသမ ၃၂ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၄ ဒသမ ၂၁ လက်မ၊ လွန်ကျော်မြို့တွင် ၃ ဒသမ ၇၀ လက်မ၊ ကျောက်ဆည်မြို့တွင် ၃ ဒသမ ၅၀ လက်မ၊ အမရပူရမြို့တွင် ၂ ဒသမ ၇၈ လက်မ၊ မအူပင်မြို့တွင် ၂ ဒသမ ၆၀ လက်မ၊ မိတ္ထီလာမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ မြင်းမူမြို့နှင့် မြစ်သားမြို့တို့တွင် ၂ ဒသမ ၃၆ လက်မစီ၊ လပွတ္တာမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ မုံရွာမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ လှိုင်းတက်မြို့နှင့် ဖျာပုံမြို့တို့တွင် ၂ ဒသမ ၀၈ လက်မစီနှင့် မြောင်းမြမြို့တွင် ၁ ဒသမ ၉၇ လက်မတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**



## ငါးလုပ်ငန်းစခန်း(သထုံ)မှ ငါးသားပေါက်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိ

**သထုံ ဇွန် ၂**

မွန်ပြည်နယ် သထုံမြို့နယ် ငါးလုပ်ငန်းစခန်း(သထုံ)၌ နှစ်စဉ်ရာသီပတ်လုံး စဉ်ဆက်မပြတ် ငါးသားပေါက်များကို ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ငါးသားပေါက်များကို အနယ်နယ်အရပ်ရပ်မှ လာရောက်ဝယ်ယူနေကြပြီး အများဆုံး ရောင်းချပေးရသည့် ငါးအမျိုးအစားများမှာ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်း၊ ငါးတန်၊တောင်ပေါ်ငါးသလောက်တို့ဖြစ်ပြီး အခြားငါးမျိုးများဖြစ်သော ငါးသိုင်းခေါင်းပွ၊ ငါးတန်၊ ငါးမှတ်၊ တီလားဗီးယားငါး၊ ငါးကြင်းဖြူများလည်း ရောင်းချပေးနေရကြောင်း၊ ဈေးနှုန်းမှာ ငါးအမျိုးအစားအလိုက်၊ အရွယ်အစားအလိုက် သင့်တင့်သော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဝယ်ယူသူများအနေဖြင့် ၎င်းတို့လိုအပ်သော ငါးအမျိုးအစား၊ အကောင်ရေအလိုက် ကြိုတင်ဖုန်းဆက်၍ မှာယူဝယ်ကြသည့်အတွက် ရက်ချိန်းအတိုင်းရရှိအောင် ဆောင်ရွက်ပေးကြောင်း၊ တစ်လက်မခွဲအရွယ်မှ သုံးလက်မအရွယ်အထိ ငါးသန်အမျိုးအစားများကို ရွေးချယ်ရောင်းချပေးကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ငါးသားပေါက်ကောင်ရေ ၄ ဒသမ ၃ သန်းခန့် ထုတ်လုပ်မွေးမြူနိုင်ခဲ့ပြီး ၃ ဒသမ ၄သန်းကို ရောင်းချနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ငါးထုတ်လုပ်မှု၊ မြစ်ချောင်း၊ ဆည်၊ ရေလှောင်တာတမံများအတွင်း ငါးမျိုးစိုက်ထည့်မှုနှင့် ငါးသားပေါက်ကောင်ရေရောင်းချမှုတို့အား သတ်မှတ်လျာထားချက်ထက် ကျော်လွန်အောင်ဆောင်ရွက်နေပါကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်ထက် ငါးထုတ်လုပ်မှုတိုးတက်လာနိုင်ကြောင်း ငါးလုပ်ငန်းစခန်း(သထုံ) တာဝန်ခံ ဦးဝင်းဗိုလ်က ပြောသည်။

**ခွန်(ဝင်းပ)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

**စစ်တွေ ဇွန် ၂**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီက ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ယခုနှစ် ပြိုင်ပွဲဝင်ဆောင်ပုဒ်များဖြစ်သည့် "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့" "အပေါင်းအသင်းကို ရွေးချယ်ပါ" "ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ မူးယစ်ရန် မီးငြိမ်းသတ်စို့ " "နိုင်ငံကိုချစ် လူမျိုးချစ်၊ မူးယစ်မှန်သမျှ တိုက်ဖျက်ပစ်" "မျိုးဆက်သစ်ဘဝ လှပဖို့ မူးယစ်ဟူသမျှ ရှောင်ရှားစို့" "ဦးစွာနားထောင်ပါ" ခေါင်းစဉ်များဖြင့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ၁၈ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၁၃ ဦး၊ ပိုစတာပြိုင်ပွဲ တွင် ၁၇ ဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ၁၇ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၃၅ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၆ ဦး၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ၃၁ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၂၉ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၂ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**တက်ရောက်ကြည့်ရှု**

အခမ်းအနားသို့ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်း၊ စစ်တွေကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာ ဇော်ထွန်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**






# မြောက်ဦးမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပုံပြင်ပြောပြိုင်ပွဲကျင်းပ

**မြောက်ဦး ဇွန် ၂**

၂၀၁၉ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် မြောက်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျောင်းသားကျောင်းသူများအား ပုံပြင်ပြောပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်မှူး ဦးထွန်းမြကျော်က သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ဖို့ သစ်ပင်လေးတွေစိုက်ကြစို့ ပုံပြင်ပါအကြောင်းအရာများဖြစ်သော သစ်တော၊ သစ်ပင်များ ပြုန်းတီးလာမှုကြောင့် ကမ္ဘာ့အပူချိန်စံချိန်တင်မြင့်မားလာကာ ရာသီဥတုမမှန်ဘဲ ဖောက်ပြန်လာခြင်း၊ မုန်တိုင်းမကြာခဏ ဝင်ရောက်ခြင်း၊ တချို့နေရာများတွင် မိုးအလွန်ခေါင်ပြီး တချို့နေရာများတွင် မိုးအလွန်များခြင်း၊ ရေရှားပါးလာခြင်း၊ အစရှိသောဂေဟစနစ်၏ဆိုးကျိုးများနှင့် သစ်ပင်များစိုက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရာရောက်ကြောင်းနှင့် သစ်ပင်များကို မဖျက်ဆီးဘဲ စနစ်တကျစိုက်ပျိုးရန်လိုအပ်ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သည့်အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောပြသည်။

ထို့နောက် ပုံပြင်ပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်ကလေးငယ် ၁၃ ဦးထဲမှ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ရွှေဘို - မြစ်ကြီးနား ကားလမ်းမကြီး လမ်းအရှည်မိုင် ၄၀ ကျော်ကို လမ်းအကျယ် တိုးချဲ့ခြင်း

**မုံရွာ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီးမှ ကချင်ပြည်နယ်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ရွှေဘို- မြစ်ကြီးနား ကားလမ်းမကြီးအား လက်ရှိလမ်းအကျယ် ၁၂ ပေ ကတ္တရာလမ်းမှ ၁၈ ပေသို့ တိုးချဲ့ခင်းကျင်းခြင်း လုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးမြင့်ထံမှ သိရသည်။

ရွှေဘို- မြစ်ကြီးနား လမ်းမကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့၏ ခရီးသည် ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုတွင် အဓိကအသုံးပြုလျက်ရှိသော လမ်းမကြီးဖြစ်ပြီး လက်ရှိလမ်းအကျယ် ၁၂ ပေသည် ခင်းကျင်းသည့် နှစ်ကြာမြင့်လာသဖြင့်ပျက်စီးခြင်း၊ မော်တော်ယာဉ်ကြီးများသွားလာရာတွင် လမ်းကျဉ်းမြောင်းခြင်းစသည့် အခက်အခဲများရှိသဖြင့် ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ခင်းကျင်းပေးလျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် လမ်းအရှည် ၄၀ မိုင် ၁ ဖာလုံအား ၁၈ ပေသို့ တိုးချဲ့ခင်းကျင်းခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မြဝတီမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့

**မြဝတီ ဇွန် ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ မြန်မာနိုင်ငံအမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်အရ မြဝတီမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ဇွန် ၁ ရက် မွန်းတည့် ၁၂ နာရီက မြဝတီမြို့ သောင်ရင်းခန်းမ၌ ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကရင်ပြည်နယ် မြဝတီမြို့တွင်နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး ကလေးသူငယ်များအားလုံးသည် အခြားဒေသများတွင် နေထိုင်ကြသူများထက် တိုင်းချစ်၊ ပြည်ချစ်၊ နိုင်ငံချစ်စိတ်ရှိကြရန်လိုကြောင်း၊ ရင်သွေးငယ်များကို ပထမဆုံး စတင်ပြုစုစောင့်ရှောက်ရသည့်သူများမှာ မိခင်များဖြစ်ကြကြောင်း၊ မိမိတို့သားသမီးများ ဖွံ့ဖြိုးတိုးတက်စေရန် မိခင်တွင် တာဝန်အရှိဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မိခင်များလိုအပ်သည်များကို နိုင်ငံတော်မှ စွမ်းဆောင်ကြိုးစားပေးခြင်းဖြစ်ကြောင်း၊ ယခုလို နယ်စပ်ဒေသများကို ပိုမိုဦးစားပေးဆောင်ရွက်ပေးနေကြောင်း တစ်ကြိမ်ထက်တစ်ကြိမ် ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်လာဖို့လိုကြောင်း၊ ထိုသို့ဖွံ့ဖြိုးလာပါက တိုင်းပြည်အတွက် ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းသာဖြစ်ကြောင်း၊ နိုင်ငံ၏ အနာဂတ်အတွက် မိမိတို့ ကလေးသူငယ်များသည် ပိုမိုထူးချွန်စေရန် မိခင်လောင်းများနှင့် မိခင်များ၏ အသိစိတ်တွင် စွဲမြဲနေစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းက ထောက်ပံ့ငွေပေးအပ်ခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က မြဝတီမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၂၂၃၅ ဦး၊ ကလေး ၁၂၄၈ ဦး၊ စုစုပေါင်း ၃၄၈၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၃၈၂၈၅၀၀၀ နှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း လေးကျောင်းမှ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ၂၄၀၀၀၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ထံသို့ ထောက်ပံ့ပေးအပ်သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ပေါင်းတည်ဒေသခံများအား ဆန်စပါးဈေးကွက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

# ပေါင်းတည်၌ ဆန်စပါးဈေးကွက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ

**ပေါင်းတည် ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက ယနေ့ဖြစ်ပေါ်နေသော ဆန်စပါးဈေးကွက်နှင့် ပတ်သက်၍ သုံးသပ်တင်ပြရှင်းလင်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ဦးထင်ဇော်လှိုင်က လက်ရှိဖြစ်ပေါ်နေသည့် ဆန်စပါးဈေးကွက်အခြေအနေများ၊ ကမ္ဘာ့ဆန်ဈေးကွက် ဆန်စားသုံးမှု၊ အရန် ဆန်ထားရှိမှု ပြည်ပမှဝယ်ယူနေမှုများတင်ပို့နေမှုများ၊ စပါးဈေးနှုန်းကျမှု အနည်းငယ်ကျဆင်းရသည်မှာ ယခုအချိန်ပေါ်သည့် နွေစပါးများမှာ သီးနှံအစိုဓာတ် ပါဝင်နေသည့်အတွက် ဖြစ်ကြောင်း၊ အခြောက်ခံရန် စက်အားလုပ်အားရှိသော်လည်း လျှပ်စစ်မီးနှင့်မီးစက်လိုအပ်ချက်မှာ အဓိကကျကြောင်း သုံးသပ်တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ဆန်စပါးဈေးကွက်ကောင်းမွန်လာစေရေးအတွက် လက်ရှိဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ မြန်မာနိုင်ငံ/ဆန်စပါးအသင်းချုပ်အနေဖြင့် ယခုလက်ရှိတောင်သူများ၏ အခက်အခဲများကို အတတ်နိုင်ဆုံး စွမ်းအားရှိသလောက် မိတ်ဖက်ကောင်းပီသစွာ ကြိုးစားစိုက်ထုတ်ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# မော်ဟန်ရွာရှိ အများပိုင်စုပေါင်းဈေးကို နေရာသစ်သို့ ပြောင်းရွှေ့ရန်လိုလား

**မိုးညှင်း ဇွန် ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ အများပိုင်ဈေးကို နေရာသစ်သို့ ပြောင်းရွှေ့ရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

မော်ဟန်ကျေးရွာတွင် အိမ်ထောင်စု ၁၇၀၀ ခန့် လူဦးရေ ၉၃၅၀ ခန့်ရှိပြီး ကျောက်စိမ်းရတနာထွက်ရှိရာ နမ္မချီးမော်ဒေသမှ ကျောက်မျက်ကုမ္ပဏီများ၊ ရောင်းဝယ်ဖောက်ကားသူများ၊ ပြန်ကျဈေးသည်များ၊ မော်ရွာနေဒေသခံများ ၁၀၀၀၀ ကျော်အပါအဝင် စုစုပေါင်း လူဦးရေ ၂၀၀၀၀ ခန့် အားထားနေရသည့် မော်ဟန်စုပေါင်းဈေးမှာ အလျားပေ ၂၀၀ ခန့်နှင့် အနံ ၆၅ ပေခန့်သာရှိသဖြင့် နေ့စဉ်ဈေးသို့ ရောင်း/ဝယ်လာကြသည့် ဆိုင်ကယ်များ မော်တော်ယာဉ်များအတွက် ရပ်နားရန် နေရာအခက်အခဲရှိလာကြောင်း သိရသည်။

**အဆင်မပြေဖြစ်လာ**

အဆိုပါဈေး၏ အရှေ့ဘက်တွင် မီးရထားသံလမ်းနှင့် ၂၅ ပေခန့်သာ ကွာဝေးပြီး အနောက်ဘက်တွင် ဆက်သွယ်ရေးရုံး၊ တောင်ဘက်တွင် တိုက်နယ် ကျန်းမာရေးဆေးခန်းနှင့် မြောက်ဘက်တွင် အခြေခံပညာအထက်တန်းကျောင်းတို့ တည်ရှိသဖြင့် အလွန်ကျဉ်းမြောင်းသော နေရာတစ်ခုဖြစ်နေပြီး ဈေးရောင်းဈေးဝယ်များအတွက် အဆင်မပြေဖြစ်လာသည်။

အဆိုပါ ဈေးအတွင်း၌ ယခင်က ဆိုင်ခန်းပေါင်း ၁၂၀ ကျော်ရှိသော်လည်း ယခုအခါဈေးအတွင်း လူနေအိမ် အဆောက်အအုံများ တိုးပွားလာခြင်းကြောင့် ဆိုင်ခန်း ၇၀ ခန့်မျှသာ ရှိတော့သဖြင့် ဈေးအင်္ဂါရပ်နှင့်မညီကြောင်း၊ အဆိုပါ ကျေးရွာပိုင် စုပေါင်းဈေးအား ကျယ်ဝန်းသော နေရာသစ်သို့ ပြောင်းရွှေ့ရန်အတွက် ဒေသခံများက လိုလားလျက်ရှိကြောင်း မော်ပင့်ရပ်ကွက်နေ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။



မော်ဟန်ဈေးအတွင်းရှိ အဆောက်အအုံများကို တွေ့ရစဉ်။

**ကျန်းမာရေးထိခိုက်နိုင်**

"ဒီဈေးထဲမှာအရင်က ဖိုးဝိုး ယာဉ်တွေ ဝင်ထွက်လို့ရပေမယ့် အခုဆိုင်ကယ်တစ်စီးတောင် ဝင်ထွက်လို့မရတော့ဘူး။ ဈေးထဲမှာ အမှိုက်သရိုက်တွေယာယီစွန့်ပစ်တဲ့နေရာက မရှိသလို ကျန်းမာရေးဆေးခန်းတွေ၊ စာသင်ကျောင်းတွေနဲ့ နီးကပ်နေတာကြောင့် ရေရှည်မှာ ကျန်းမာရေးထိခိုက်နိုင်ပါတယ်။ ပိုဆိုးတာက စည်ပင်ဈေးမဟုတ်တော့ဘဲ တည်းခိုခန်းဈေးကြီးဖြစ်နေပါတယ်" ဟု မော်ပင့်ရပ်ကွက်နေ ဈေးလေလံရရှိသူ ဈေးကောက်တစ်ဦးက ပြောသည်။

**အိမ်ရာများ ချထားပေးပြီးဖြစ်**

အဆိုပါဈေးအတွင်း နေထိုင်ကြသော အိမ်ထောင်စုဝင်များအား ၁၉၉၃ ခုနှစ်တွင် ကျေးရွာအတွင်း၌ လူနေအိမ်ရာများ ချထားပေးပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါကျေးရွာပိုင် ဈေးသစ်နေရာအားဒေသခံအများစု၏ ပြောင်းရွှေ့လိုသည့်နေရာမှာ မော်ဟန်ရွာမရပ်ကွက် အမကစာသင်ကျောင်းရှေ့ရှိ အကျယ်ပေ ၆၀၀ ပတ်လည် မြေလွတ်မြေရိုင်း မြေကွက်လပ်နေရာ သို့မဟုတ် အခြားသင့်လျော်သောနေရာသစ်သို့ ပြောင်းရွှေ့ပေးရန်လိုလားလျက်ရှိကြောင်း သိရသည်။ **၀၇၈**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၄ သန်းနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ငွေကျပ်သန်း ၆၇၈၉ ဒသမ ၉၉ သန်းရှိ

**မုံရွာ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၂၄ သန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ငွေကျပ်သန်း ၆၇၈၉ ဒသမ ၉၉ သန်းရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၏ ပြောကြားချက်အရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် စက်မှုကဏ္ဍတွင် အော်ဂဲနစ်ဓာတ်မြေသြဇာအမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းနှင့် ယူကလစ်ကို အသုံးပြုပြီး အထပ်သားနှင့် သစ်အချောထည် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ သန်း၊ လယ်ယာကဏ္ဍမျိုးစပါး စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၅ သန်း၊ သကြားဓာတ်မြေသြဇာနှင့် အရက်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄ သန်းအား ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် စက်မှုကဏ္ဍတွင် အဆင့်မြင့်နည်းပညာဖြင့် ဝါးအချောထည်လုပ်ငန်း၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ သီးနှံထုပ်ပိုးစက္ကူ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ကွန်ကရစ်တိုင်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၂၉၆၆ ဒသမ ၁၉ သန်းအားလည်းကောင်း၊ ဟိုတယ်ကဏ္ဍဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတွင် ရင်းနှီး မြှုပ်နှံမှု ငွေကျပ် ၂၂၅၀ သန်းအား လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် အပန်းဖြေဉယျာဉ်နှင့် လုပ်ငန်းတွင် ငွေကျပ် ၁၅၇၃ ဒသမ ၈ သန်း စုစုပေါင်း ငွေကျပ် ၆၇၈၉ ဒသမ ၉၉ သန်းအား ရင်းနှီးမြှုပ်နှံလုပ်ကိုင် လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ဆောက်ထားသော စက်ရုံတစ်ခုကို တွေ့ရစဉ်။

# မြောက်ဦးမြို့နယ် လောင်းရှည်ချောင်းကျေးရွာ၌ ခမီတိုင်းရင်းသားရိုးရာ ကောက်ဦးချပွဲတော်ကျင်းပ

**မြောက်ဦး ဇွန် ၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ ခမီတိုင်းရင်းသားများနေထိုင်သော လောင်းရှည်ချောင်းကျေးရွာတွင် ရိုးရာဓလေ့ဖြစ်သည့် ကောက်ဦးချပွဲတော်ကို မေ ၃၀ ရက်က ကျင်းပခဲ့သည်။ အဆိုပါ ကောက်ဦးချပွဲကို ခမီစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးလေကျော်အောင်က ဦးဆောင်၍ ရိုးရာအစဉ်အလာကို နားလည်သည့် ရပ်ရွာလူကြီးဖြစ်သူ ဦးရွှေသာအောင်က ကြီးမှူးပြီး လယ်ပိုင်ရှင် ဦးဖြူထွန်း၏ လယ်ယာမြေဧက ၂၀ တွင် မျိုးစပါးများကြဲကာ သီးနှံများအထွက်တိုးအောင် ဆုတောင်းခြင်းများ ပြုလုပ်ခဲ့သည်။

"ခမီတိုင်းရင်းသားရိုးရာပွဲဖြစ်တဲ့ ကောက်ဦးချပွဲတော်ကို နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပဖြစ်တယ်။ ခမီတိုင်းရင်းသား ရိုးရာပွဲတော်များကို တစ်နှစ်မှာ သုံးကြိမ်ကျင်းပတယ်။ ကဆုန်လမှာ ကောက်ဦးချပွဲ၊ ဝါခေါင်လမှာ တောင်ယာဟင်းစားပွဲနဲ့ တန်ဆောင်မုန်းလမှာ ကောက်သစ်စားပွဲတော်တွေဖြစ်ပါတယ်။ ကောက်ဦးချပွဲတော် ကျင်းပခြင်းဖြင့် သီးနှံတွေ အထွက်နှုန်းတိုး ပေါ်ကြွယ်ဝပြီး အနာရောဂါတွေ မကျရောက်နိုင်ကြောင်း ရှေးလူကြီးများ ယုံကြည်တဲ့ အစဉ်အလာရှိပါတယ်"ဟု ခမီစာပေနှင့်ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးလေကျော်အောင်က ပြောသည်။

အဆိုပါပွဲတော်သို့ လောင်းရှည်ချောင်းကျေးရွာနေ ခမီတိုင်းရင်းသား ၅၀ ကျော် တက်ရောက်ပြီး ခေါင်ရည်သောက် လက်ဆုံထမင်းစားသောက်ခဲ့ကြောင်းသိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရမ်းဗြဲမြို့နယ်၌ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်


**စစ်တွေ ဇွန် ၂**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်ပွဲများကို မေ ၃၀ ရက်နှင့် ၃၁ ရက်က ကျင်းပခဲ့သည်။ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရသည့် ကျောင်းများဖြစ်သော အထက(ခွဲ) လက်ပန်ညာ၊ အထက(ခွဲ) ရမ်းသစ်ချေနှင့် အလက အဝတောင်ကျောင်းများကို မေ ၃၀ ရက်ကလည်းကောင်း၊ အလက ကျောင်းတလင်းကျောင်းနှင့် အထက(ခွဲ) အလယ်ချောင်းကျောင်းများကို မေ ၃၁ ရက်ကလည်းကောင်း အဆင့်များတိုးမြှင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ပြည်နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်၊ သံတွဲခရိုင်ပညာရေးမှူး ဦးမြင့်တင်၊ ကျောက်ဖြူခရိုင်ပညာရေးမှူး ဦးတင်သိန်း၊ ရမ်းဗြဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေလှအောင်နှင့် ရမ်းဗြဲမြို့နယ်ပညာရေးမှူး ဦးဉာဏ်ထွန်းတို့က ဖွင့်လှစ်ပေးခဲ့ပြီး အထက(ခွဲ)ကျောင်းတလင်းကျောင်းသို့ ငွေကျပ်သုံးသိန်းနှင့် အထကအလယ်ချောင်းကျောင်းသို့ ငွေကျပ်ခြောက်သိန်းကို ကျောင်းရန်ပုံငွေအဖြစ် တောင်ကုတ်မြို့နယ် အကယ်ဒမီပညာရေးဘော်ဒါမှ ဆရာဦးလှကြည်က လှူဒါန်းခဲ့သည်။

ရမ်းဗြဲမြို့နယ်၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း မူလတန်း(ခွဲ) တစ်ကျောင်း၊ မူလတန်းလွန် တစ်ကျောင်း၊ အလယ်တန်း(ခွဲ) ခြောက်ကျောင်း၊ အလယ်တန်း ခုနစ်ကျောင်း၊ အထက်တန်း(ခွဲ) ၁၂ ကျောင်းနှင့် အထက်တန်းတစ်ကျောင်း စုစုပေါင်း ၂၈ ကျောင်းတို့ကို အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# သွေးသိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ စက်ပစ္စည်းနှင့် နည်းပညာကို ဂျပန်နိုင်ငံမှ လှူဒါန်းဖြန့်ဝေ



ရန်ကုန်အမျိုးသားသွေးဌာနမှ သွေးနှင့်သွေးပစ္စည်းများကို ဂျပန်မှအလှူရှင်များ ကြည့်ရှုနေစဉ်။

**ရန်ကုန် ဇွန် ၂**

သွေးမှတစ်ဆင့်ကူးစက်နိုင်သော ရောဂါပိုးများ ကူးစက်မှုနည်းပြီး အရည်အသွေးပြည့်မီ၍ အန္တရာယ်ကင်းသော သွေးသွင်းကုသမှုရရှိစေရန်အတွက် သွေးသိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ စက်ပစ္စည်းနှင့် နည်းပညာကို ဂျပန်နိုင်ငံ မှ မေ ၃၁ ရက်က လှူဒါန်းခဲ့သည်။

ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ ကျင်းပသည့် လှူဒါန်းပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသန ဦးစီးဌာနမှ ဒေါက်တာဇော်သန်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ စီးပွားရေး တာဝန်ခံနှင့် ဂျပန်နိုင်ငံ Daido Industries မှ တာဝန်ရှိသူတစ်ဦးက အမှာစကား ပြောကြားသည်။

လှူဒါန်းမှုတွင် သွေးနှင့် သွေးပစ္စည်းများ သိုလှောင်ဖြန့်ဖြူးစဉ် အရည်အသွေး ပြည့်မီရန်အတွက် အမျိုးသားသွေးဌာနနှင့် ဆေးရုံများသို့ အပူချိန်ထိန်းသိမ်းမှု စနစ်ဖြစ်သော သွေးသိုလှောင်သည့် ရေခဲသေတ္တာနှင့် သွေးဥမ္မားသိုလှောင်ခန်းတို့ကို နည်းပညာနှင့်အတူ ဂျပန်နိုင်ငံမှ အဖွဲ့အစည်းတစ်ခုက ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အမျိုးသားသွေးဌာန အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများသို့ အန္တရာယ်ကင်းသော သွေးနှင့် သွေးပစ္စည်းများကို ထောက်ပံ့လျက်ရှိပြီး ဆေးရုံများရှိ လူနာများသာမက ပုဂ္ဂလိက ဆေးရုံများမှ လိုအပ်မှုများ အတွက်ပါ ထောက်ပံ့နိုင်ရန် စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ သွေးနှင့်သွေးပစ္စည်းများဖြင့် ထိရောက်စွာကုသနိုင်ရန် အတွက် သွေးကို ထိန်းသိမ်းရေးသည် အရေးကြီးသောကြောင့် သွေးနှင့် သွေးပစ္စည်းများကို သယ်ဆောင်၊ သိုလှောင်၊ ဖြန့်ဖြူးရာတွင် အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်အတွက် ယခုဂျပန်နိုင်ငံမှ လှူဒါန်းသော စက်ပစ္စည်းများနှင့် နည်းပညာများသည်များစွာ အထောက်အပံ့ ပြုမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်အတွင်းက နိုင်ငံတစ်ဝန်း အသုံးပြုခဲ့သော သွေးနှင့်သွေးပစ္စည်းများကို သွေးလှူရှင်ပေါင်း ၄၃၈၃၄၆ ဦး က ထောက်ပံ့လှူဒါန်းခဲ့ပြီး ၇၂ ဒသမ ၀၄ ရာခိုင်နှုန်းမှာ စေတနာ သွေးလှူရှင်များ ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၌ သွေးလှူရှင်ပေါင်း ၁၄၀၄၀၉ ဦးက လှူဒါန်းခဲ့ပြီး ယင်းသည် နိုင်ငံတစ်ဝန်း လိုအပ်ချက်၏ ၆၉ ဒသမ ၀၃ ရာခိုင်နှုန်းအထိ ထောက်ပံ့နိုင်ခဲ့ကြောင်း၊ အသက်ကယ်ကုသရေးအတွက် အရေးကြီးသော သွေးကို ထိန်းသိမ်းရန် နည်းပညာမြင့်မားသော စက်ပစ္စည်းများ လိုအပ်သည့်အတွက် ယခုလှူဒါန်းမှုအပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ငါးနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၉၉ ဘီလီယံကျော် ပြန်ဆပ်ရန်ကျန်ရှိနေ

**မုံရွာ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ် ၃၄ မြို့နယ်မှ တောင်သူများအနေဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ငါးနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၉၉၃၁၉ ဒသမ ၂ သန်းကို ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသေးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဦးမျိုးမြင့်ဦးထံမှ သိရသည်။

"ပြန်လည်ပေးဆပ်ရန်ကျန်ရှိတဲ့ တောင်သူတွေကို အသစ်ထပ်မံထုတ်ချေးပေးတာတော့ မရှိပါဘူး။ စိုက်ပျိုးစရိတ်ချေးငွေတွေ ပြန်လည်ပေးဆပ်ဖို့ကျန်တဲ့ကိစ္စနဲ့ ပတ်သက်လို့ တောင်သူတွေက ပေးဆပ်ဖို့ကျန်တယ်ဆိုတာ ဟုတ် မဟုတ်၊ အလွဲသုံးစွဲထားတာ ရှိ မရှိ၊ ဌာနဝန်ထမ်းတွေ၊ ကျေးရွာတွေက တာဝန်ရှိသူတွေ ပါဝင်ပတ်သက်မှုရှိ မရှိ စတာတွေကို အခု စစ်ဆေးမှုတွေ လုပ်ဆောင်နေတုန်း ရှိပါသေးတယ်"ဟု ၎င်းက ဆက်ပြောသည်။

စိုက်ပျိုးရေးစရိတ်ပြန်လည်ပေးဆပ်ရန် နှစ်အလိုက် ကျန်ရှိမှုမှာ ၂၀၁၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးဆပ်ရန်အချိန်မှ ၂၀၁၇ ခုနှစ် မိုးကြိုကာလ စိုက်ပျိုးစရိတ်ချေးငွေပေးဆပ်ရန်အချိန်အထိ ကျပ် ၆၄၁၅ ဒသမ ၂ သန်း၊ ၂၀၁၈ ခုနှစ် မိုးကြိုကာလ စိုက်ပျိုးစရိတ်ချေးငွေမှ ကျန်ငွေ ကျပ် ၈၅၅ ဒသမ ၁၉ သန်း၊ ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေမှ ကျန်ငွေ ကျပ် ၅၇၃၈၀ ဒသမ ၉၆ သန်း၊ ၂၀၁၈ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေမှ ကျန်ငွေ ကျပ် ၃၄၆၆၇ ဒသမ ၈၅ သန်း ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# မကွေးဆေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ လေ့လာသင်ကြားနိုင်ရန် သက်မဲ့ခန္ဓာအလှူရှင်များ လိုအပ်နေ

**မကွေး ဇွန် ၂**

၂၀၁၂ ခုနှစ်မှ ၂၀၁၉ ခုနှစ် မေ ၃၀ ရက်အထိ မကွေး ဆေးတက္ကသိုလ်သို့ သက်မဲ့ခန္ဓာ လှူဒါန်းရန် စာရင်းပေးထားသူ ၃၀၅ ဦးအထိ ရှိသည့်အပြင် ယခုနောက်ပိုင်းတွင် လူသိများလာ၍ လှူဒါန်းမှု များလာသော်လည်း လိုအပ်ချက်များ ရှိနေသည့်အတွက် သဒ္ဓါတရားထက်သန်သူများအား သက်မဲ့ခန္ဓာ လှူဒါန်းရန် ဖိတ်ခေါ်လိုကြောင်း ဆေးတက္ကသိုလ်(မကွေး) ခန္ဓာဗေဒဌာနမှ ကထိက ဒေါက်တာဥမ္မာလှိုင်က ပြောကြားသည်။

"ကျွန်မတို့ မန္တလေးဆေးကျောင်းတက်တုန်းကတော့ ကျောင်းသား ၁၀ ယောက်ကို ခန္ဓာကိုယ်တစ်ခု လေ့လာခွင့်ရတယ်၊ အခု မကွေးဆေးတက္ကသိုလ်မှာတော့ အုပ်စု(၈)စုခွဲပြီးတော့ ကျောင်းသား ၃၅ ဦးပါဝင်တဲ့ အုပ်စုတစ်ခုကိုမှ ခန္ဓာကိုယ်တစ်ခုပဲ လေ့လာခွင့်ရပါတယ်။ လိုအပ်ချက်တွေ ရှိနေသေးတာပေါ့။ ဒီနှစ်မှာ ပညာသင်ကြားနေတာက ကျောင်းသားကျောင်းသူ ၂၈၆ ဦးရှိပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ရောဂါဝေဒနာ ခံစားနေရသူများအား သက်သာပျောက်ကင်း အောင်ကုသရန် ထူးချွန်သောဆရာဝန်များ ပေါ်ထွက်လာရန် လိုအပ်ပြီး ယင်းသို့ပေါ်ထွက်လာစေရန် ဆေးပညာသင်ကြားနေသူများ လေ့လာနိုင်မည့် သက်မဲ့ခန္ဓာ အလှူရှင်များ လိုအပ်နေကြောင်း၊ လှူဒါန်းသည့်ခန္ဓာကိုယ် များလေ၊ လေ့လာခွင့်ပိုရလေဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများသည် ဆေးတက္ကသိုလ် ဒုတိယနှစ်တွင် ရောဂါမရှိဘဲ သေဆုံးသူများ၏ ခန္ဓာကိုယ်များကို လေ့လာကြရပြီး တတိယနှစ်တွင် ရောဂါဖြင့်သေဆုံးသည့် ခန္ဓာကိုယ်များကို ဆေးရုံများ၌ လေ့လာကြရကြောင်း သိရသည်။

"မိမိရဲ့ခန္ဓာနဲ့ အများပြည်သူ အကျိုးဖြစ်ထွန်းအောင်၊ ဆေးတက္ကသိုလ် ကျောင်းသားကျောင်းသူတွေရဲ့ လေ့လာမှုမှာလည်း အထောက်အကူဖြစ်နိုင်အောင် လာရောက်လှူဒါန်းတာဖြစ်ပါတယ်။ လှူလိုက်ရတဲ့အတွက် ကုသိုလ်ရမယ်ထင်တယ်။ ပီတိလည်း ဖြစ်မိပါတယ်။ ခန္ဓာကိုယ်ကြီးက သေရင်မြေကြီးထဲ ရောက်ရင်ရောက်မယ်။ အုတ်ဂူထဲလား၊ မီးသင်္ဂြိုဟ်စက်ထဲလား ရောက်ချင်ရောက်မယ်။ သက်မဲ့ခန္ဓာကိုယ်ကို လှူလိုက်တော့ ဆေးပညာအတွက် အထောက်အပံ့ဖြစ်ပြီး ဆရာဝန်တွေရဲ့ ကုသရေးအပိုင်းမှာလည်း အကျိုးရှိနိုင်တာကြောင့် လှူဒါန်းကြစေချင်ပါတယ်"ဟု သက်မဲ့ခန္ဓာကိုယ် ကြိုတင်အလှူရှင် တစ်ဦးဖြစ်သူ ဦးကျော်စွာဝင်း (DVB သတင်းထောက်)က တိုက်တွန်းပြောကြားသည်။

မကွေးဆေးတက္ကသိုလ်၌ ၂၀၁၂ ခုနှစ်မှစတင်၍ သက်မဲ့ခန္ဓာ လှူဒါန်းမှုများကို လက်ခံခဲ့ရာ ၂၀၁၂ ခုနှစ်တွင် လေးဦး၊ ၂၀၁၃ ခုနှစ်တွင် လေးဦး၊ ၂၀၁၄ ခုနှစ်တွင် ခုနစ်ဦး၊ ၂၀၁၅ ခုနှစ်တွင် ၁၂ ဦး ၊ ၂၀၁၆ ခုနှစ်တွင် ၂၂ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၃၂ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၁၅၁ ဦးနှင့် ယခုနှစ်တွင် မေ ၃၀ ရက်အထိ ၇၃ ဦး စာရင်းရရှိထားကြောင်း သိရသည်။

"ကျွန်မတို့ အတွေ့အကြုံအရတော့ လာလှူတဲ့သူတွေအနေနဲ့ သူတို့ရဲ့ခန္ဓာကိုယ်ကို စွန့်ပစ်လှူဒါန်းရတာကို ကြည်နူးပီတိဖြစ်ကြတာ တွေ့ရပါတယ်။ ကျွန်မတို့ကျောင်းမှာလည်း ဝိညာဉ်မဲ့မြတ်ဆရာပူဇော်ပွဲတွေလုပ်ခဲ့တာ သုံးကြိမ်ပြီးမြောက်သွားပါပြီ။ ဒီလိုပူဇော်ပွဲတွေမှာလည်း အလှူရှင်တွေရဲ့မိသားစုတွေကို ဖိတ်ပြီး ပန်းခွေချကန်တော့တာတွေ၊ အမှတ်တရ စကားပြောခွင့်တွေရှိတာကြောင့် ကျန်ရစ်သူတွေမှာလည်း ပီတိတွေဖြစ်ကြရပါတယ်"ဟု ဒေါက်တာဥမ္မာလှိုင်က ပြောသည်။

သက်မဲ့ခန္ဓာ လှူဒါန်းထားသူများ၏ မိသားစုဝင်များအနေဖြင့်လည်း အလှူရှင်သေဆုံးပြီး ခြောက်နာရီအတွင်း ဆေးသွင်းရန်အမီ ကြည်ကြည်ဖြူဖြူ ဆက်သွယ် လှူဒါန်းမှုများ ပြုလုပ်ကြကြောင်း၊ သွားလေသူ၏ဆန္ဒနှင့် အလှူဒါနကို ပြည့်မြောက်စေရန် မိသားစုများက ပါဝင်ကြသည့်အတွက် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ကြိုတင်လှူဒါန်းလိုသူများအနေဖြင့် ဆေးတက္ကသိုလ်(မကွေး)သို့ ကိုယ်တိုင်လာရောက်လှူဒါန်းနိုင်ကြပြီး ပတ်စ်ပို့ဓာတ်ပုံ သုံးပုံ၊ မှတ်ပုံတင်မိတ္တူ တစ်စောင်၊ ဆွေမျိုးနီးစပ် အသိသက်သေလက်မှတ်တို့ လိုအပ်ကြောင်း၊ နေမကောင်း အဆင်မပြေ၍ ကိုယ်တိုင်မလာနိုင်ပါကလည်း အိမ်တိုင်ရာရောက် အချက်အလက်များ ရယူပေးကြောင်း၊ လှူဒါန်းရာတွင် ကင်ဆာရောဂါ၊ ဖောရောင်ရောဂါတို့ကြောင့် သေဆုံးသူများ၊ အသက် ၁၈ နှစ်အောက်နှင့် အသက်ကြီးလွန်းပြီး ပိန်ချုံးခြောက်ကပ်၍ သေဆုံးသူများ၊ ကိုယ်ခန္ဓာ ထိခိုက်ဒဏ်ရာရ၍ ပေါက်ပြဲစုတ်ပြတ်သေဆုံးသူများနှင့် ကူးစက်ရောဂါအမျိုးမျိုးကြောင့် သေဆုံးသူများ၏ ခန္ဓာကိုယ်များကို လက်ခံ၍ရမည်မဟုတ်ကြောင်း၊ မသေဆုံးမီကတည်းက ကြိုတင်လှူဒါန်းထားသူများနှင့် ကြိုတင်လှူဒါန်းမှု မပြုခဲ့သော်လည်း လက်ခံ၍ရသော ခန္ဓာကိုယ်များကိုမူ လှူဒါန်းနိုင်ကြောင်း သိရသည်။

လှူဒါန်းမှုများနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးဆေးတက္ကသိုလ် ခန္ဓာဗေဒဌာန ပါမောက္ခ သစ္စာအေးမောင်သန်း ဖုန်း- ၀၉-၅၀၃၉၀၂၇၊ ဒေါက်တာမို့မို့လွင် (ကထိက) ဖုန်း-၀၉ - ၂၅၆၁၅၁၅၁၅၊ ဒေါက်တာဥမ္မာလှိုင် (ကထိက) ဖုန်း-၀၉ - ၇၈၁၃၈၅၉၂၉ နှင့် ဒေါက်တာသီရိနွယ် (လက်ထောက်ကထိက) ဖုန်း - ၀၉ - ၅၃၄၃၀၃၀ တို့ထံ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# မင်းတုန်းမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေဖြင့်ဆောင်ရွက်သော ကွန်ကရစ်တံတား ဖွင့်လှစ်

**မင်းတုန်း ဇွန် ၂**

မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ပိန္နဲပင်ကျေးရွာအုပ်စု သဒ္ဒန်းကျေးရွာရှိ ကျေးရွာအဝင်ကွန်ကရစ်တံတား ဖွင့်ပွဲကို မေ ၃၀ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးသန်းထိုက်ဇော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းထွန်းတို့က အမှာစကားပြောကြား၍ တံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ကျောက်ရိုးစီ ကွန်ကရစ်တံတားသည် အရှည် ပေ ၆၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၂၅ ပေရှိပြီး လူထုဗဟိုပြုစီမံကိန်း ထောက်ပံ့ရန်ပုံငွေ ကျပ် ၁၈၄ သိန်းနှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၁၆၉ သိန်းတို့ဖြင့် လူထုဗဟိုပြုစီမံကိန်းမှ ဝန်ထမ်းများက ကြီးကြပ်ကာ ကျေးရွာနေပြည်သူများကိုယ်တိုင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်နိုင်မှုကြောင့် သဒ္ဒန်းကျေးရွာအပါအဝင် ပိန္နဲကျေးရွာနှင့် ဆင်သေ ကျေးရွာတို့ရှိ အိမ်ခြေ ၂၀၀ ခန့်မှ လူဦးရေ ၇၀၀ နီးပါး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် အဆင်ပြေစေမည်ဖြစ်ကြောင်း သဒ္ဒန်းကျေးရွာ လူထုဗဟိုပြုစီမံကိန်း စီမံခန့်ခွဲရေးနှင့် အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးဘစောမြင့်၏ ပြောကြားချက်အရ သိရသည်။

**သန်းလွင်(မကွေး)**

# ရဲချုပ်တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်း ဗိုလ်စွဲ

**ရန်ကုန် ဇွန် ၂**

ဒုတိယအကြိမ် ရဲချုပ်တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ အသင်းက စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့ အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိကာ အသင်းလိုက် တံခွန်စိုက်ဒိုင်းဆု ဆွတ်ခူးသွားသည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့်ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ၊ အားကစားသမားများ၊ ရဲတပ်ဖွဲ့ဝင် မိသားစုများ တက်ရောက်ကြည့်ရှု အားပေးကြသည်။



**မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက အသင်းလိုက် တံခွန်စိုက်ဒိုင်းဆု ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။**

ထို့နောက်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက အမှာစကားပြောကြားပြီး အမျိုးသား နှစ်ယောက်တွဲ၊ သုံးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရအသင်းများအား တာဝန်ရှိသူများက လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရအသင်းများအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်၏ ဇနီးက လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အသင်းလိုက် တံခွန်စိုက်ဒိုင်းဆု ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းအား ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက တံခွန်စိုက်ဒိုင်း ဆုချီးမြှင့်သည်။

ယင်းပြိုင်ပွဲကို မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့များ၊ လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့များ၊ တပ်ဖွဲ့များ၊ လေ့ကျင့်ရေး သင်တန်းကျောင်းများမှ ပြိုင်ပွဲဝင်အသင်း အမျိုးသား ၂၉ သင်း၊ အမျိုးသမီး ရှစ်သင်း၊ အားကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ထိပ်ဆုံးမှ အား/ကာသိပ္ပံအသင်း ဂိုးပြတ်နိုင်ပွဲရရှိ

**ရန်ကုန် ဇွန် ၂**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ထိပ်ဆုံးမှ အား/ကာသိပ္ပံအသင်း ဂိုးပြတ်နိုင်ပွဲရရှိသည်။

တောင်ဒဂုံကွင်း၌ ကျင်းပသောပွဲတွင် အား/ကာသိပ္ပံအသင်းက အား/ကာဦးစီးဌာနအသင်းကို ၁၁ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာမှ ဖွဲ့စည်းထားသည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ချန်ပီယံမျှော်လင့်ချက်ရှိနေသည့် ထိပ်ဆုံးမှ အား/ကာ သိပ္ပံအသင်းက နိုင်ပွဲရယူကာ ချန်ပီယံမျှော်လင့်ချက်ကို ဆက်လက်ဆုပ်ကိုင်နိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲဂိုးပြတ်အနိုင်ရလဒ်ကြောင့် ဒုတိယနေရာမှ အမှတ်တူရထားသည့် မြဝတီအသင်းထက် ဂိုးကွာခြားချက်တွင် ဆက်လက်အသာရထားပြီး နောက်ဆုံးပွဲတွင် အနိုင်ရရုံဖြင့် ချန်ပီယံဆုရယူနိုင်တော့မည်ဖြစ်သည်။ အား/ကာသိပ္ပံအသင်းသည် အနိုင်သုံးမှတ်အပြင် ဂိုးပြတ်အနိုင်ရရန် လူစုံထုတ်ခဲ့ပြီး အသင်းခေါင်းဆောင် ခင်မာလာထွန်းက ၁၃၊ ၃၄၊ ၄၄၊ ၄၅+၁၊ ၅၉၊ ၆၃ မိနစ်တွင် တစ်ဦးတည်း ခြောက်ဂိုးသွင်းယူခဲ့သည်။ ကျန်အနိုင်ဂိုးများကိုမူ ၅၊ ၁၀ မိနစ်တွင် ရီရီဦး၊ ၆၇ မိနစ်တွင် မိုးမမစိုး၊ ၇၁ မိနစ်တွင် နန္ဒမေသဇင်၊ ၈၁ မိနစ်တွင် ခင်မျိုးဝင်းတို့က သွင်းယူခဲ့သည်။ အား/ကာဦးစီးဌာနအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၉ မိနစ်တွင် မိုးမိုးသန်းက သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် သစ္စာအားမာန်အသင်းက ဂန္ဓမာအသင်းကို ရှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဂျူလိုင်ကျော်က ၈၊ ၂၆၊ ၄၂၊ ၅၉၊ ၆၈၊ ၇၉ မိနစ်တွင် တစ်ဦးတည်း ခြောက်ဂိုးသွင်းယူခဲ့သည်။ ကျန်အနိုင်ဂိုးများကို မိနစ် ၂၀ တွင် ခင်မိုးဝေနှင့် ၈၉ မိနစ်တွင် ခင်မိုမိုထွန်းတို့က သွင်းယူခဲ့သည်။ ပွဲစဉ်(၁၃) အပြီးတွင် အား/ကာသိပ္ပံအသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်းက ၃၄ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး ဂိုးကွာခြားချက် အသာရထားသည့် အား/ကာသိပ္ပံအသင်းက ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲမှာ ပြီးဆုံးတော့မည်ဖြစ်ပြီး နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၄)ကို ဇွန် ၆၊ ၇၊ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

# နှစ်ပေါင်း ၁၁၀ ကျော် သက်တမ်းရှိ ကုက္ကိုင်းရေကူးအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ




**ကုက္ကိုင်းရေကူးအသင်း သဘာပတိ ဒေါက်တာခင်ရွှေ အမှာစကား ပြောကြားစဉ်။**

**ရန်ကုန် ဇွန် ၂**

ကုက္ကိုင်းရေကူးအသင်း၏ နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဆရာစံလမ်းရှိ အဆိုပါရေကူးကန်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ သဘာပတိ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားပြီး ၂၀၁၈-၂၀၁၉ ခုနှစ် အမှုဆောင်ကော်မတီ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အတွင်းရေးမှူး ဦးပြည့်လင်းက ဖတ်ကြားတင်ပြသည်။ ယင်းနောက် စာရင်းစစ်ခန့်အပ်ကာ အမှုဆောင်ကော်မတီဝင်များကို မိတ်ဆက်ပေးသည်။ ဆက်လက်၍ အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးတောက်ထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး အလှည့်ကျသဘာပတိ ဦးငြိမ်းကျော်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ကုက္ကိုင်းရေကူးအသင်း နာယကများ၊ အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး (က) အသင်းဝင်များအတွက် ကံစမ်းမဲဖောက်ပေးသည်။

ကုက္ကိုင်းရေကူးအသင်းကို ၁၉၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၁၁၀ ကျော်ရှိသည့် ရေကူးအသင်းဖြစ်ကာ နှစ်စဉ်ရေကူးသင်တန်းများ ဖွင့်လှစ်ခြင်း၊ အသင်းဝင်များအတွက် ကံစမ်းမဲအစီအစဉ်များ၊ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးလျက်ရှိသည်။

**ဖိုးသော်ဇင်**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**လူကာကူကို ခေါ်ယူရန် စိတ်ဝင်စားနေသည့် ပီအက်စ်ဂျီ**

ပီအက်စ်ဂျီအသင်းသည် မန်ယူအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား လူကာကူ (၂၆ နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဘိုတန်အတွက် ပြောင်းရွှေ့ကြေးသတ်မှတ်လိုက်သည့် ဘိုင်ယန်**

ဘိုင်ယန်မြူးနစ်အသင်းသည် မန်ယူအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသော ဂျာမနီခံစစ်ကစားသမား ဂျရုမီ ဘိုတန် (၃၀ နှစ်)အတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ သတ်မှတ်လိုက်ကြောင်း ဂျာမန်အခြေစိုက် သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**မူနီယာအား အာဆင်နယ်အသင်း ခေါ်ယူလို**

အာဆင်နယ်အသင်းသည် ပီအက်စ်ဂျီအသင်းမှ အသက် ၂၇ နှစ် အရွယ် ညာနောက်ခံကစားသမားသော မက်စ်မူနီယာအား ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဘာစီလိုနာအသင်း ဂရစ်ဇ်မန်းနှင့် နေမာတို့ကို အသင်းသို့ ခေါ်ယူလို**

ဘာစီလိုနာအသင်းသည် အက်သလက်တီကို မက်ဒရစ်အသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား ဂရစ်ဇ်မန်း (၂၈ နှစ်) ကို အသင်းသို့ ခေါ်ယူလိုနေပြီး ဘရာဇီးတိုက်စစ်ကစားသမား နေမာ (၂၇ နှစ်) ကိုလည်း အသင်းသို့ ပြန်လည်ခေါ်ယူလိုနေကြောင်း စပိန်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ကိုလာရော့ဗ်အား ခေါ်ယူရန် စိတ်ဝင်စားနေသည့် အင်တာမီလန်**

အင်တာမီလန်အသင်းသည် ရိုးမားအသင်းမှ ဗဟိုခံစစ်ကစားသမား ကိုလာရော့ဗ် (၃၃ နှစ်)အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း အီတလီအခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**နာပိုလီအသင်းမှ ထွက်ခွာမည့် ဗဟိုခံစစ်ကစားသမား ဟိုင်ဆာ**

နာပိုလီအသင်းမှ အသက် ၂၅ နှစ်အရွယ် ဗဟိုခံစစ်ကစားသမား ဟိုင်ဆာသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာမည်ဟု အတည်ပြုပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းအား ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းလည်း ဖော်ပြထားသည်။

**အောင်ဇော်**

❐ *ကျောဖုံးမှ*

အသင်းနှင့် ဒုတိယအကြိမ် ဗိုလ်လုပွဲသို့ တက်ရောက်ရာတွင် ရီးရဲမက်ဒရစ်ကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဂျာဂျန်ကလော့ဂ်သည် တတိယအကြိမ်မြောက်တွင် လီဗာပူးအသင်း နှင့် ပထမဦးဆုံးအကြိမ် ချန်ပီယံလိဂ်ဖလားကြီးကို ကိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ဂျာမနီနိုင်ငံသား ဂျာဂျန်ကလော့သည် နည်းပြဘဝဖြင့် ဂျာမန်ကလပ် မိန့်ဇ်အသင်း ကို ၂၀၀၀ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ တာဝန်ယူခဲ့ပြီး ဘွန်ဒက်စ်လီဂါဖလား တစ်ကြိမ်ရယူ ခဲ့ပြီး ၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ဒေါ့မွန်အသင်းနှင့် ဘွန်ဒက်စ်လီဂါဖလား နှစ်ကြိမ်၊ ဂျာမန်ပိုကယ်ဖလား တစ်ကြိမ်၊ ဂျာမန်စူပါဖလား နှစ်ကြိမ်နှင့် ချန်ပီယံလိဂ် ဒုတိယ အဆင့်တို့ကို ရယူနိုင်ခဲ့သည်။ လီဗာပူးအသင်းသို့ ကလော့ဂ်သည် ၂၀၁၅ ခုနှစ်တွင် စရောက်ခဲ့ပြီး အင်္ဂလန်လိဂ်ဖလား ဒုတိယ၊ ယူရိုပါလိဂ် ဒုတိယနှင့် ယခု ချန်ပီယံလိဂ် ဖလားကို ရယူနိုင်ခဲ့သည်။

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၂၀၁၈-၁၉ ဖလားကြီးသည် အင်္ဂလန်သို့ ဦးတည်လာသော်လည်း လန်ဒန်မြေသို့ ခြေမချဘဲ မာဆေး၌ ခြောက်ကြိမ်မြောက် ခိုနားခဲ့သည်။ ၁၈၉၂ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် တည်ထောင်ခဲ့သည့် လီဗာပူးအသင်းသည် ၁၂၆ နှစ်ပြည့်မြောက်တွင် ချန်ပီယံလိဂ်ဖလားကြီးကို ရယူနိုင်ခဲ့ပြီး နည်းပြဂျာဂျန်ကလော့ဂ်၏ လက်ဆောင်ကောင်းပင်ဖြစ်ခဲ့ရာ လီဗာပူးအသင်းသည် ချန်ပီယံလိဂ်ဖလားကို ၁၉၇၇၊ ၁၉၇၈၊ ၁၉၈၁၊ ၁၉၈၄၊ ၂၀၀၅ နှင့် ၂၀၁၉ ခုနှစ်တို့တွင် ခြောက်ကြိမ်မြောက်ဆွတ်ခူးထားသည့် တတိယမြောက် အအောင်မြင်ဆုံး အသင်းဖြစ်လာပြီး အင်္ဂလန်ကလပ်များ၏ အအောင်မြင်ဆုံးအသင်းဖြင့်လည်း ရပ်တည်နေသည်။ ချန်ပီယံလိဂ်ဖလားကို ၁၃ ကြိမ်ဖြင့် အများဆုံးရရှိထားသော ရီးရဲမက်ဒရစ်အသင်းသည် အအောင်မြင်ဆုံးအသင်းဖြင့် ဦးဆောင်နေပြီး ဒုတိယနေရာတွင် အေစီမီလန်က ခုနစ်ကြိမ်ဖြင့် ရပ်တည်နေသည်။

**သီဟ**




**လီဗာပူးနည်းပြအား ချန်ပီယံလိဂ်ဆုဖလားနှင့်အတူ တွေ့ရစဉ်။**

◆ *ကျောဖုံးမှ*

ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက ထိန်းကစားခဲ့၍ စစ်ကိုင်းအသင်း အခွင့်အရေးပြန်ရလာပြီး ၇၁ မိနစ်တွင် သန့်ဇင်ဝင်းက ထောင့်ကန်ဘောကို ခေါင်းတိုက်ပြီး ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီး နောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိလာပြီး ၈၄ မိနစ်တွင် ဆယ်လာက ပြစ်ဒဏ်ဘောကို ခေါင်းတိုက်ပြီး ရန်ကုန်အတွက် ဒုတိယဂိုးသွင်းခဲ့သည်။ စစ်ကိုင်းအသင်းသည် ချေပဂိုးပြန်ရပါက အဝေးဂိုးစည်းမျဉ်းဖြင့် ဗိုလ်လုပွဲတက်ရောက်နိုင်မည့် အခွင့်အရေးရှိနေ၍ ဂိုးပြန်ရရန် ကြိုးစားခဲ့ပြီး ၉၀+၂ မိနစ်တွင် ဆယ်လာက တန်ပြန်တိုက်စစ်မှတစ်ဆင့် တတိယဂိုးသွင်းပြီး ရန်ကုန်အသင်းကို အနိုင်သေချာစေခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲများ ပြီးဆုံးသွားပြီဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းတို့ ဗိုလ်လုပွဲတက်ရောက်ခဲ့ကာ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# အမ်းနှင့် ဟိုပုံးမြို့နယ်တို့၌ မီးလောင်မှုဖြစ်၍ တစ်ဦးသေဆုံး

**နေပြည်တော် ဇွန် ၂**

ရခိုင်ပြည်နယ် အမ်းမြို့နယ် အောက်ရွာကျေးရွာနေ ဒေါ်အေးတင်ဝင်း(၄၈ နှစ်)၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် ဇွန် ၁ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်က မီးလောင်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရှိရပြီး သွပ်မိုး၊ ပျဉ်ခင်း၊ ထရံကာ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဒေါ်အေးတင်ဝင်းအား အမ်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ထို့အတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီ ၅ မိနစ်က ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် နားလုံကျေးရွာ၌ အမျိုးသမီးငယ်တစ်ဦး မီးလောင်၍ သေဆုံးသွားကြောင်း သတင်းအရ ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။



အမ်းမြို့နယ်၌ မီးလောင်သည့် နေအိမ်အား ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်။

ဖြစ်စဉ်မှာ မေ ၃၁ ရက် ည ၁၀ နာရီခွဲက အဆိုပါကျေးရွာနေ မနန်းခမ်းပျှဉ်း(၁၅ နှစ်)သည် အိပ်ခန်းအတွင်း၌ ဆိုလာပြားနှင့် ချိတ်ဆက်ထားသည့် ဘက်ထရီအိုးဖြင့် ဖုန်းအားသွင်းနေစဉ် အပူလွန်ကဲ၍ ဖုန်းပေါက်ကွဲပြီး အိပ်ယာခင်းအား မီးစွဲလောင်ခဲ့ကြောင်း၊ ဖုန်းပေါက်ကွဲမှုကြောင့် ၎င်း၏ ခန္ဓာကိုယ်အောက်ပိုင်းအား ထိခိုက်ပြီး သတိလစ်နေစဉ် အိပ်ရာခင်းမှတစ်ဆင့် ခန္ဓာကိုယ်အား မီးစွဲလောင်ကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသဖြင့် ဟိုပုံးမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# နတ်မြစ်အတွင်း မြန်မာနိုင်ငံဘက်ခြမ်းတွင် ငါးခိုးဖမ်းသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦးကို ဖမ်းဆီးရမိ

**မောင်တော ဇွန် ၂**

မောင်တောမြို့၌ ဇွန် ၁ ရက် ည ၉ နာရီ ၁၅ မိနစ်က ဧည့ဝတီရေတပ်စခန်းဌာနချုပ် အကူရေယာဉ်အုပ်(မောင်တော)မှ ဗိုလ်ကြီး ရဲထက်အောင်၊ ငါးမန်းရေယာဉ်ဖြင့် ဒုတပ်ကြပ် ငြိမ်းထွန်းတို့ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မောင်နီရွာအနီး နတ်မြစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းမှ မြန်မာနိုင်ငံဘက်ခြမ်းသို့ ဝင်ရောက်လာသည့် လှေတစ်စင်းအား ရေဒါတွင် တွေ့ရှိရသဖြင့် မီးအချက်ပြခေါ်ယူရာ လာရောက်ခြင်းမရှိဘဲ ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့သည်။ အဆိုပါလှေအား မန်ကျည်းချောင်းဝအနီးတွင် စက်တပ်ငါးဖမ်းလှေ(အလျား ၂၄ ပေ၊ အနံ ခုနစ်ပေ၊ ရေစူး သုံးပေခန့်၊ ဂီယာဘောက်တွဲလျက်၊ သစ်သားကိုယ်ထည်)တစ်စင်း၊ Symphony တံဆိပ် နှင့် Winster တံဆိပ်ပါ လက်ကိုင်ဖုန်း(ဆင်းကတ်ပါ)နှစ်လုံး၊ ဘင်္ဂလားတာကာငွေ ၇၅ တာကာတို့အား အမျိုးသားနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူနှစ်ဦးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်မြို့ ဆားပြင်မြောက်ရွာနေသူ အေနာ့ယက်တူလာ(ဘ)လာများ(၂၂ နှစ်)နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်မြို့ ဆားပြင်ကျေးရွာအုပ်စု မိစ်တရီရွာနေသူ အာယာစ်(ဘ)အဒူရှု(၁၈ နှစ်) တို့ဖြစ်ပြီး ၎င်းတို့နှစ်ဦးကို စစ်ဆေးချက်အရ မြန်မာနိုင်ငံရေပိုင်နက်အတွင်း ငါးခိုးဖမ်းရန်အတွက် ဘင်္ဂလားဒေ့ရှ် တက္ကနက်မြို့နယ် ရှင်ဖြူမကျွန်း မြောက်ရွာမှ ထွက်ခွာလာပြီး မြန်မာနိုင်ငံရေပိုင်နက်အတွင်း ပိုက်ချငါးခိုးဖမ်းနေစဉ် ယခုကဲ့သို့ ဖမ်းဆီးခံရခြင်းဖြစ်သည်ဟု ဆိုသည်။ ၎င်းတို့နှစ်ဦးအား သက်ဆိုင်ရာနယ်မြေရဲစခန်းအား လွှဲပြောင်းအပ်နှံရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# မြန်မာ့ရုပ်မြင်သံကြား

၃-၆-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၄၀ - MRTV Travelogue
- ၉း၁၀ - မြို့ပြစုန်းပြူးများ
- ၉း၁၅ - BBC Click
- ၁၀း၃၀ - မိုးကြိုးပစ်ခြင်းနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်
- ၁၀း၃၅ - ဂုဏ်ယူဝင့်ကြွားတို့ လယ်သမား "စိုက်ပျိုးဖြစ်ထွန်းနေသော အာဟာရပြည့်ဝတဲ့ ဂျပန်ဆန်"
- ၁၀း၅၀ - လုံမမှတ်စု(၈၉)
- ၁၀း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂း၃၀ - အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ
- ၁၄း၀၅ - Tasty Trip

**ညပိုင်း**

- ၁၆း၂၅ - လျှော်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (ရုပ်သံ/ဇာတ်လမ်း)
- ၁၆း၃၀ - အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ
- တတိယနှစ်(ပထဝီဝင် အထူးပြု)(ပထဝီဝင်)
- ၁၇း၀၅ - This Week's Special Interest
- ၁၇း၃၅ - Yes or No Talk Show
- ၁၈း၃၀ - ဥပဒေရေးရာအဖြာဖြာ "အသိသက်သေ"
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "Channel Zero" (အပိုင်း-၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "ရက္ခိုတမြေက မြတ်နိုးဖွယ်ရာ လက်မှုပညာအနုပညာ (ပန်းတဉ်း)"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ယောကျ်ားတံခွန်" (အပိုင်း-၈)

# မင်းလှမြို့ အုတ်တွင်းကျေးရွာအနီး တစ်ရက်တည်းယာဉ်တိမ်းမှောက်မှု နှစ်ကြိမ်ဖြစ်ပွား

**မင်းလှ ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် စစ်ကွင်းမြို့ အုတ်တွင်းတာဆုံအနီးတွင် ဇွန် ၂ ရက် နံနက် ၁၁ နာရီခွဲက ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၉၆/၀) နှင့်(၉၆/၁) အကြားတွင် ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပြည်ကားလမ်းမ အတိုင်း လက်ပံတန်းမြို့မှ မင်းလှဘက်သို့ ယာဉ်မောင်း မျိုးကျော်အောင် မောင်းနှင်ပြီး မျိုးကိုကိုနှင့် လွှမ်းမိုးတို့ လိုက်ပါစီးနင်းလာသော BAGO 6M/----- ဒိုင်နာအဖြူရောင် ဘီယာဘူး၊ ဘီယာပုလင်းများ သယ်ဆောင်လာသော ယာဉ်သည် မောင်းနှင်နေစဉ် နောက်ပိုင်းကိုယ်ထည် ပြုတ်ထွက်သွားပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းရှိ သစ်ပင်အား ဝင်တိုက်မိရာ ယာဉ်မောင်းနှင့် လိုက်ပါသူ နှစ်ဦးမှာ (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့သဖြင့် စစ်ကွင်းနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

အလားတူ ယင်းနေရာအနီးတွင် မွန်းလွဲ ၂ နာရီခွဲက အုတ်ဖို-ရန်ကုန်ပြေးဆွဲသော အောင်ရတနာ ခရီးသည်တင်ယာဉ် အမှတ် 9N/------ သည် ရန်ကုန်မှ အုတ်ဖိုဘက်သို့ ယာဉ်မောင်း သက်ထွန်းဦး မောင်းနှင်ပြီး ခရီးသည် ၁၇ ဦး လိုက်ပါစီးနင်းလာသော ယာဉ်သည် မောင်းနှင်နေစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းရှိ သစ်ပင်အား ဝင်တိုက်ကာ လယ်ကွင်းထဲသို့ တိမ်းမှောက်ခဲ့ရာ လေးဦး (စိုးရိမ်ရ) ဒဏ်ရာရရှိပြီး ၁၃ ဦး (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မင်းလှမြို့ စစ်ကွင်းနယ်မြေရဲစခန်းက ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း သက်ထွန်းဦးအား အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**



ရန်ကုန်-ပြည်ကားလမ်း၌ တိမ်းမှောက်သည့် ခရီးသည်တင်ယာဉ်ကို တွေ့ရစဉ်။

# မရမ်းချောင်စစ်ဆေးရေးစခန်းမှ ရှောင်တခင်စစ်ဆေးစဉ် လိုင်စင်မဲ့ယာဉ်ကိုးစီး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃၁ စီး၊ သွင်းကုန် ၁၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂ စီး၊ သွင်းကုန် ၁၄၂ စီး ကုန်စည်များ သယ်ယူဆောင်ပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈ ဒသမ ၀၉ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် ရွှေအုန်းပင်ထမင်းဆိုင်အနီး၊ ရွှေဖြူရော်ဘာခြံအနီး၊ လက်ပြကျေးရွာအနီး၊ ဘဲလေးထမင်းဆိုင်အနီးနှင့် စိန်ကလဲ့လမ်းခွဲတို့တွင် ရပ်တန့်ထားသော တရားမဝင်လိုင်စင်မဲ့ Honda Edix BE4 တစ်စီး၊ Toyota Ratis Scp 100 တစ်စီး၊ Ford Ranger တစ်စီး၊ Toyota Crown နှစ်စီး၊ Nissan X Trail တစ်စီး၊ Toyota Probox တစ်စီး၊ Toyota Wish တစ်စီး၊ Toyota Voxy တစ်စီး စုစုပေါင်းယာဉ် ကိုးစီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကောလင်းမြို့နယ်တွင် တရားမဝင်ရွှေတူးဖော်သူ မြေပိသေဆုံး

**ကောလင်း ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျွန်းတောကျေးရွာအနီးတွင် ဇွန် ၁ ရက်က တရားမဝင် ရွှေတူးဖော်သူ အမျိုးသားတစ်ဦး မြေစာပိသေဆုံးသွားကြောင်း သိရသည်။

အဆိုပါ သတင်းအရ ကောလင်းမြို့မရဲစခန်းမှူး ဒုရဲမှူး ငွေမျိုးမြင့်နီ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ကောလင်းမြို့နယ် ကျွန်းတောကျေးရွာနေ ဇော်မင်းဦးဆိုသူသည် ကျွန်းတောကျေးရွာအနီး တောအတွင်း တရားမဝင်ရွှေတူးနေစဉ် ရုတ်တရက်မြေစာများ ပြိုကျလာပြီး မြေပိသေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကောလင်းမြို့မရဲစခန်းက သေမှုသေခင်းရေးဖွင့် စစ်ဆေးနေကြောင်း သိရသည်။

**လူအောင်(ကသာ)**

# လှိုင်မြို့နယ်၌ လူတစ်ဦး ရထားနှင့်တိုက်မိ၍ ဒဏ်ရာရ

**ရန်ကုန် ဇွန် ၂**

လှိုင်မြို့နယ် အမှတ် ၃၅ မာလာမြိုင် ၅ လမ်း ၁၆ ရပ်ကွက်တွင် နေထိုင်သူ ဦးတင်ဝင်းသည် ယမန်နေ့ည ၁၁ နာရီခွဲခန့်က မေတ္တာဝါဒီဘုန်းကြီးကျောင်းရှေ့တွင် ရထားဖြင့် တိုက်မိကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိသူ ဦးတင်ဝင်းအား ရန်ကုန်ဆေးရုံကြီးသို့ လှိုင်လူမှုကယ်ဆယ်ရေး ကားဖြင့် ပို့ဆောင်ပေးခဲ့ရာ ဒဏ်ရာအနည်းငယ်ရရှိ၍ မစိုးရိမ်ရကြောင်း သိရသည်။

**သန္တာမေ (ပြန်/ဆက်)**

# နောင်ချိုမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက် နံနက် ၈ နာရီတွင် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ကိုလေး(ခ) အေးကို မောင်းနှင်ပြီး မအေးလုံ လိုက်ပါလာသည့် နစ်ဆန်းအမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀၊ ဘိန်းစိမ်း ၁ ကီလို၊ ငွေကျပ် ၅၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



ကိုလေး(ခ) အေးကို၊ အေးလုံတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ဂိုလန်ကုန်းမြင့်ဒေသကို ဒုံးကျည်တိုက်ခိုက်မှုလုပ်ခဲ့သည့်အတွက် အစ္စရေးက ဆီးရီးယားကိုတိုက်ခိုက်

**ဂျေရုဆလင် ဇွန် ၂**

သိမ်းပိုက်ခံဂိုလန်ကုန်းမြင့်ဒေသအတွင်းရှိ ဟာမွန်တောင်ကုန်းကို ဆီးရီးယားက ဒုံးကျည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်ကို တုံ့ပြန်သည့်အနေဖြင့် ဆီးရီးယား တပ်များတည်နေရာများကို အစ္စရေးကြည်းတပ်က တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ဇွန် ၂ရက် တွင် ပြောကြားခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဆီးရီးယားကိုတိုက်ခိုက်ရန် ၎င်းအမိန့်ပေးလိုက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြီးခဲ့သည့် စနေနေ့နှောင်းပိုင်းက ဟာမွန်တောင်ကုန်းကို ဆီးရီးယားဘက်မှ ဒုံးကျည်နှစ်စင်းဖြင့် တိုက်ခိုက်ခဲ့ရာ ဒုံးကျည်တစ်စင်းကို အစ္စရေးနယ်နိမိတ်အတွင်း တွေ့ရှိခဲ့ရကြောင်း စစ်ဘက်ကပြောသည်။

ဆီးရီးယားဘက်မှ ထိုသို့တိုက်ခိုက်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးတပ်ဖွဲ့သည် ဂိုလန်ကုန်းမြင့်ပေါ်ရှိ ဆီးရီးယားအမြောက်တပ်ခွဲနှစ်ခု၊ အကဲကြည့်နေရာနှင့် ထောက်လှမ်းရေးအဖွဲ့တည်နေရာအများအပြားနှင့် SA- 2 လေကြောင်း ကာကွယ်ရေးတပ်ခွဲ တစ်ခုတို့ကို တိုက်ခိုက်ခဲ့ကြောင်း ဇွန် ၂ ရက်တွင် ဖော်ပြခဲ့သည်။

ဆီးရီးယားဘက်မှ တိုက်ခိုက်မှုကြောင့် အစ္စရေးလေကြောင်းကာကွယ်ရေးစနစ်တွင် သတိပေးအချက်ပြမှု ဖြစ်ပေါ်ခဲ့ကြောင်းနှင့် ဒုံးကျည်တစ်စင်းမျှ အစ္စရေး၌ ပေါက်ကွဲခဲ့ခြင်းမရှိကြောင်း သိရသည်။ ဆီးရီးယားနှင့် အီရန်တပ်ဖွဲ့များနှင့် လက်ဘနွန်ရှိ ဆီးရီးယားမဟာမိတ် ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများ တပ်စွဲထားသည့် လက်နက်သိုလှောင်ရုံများနှင့် ကက်စဝါဒေသရှိ တည်နေရာများကို ပစ်မှတ်ထားတိုက်ခိုက်ခံခဲ့ရကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



အစ္စရေးတပ်ဖွဲ့မှ သံချပ်ကာယာဉ်များကို တွေ့ရစဉ်။

# စာချုပ်မရှိဘဲ အီးယူမှ နုတ်ထွက်မှု ဆက်လက်လုပ်ဆောင်ရန် ဗြိတိန်ကို ထရမ့်တိုက်တွန်း

**လန်ဒန် ဇွန် ၂**

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂ(အီးယူ) မှနုတ်ထွက်ရာတွင် သဘောတူစာချုပ်မပါဘဲ နုတ်ထွက်ရန်နှင့် နုတ်ထွက်ကြေးအဖြစ် ပေါင် ၃၉ ဘီလီယံကိုလည်း ပေးဆောင်ခြင်းမပြုဘဲငြင်းဆိုရန် အမေရိကန်သမ္မတ ထရမ့်က သည်ဆန်းဒေးတိုင်းမ် သတင်းစာသို့ ပြောသည်။ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ၏ နေရာတွင် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဘောရစ်ဂျွန်ဆင်ကို အစားထိုးပါက ကောင်းမွန်သည့် ဝန်ကြီးချုပ်တစ်ဦး ဖြစ်လာနိုင်သည်ဟု ထင်မိကြောင်း ထရမ့်က ပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် ဇွန်လ ၇ ရက်တွင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးအဖြစ်မှ နုတ်ထွက်မည်ဖြစ်သည်။ ဗြိတိန်ပါလီမန်တွင် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရန် မစွမ်းဆောင်နိုင်ခဲ့သည့်နောက်ပိုင်းတွင် ရာထူးမှနုတ်ထွက်ရန်ဖြစ်လာခဲ့သည်။ အမေရိကန်သမ္မတ ထရမ့်သည် တနင်္လာနေ့မှစကာ ဗြိတိန်သို့ သုံးရက်ကြာခရီး လာရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘက် ၂ နှင့်တွေ့ဆုံသွားမည်ဖြစ်ပြီး ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်သည်။ သည်ဆန်းဒေးတိုင်းမ် သတင်းစာနှင့် အင်တာဗျူးတွင် ထရမ့်က ဗြိတိန်အစိုးရသည် နုတ်ထွက်ရေးစာချုပ်ကိုဆွေးနွေးရာ၌ ၎င်း၏ စည်းမျဉ်းများအတိုင်း လုပ်ဆောင်သွားသင့်ကြောင်း ပြောခဲ့သည်။

"တကယ်လို့များ ဗြိတိန်အစိုးရအလိုရှိတဲ့ သဘောတူညီမှု၊ မျှတမှုရှိတဲ့ သဘောတူညီမှု မရခဲ့ဘူးဆိုရင် ဒီစာချုပ်ကို ဒီအတိုင်းထားခဲ့ဖို့ပဲရှိတယ်" ဟုပြောသည်။ ၂၀၁၆ခုနှစ်က ပြုလုပ်ခဲ့သည့် လူထုဆန္ဒခံယူပွဲတွင် ဗြိတိန်မဲဆန္ဒရှင်အများစုက ဥရောပသမဂ္ဂမှ နုတ်ထွက်ရန် မဲပေးခဲ့ကြသည်။

ယင်းကဲ့သို့ နုတ်ထွက်မှုမှာ ယခုနှစ် မတ်လတွင် လုပ်ဆောင်ရမည်ဖြစ်သော်လည်း ဗြိတိန်ပါလီမန်တွင် သဘောတူညီမှု မရသည့်အတွက် နှစ်ကြိမ်တိုင်တိုင် နှောင့်နှေးကြန့်ကြာခဲ့ရသည်။ ဗြိတိန်နိုင်ငံသို့ သမ္မတထရမ့် လာရောက်မှုမှတစ်ဆင့် ဗြိတိန်နှင့် အမေရိကန်တို့ကြား လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ်ကို ဆက်လက်ဖော်ဆောင်နိုင်မည်ဟု ဗြိတိန်ဘက်က မျှော်လင့်ထားသည်။

ဝန်ကြီးချုပ် ထရီဆာမေနုတ်ထွက်မည်ဟု ကြေညာမှုအပြီး ကွန်ဆာဗေးတစ်အမတ်များသည် ပါတီခေါင်းဆောင်နှင့် ဝန်ကြီးချုပ်နေရာအတွက် ယှဉ်ပြိုင်ကြရန် ပြင်ဆင်နေကြသည်။ ထိုအထဲတွင် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဂျွန်ဆင်သည် ရေပန်းစားလျက်ရှိသည်။

**အေအက်ဖ်ပီ**



ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေနှင့်အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁၃ ရက်နေ့က ဝန်ကြီးချုပ်၏ ကျေးလက်နေအိမ်၌ တွေ့ရစဉ်။

## တောင်ကိုရီးယား၊ ဂျပန်နှင့် အီးယူမှ ကိုယ်စားလှယ်များ ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက်ကင်းစင်ရေး အပြုသဘော ဆွေးနွေး

**စင်ကာပူ ဇွန် ၂**

တောင်ကိုရီးယားနှင့်ဂျပန်မှ ကာကွယ်ရေးဝန်ကြီးများနှင့် အီးယူမှ လုံခြုံရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များသည် လွန်ခဲ့သည့် တစ်နှစ်ခွဲကာလအတွင်း ကိုရီးယားကျွန်းဆွယ်တွင် အပြုသဘော ဖွံ့ဖြိုးတိုးတက်မှုများကို ကြိုဆိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ စနေနေ့က ပြုလုပ်ခဲ့သည့် (၁၈)ကြိမ်မြောက် ရှန်ဂရီလာဆွေးနွေးပွဲတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

မျက်နှာစုံညီဆွေးနွေးပွဲတွင် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး Jeong Kyeong-doo က အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ နှစ်ကြိမ်တွေ့ဆုံခဲ့ကြပြီး ကိုရီးယားနှစ်နိုင်ငံကြား ဆွေးနွေးပွဲသုံးကြိမ် ပြုလုပ်ခဲ့ကြကြောင်း၊ ယင်းသို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည့်အတွက် ဒေသတွင်း စစ်ရေးအရ တင်းမာမှုများကို လျှော့ချနိုင်ခဲ့ကြောင်း ပြောသည်။

ထို့အပြင် ၂၀၁၈ ခုနှစ်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းတို့ လက်မှတ်ရေးထိုးခဲ့သည့် ပန်မွန်ဂျုံကြေညာစာတမ်း၏ သိသာထင်ရှားသည့် အောင်မြင်မှုများကို ကြိုဆိုကြောင်း ၎င်းက ဆက်ပြောသည်။ ပန်မွန်ဂျုံစာချုပ်အရ ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက်ကင်းစင်ရေးကို နှစ်ဖက်စလုံးမှ သဘောတူခဲ့ကြသည်။

အမေရိကန်အစိုးရသည် မြောက်ကိုရီးယားအစိုးရနှင့် သံတမန်ရေးရာအရ ဆက်လက်ဆွေးနွေးကြဆဲဖြစ်သည်။ အချင်းချင်းရန်စောင်ခြင်းများမှ ရှောင်ရှားပြီး နှစ်ဖက်စလုံးကြားရှိနေသည့် ကွက်လပ်များကို ဖြည့်ဆည်းရန် ကြိုးစားကာ နောက်ထပ်တိုးတက်မှုများရှိလာအောင် ကြိုးပမ်းနေသည်ဟု ၎င်းက ဆက်ပြောသည်။

(၁၈)ကြိမ်မြောက် ရှန်ဂရီလာဆွေးနွေးပွဲကို စင်ကာပူနိုင်ငံ၌ သောကြာနေ့က စတင်ခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့် အာရှ-ပစိဖိတ် စိန်ခေါ်မှုများကို ဆွေးနွေးသွားရန် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံအသီးသီးမှ ကာကွယ်ရေးဝန်ကြီးများ၊ လုံခြုံရေးဆိုင်ရာကျွမ်းကျင်သူများ၊ သံတမန်များ တက်ရောက်ခဲ့ကြပြီး အကြောင်းအရာများစွာကို ဆွေးနွေးခဲ့ကြသည်။

**ဆင်ဟွာ**

# ဂျေရုဆလင်ရှိ ဘာသာရေးအထွတ်အမြတ်နေရာတွင် ရုန်းရင်းဆန်ခတ်ဖြစ်ပွား

**ဂျေရုဆလင် ဇွန် ၂**

ဂျေရုဆလင်မြို့ရှိ ဘာသာရေးနယ်မြေတစ်ခုတွင် မေ ၆ ရက်က ပါလက်စတိုင်းမှ ဆုတောင်းဝတ်ပြုသူများနှင့် အစ္စရေးရဲတပ်ဖွဲ့တို့ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အစ္စလာမ်ဘာသာဝင်များ၏ ထူးမြတ်သည့်လရာသီဖြစ်သည့် ရာမာဒန်ဥပုသ်လ နောက်ဆုံးရက်များနှင့် အစ္စရေးရုံးပိတ်ရက်တိုက်ဆိုင်နေချိန်တွင် ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အယ်လ်ဘက်ဆာဘာသာရေး အဆောက်အအုံပရိဝုဏ်သို့ လာရောက်လည်ပတ်ကြသည့် ဂျူးလူမျိုးများကို အစ္စလာမ်ဘာသာဝင်ဆုတောင်းဝတ်ပြုသူများက ဒေါသထွက်ခဲ့ရာမှ ရုန်းရင်းဆန်ခတ်ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။ အယ်လ်အက်ဆာဘာသာရေးအဆောက်အအုံသည် အစ္စလာမ်ဘာသာဝင်များနှင့် ဂျူးဘာသာဝင်များအတွက် အထွတ်အမြတ်နေရာဖြစ်သည်။

ရဲတပ်ဖွဲ့၏ ပြောပြချက်အရ ဆန္ဒပြသူများသည် ဘာသာရေးအဆောက်အအုံအတွင်း၌ ပိတ်ဆို့တားဆီးမှုများ လုပ်ဆောင်ခဲ့ပြီး လူစုခွဲရန်ကြိုးပမ်းသည့် ရဲတပ်ဖွဲ့ဝင်များကို ထိုင်ခုံများ၊ ကျောက်တုံးများဖြင့် ပစ်ပေါက်ခဲ့ကြသည်။ ရဲတပ်ဖွဲ့က ရော်ဘာကျည်ဆန်များ၊ ငရုတ်ကောင်းဖျန်းဆေးများကို အသုံးပြုခဲ့ပြီး လူနှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အယ်လ်ဘက်ဆာဘာသာရေး အဆောက်အအုံပရိဝုဏ်သည် ဂျေရုဆလင်အရှေ့ပိုင်းတွင် တည်ရှိပြီး ဂျူးလူမျိုးများက Temple Mount ဟု ခေါ်တွင်ကြသည်။ အဆိုပါနေရာသို့ ပြီးခဲ့သည့် အင်္ဂါနေ့မှစတင်ကာ ဂျူးလူမျိုးများကို ဝင်ရောက်ခွင့်ပေးခဲ့ပြီး ဇွန် ၂ ရက်တွင် ပထမဆုံးအကြိမ် လာရောက်လည်ပတ်ခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**



အယ်လ်ဘက်ဆာ ဘာသာရေးအဆောက်အအုံ၌ ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေစဉ်။

# နှစ်နိုင်ငံ ကုန်သွယ်ရေးတင်းမာမှုတွေ ပိုဆိုးလာတဲ့ အမေရိကန်နဲ့ တရုတ်

**ထွန်းသစ်စ**

**နည်းပညာကုမ္ပဏီဖြစ်တဲ့ ဟွာဝေးအပေါ် ထောက်ပံ့မှုတွေ ဖြတ်တောက်လိုက်တဲ့အတွက် တရုတ်နိုင်ငံဟာ အမေရိကန်နိုင်ငံအပေါ် လက်တုံ့ပြန်တဲ့အနေနဲ့ ဇွန် ၁ ရက်က ဘီလီယံချီတန်တဲ့ အမေရိကန်ကုန်ပစ္စည်းတွေအပေါ် အခွန်တိုးမြှင့်လိုက်ကြောင်း သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။ လတ်တလောမှာ တရုတ်နဲ့ အမေရိကန်နှစ်နိုင်ငံကုန်သွယ်ရေးဟာ လွယ်မယောင်နဲ့ ခက်ဆိုသလို ဖြစ်နေပါတယ်။**



ပေကျင်း၌ ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံ ကုန်သွယ်ရေးဆွေးနွေးပွဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို တွေ့ရစဉ်။

## စွပ်စွဲခဲ့

တရုတ်နိုင်ငံဟာ ၆၀ ဘီလီယံခန့် တန်ဖိုးရှိတဲ့ အမေရိကန်ကုန်ပစ္စည်းတွေအပေါ် ငါးရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ အခွန်တိုးမြှင့်ကောက်ခံလိုက်တာဖြစ်ပါတယ်။ ဒါကလည်းအကြောင်းရှိပါတယ်။ ဒီမတိုင်ခင်က အမေရိကန်နိုင်ငံဟာ ဘီလီယံ ၂၀၀ တန်ဖိုးရှိတဲ့ တရုတ်ကုန်ပစ္စည်းတွေအပေါ် ၂၅ ရာခိုင်နှုန်းခန့် အခွန်တိုးမြှင့်ကောက်ခံခဲ့ပါတယ်။ ဒါကို လက်တုံ့ပြန်တဲ့သဘောလည်း ဖြစ်ပါတယ်။

နှစ်နိုင်ငံ ကုန်သွယ်ရေးညှိနှိုင်းမှုမှာ သဘောတူညီချက်မရဘဲ ပြီးဆုံးခဲ့ပြီးနောက် အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ဟာ လွန်ခဲ့တဲ့လက ကုန်သွယ်ရေးစစ်ပွဲကို ပြန်လည်စတင်ခဲ့ကြတာ ဖြစ်ပါတယ်။ ကုန်သွယ်ရေးညှိနှိုင်းမှုအပိုင်းမှာတော့ အမေရိကန်ညှိနှိုင်းသူတွေက တရုတ်ညှိနှိုင်းသူတွေကို အရင်ကထားခဲ့တဲ့ ကတိကဝတ်တွေကို ဖျက်တယ်ဆိုပြီး စွပ်စွဲခဲ့တာတွေလည်း ရှိခဲ့ပါတယ်။

## ပါးရိုက်ရင် နားကိုက်မယ်

ပါးရိုက်ရင် နားကိုက်မယ့် အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ရဲ့ကုန်သွယ်ရေးဟာ မကြာသေးခင် ရက်သတ္တပတ်အတွင်းမှာ တင်းမာမှုတွေ မြင့်တက်လာခဲ့ပါတယ်။ အမေရိကန်နိုင်ငံဟာ ဟွာဝေးကုမ္ပဏီကို အမျိုးသားလုံခြုံရေးနဲ့ပတ်သက်ပြီး အမည်ပျက်စာရင်းသွင်းတာတွေ၊ ကုမ္ပဏီရဲ့ကမ္ဘာ့မျှော်မှန်းချက်တွေကို ခြိမ်းခြောက်တာတွေ စတဲ့ လှုပ်ရှားဆောင်ရွက်မှုတွေ ပြုလုပ်ပြီးနောက်ပိုင်းမှာ နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုတွေဟာ အတိုင်းထက်အလွန်ကို ဖြစ်လာကြပါတယ်။

တန်ပြန်တိုက်ခိုက်တော့မယ့်သဘော တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက မေ ၃၁ ရက်က ပြောကြားခဲ့ပြီး တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးဆိုင်ရာ စာချုပ်တွေ ချိုးဖျက်ခဲ့တဲ့၊ ယုံကြည်စိတ်ချလို့မရတဲ့ လူ သို့မဟုတ် ကုမ္ပဏီစာရင်းတွေနဲ့ တရုတ်ကုမ္ပဏီတွေကို ထောက်ပံ့မှုတွေရပ်တန့်လိုက်တဲ့ အမည်စာရင်းတွေကို ထုတ်ပြန်သွားဖို့လည်းရှိကြောင်း သိရပါတယ်။

တရုတ်နိုင်ငံရဲ့တန်ပြန်တိုက်ခိုက်မှုတွေကိုတော့ မိမိတို့ပြောသလို မိမိတို့ လုပ်နိုင်တယ်လို့ စီစီတီဗွီရဲ့အစီအစဉ်ကြေညာသူ ကန်ဟွေ့က မေ ၃၁ ရက်က ပြောပါတယ်။ ဆွေးနွေးညှိနှိုင်းမှုတွေလုပ်ဖို့ မိမိတို့တွေ တံခါးတွေအမြဲဖွင့်ထားကြောင်းနဲ့ တိုက်ခိုက်မှုတွေလုပ်မယ်ဆိုပါကလည်း အဆုံးထိတိုက်ခိုက်သွားမှာဖြစ်တယ်လို့ သူက ဆက်လက်ပြောခဲ့ပါတယ်။

## ဖရိုဖရဲဖြစ်စေ

အမေရိကန်နဲ့ တရုတ်နိုင်ငံရဲ့ကုန်သွယ်ရေးတင်းမာမှုဟာ ကမ္ဘာ့ကုန်သွယ်ရေးအခြေအနေကို တစ်မျိုးတစ်မည်ပြောင်းလဲသွားနိုင်စွမ်းရှိပါတယ်။ အမေရိကန်ဟာ တရုတ်ပို့ကုန်တွေအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုတွေ လုပ်ခဲ့ရာမှ တရုတ်နိုင်ငံရဲ့ ကုန်စည်တင်ပို့မှုဈေးကွက်ဟာ ကမောက်ကမဖြစ်ခဲ့ပြီး တရုတ်ငွေကြေးတန်ဖိုးအနည်းငယ် ကျဆင်းခဲ့ရပါတယ်။ တစ်ဖက်မှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ကုန်သွယ်ရေးနဲ့ ပတ်သက်တဲ့ မူဝါဒအခင်းအကျင်းကြောင့် အမေရိကန်ဒေါ်လာဟာ အတက်ဘက်သို့ ဦးတည်လာခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့အစိုးရအဖွဲ့ဟာ တရုတ်ပို့ကုန်တွေအပေါ် နောက်ထပ်အခွန်တိုးမြှင့်ကောက်ခံမှုတွေ ပြုလုပ်ခဲ့သလို တရုတ်နိုင်ငံကလည်း အခုလို အမေရိကန်ရဲ့ကုန်သွယ်ရေးအပေါ် အခွန်တိုးမြှင့်ကောက်ခံတာကစလို့ အမေရိကန်ရဲ့ ကုန်သွယ်ရေးမူဝါဒကို လုံးလုံးမကြိုက်တဲ့အတွက် လက်စားချေတုံ့ပြန်မှုတွေလည်း ပြုလုပ်နေတာကို တွေ့မြင်နေရပါတယ်။

အမေရိကန်နိုင်ငံရဲ့ အခွန်စည်းကြပ်မှုတွေဟာ အရေးပေါ်အခြေအနေတွေကို ဖြစ်ပေါ်စေပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အခွန်စည်းကြပ်မှုဟာ တရုတ်နိုင်ငံကို ရိုက်ခတ်စေပါတယ်။ ထို့အတူပဲ ဆိုးရွားလှတဲ့ ကုန်သွယ်မှုသဘောတူညီချက်တွေကို ဖရိုဖရဲဖြစ်စေပါတယ်။

## ဖြန့်ကြက်

တရုတ်နိုင်ငံကလည်း စီးပွားရေးမှာ ကမ္ဘာ့ဒုတိယ နေရာမှာ ရပ်တည်နိုင်တာနဲ့ အညီ သူကလည်း ဘယ်နည်းနဲ့မဆို အမေရိကန်ကို ဖြတ်ကျော်ဖို့ ကြိုးစားနေတဲ့သူလည်း ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ကုန်သွယ် ရေးနည်းဗျူဟာ ပြောင်းလဲမှုကြောင့်သာ လတ်တလောမှာ အခွင့်မသာသေးသလိုဖြစ်နေပေမယ့် နောင်တစ်ချိန်ချိန်မှာ ဘယ်နည်းနဲ့မဆို အမေရိကန်ကို ဖြတ်ကျော်ဖို့ ကြိုးစားဦးမှာပဲ ဖြစ်ပါတယ်။

ဆိုးရွားနေတဲ့ ကမ္ဘာ့ကုန်သွယ်ရေး တင်းမာမှုတွေကို လျော့နည်းစေဖို့ အမေရိကန်ပြည်ထောင်စု၊ တရုတ်နဲ့ ရုရှားနိုင်ငံတို့ကို အတူတကွလုပ်ဆောင်သွားဖို့နဲ့ အကယ်၍ သူတို့တွေသာ အတူတကွ လက်တွဲမလုပ်ဆောင်နိုင်ပါက ကုန်သွယ်ရေးမှာ ပဋိပက္ခတွေနဲ့ ဖရိုဖရဲဖြစ်ကုန်တော့မှာပဲဆိုပြီး မကြာသေးမီက ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်ခ်က တိုက်တွန်းခဲ့တာလည်း ရှိပါတယ်။

အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ရဲ့ကုန်သွယ်ရေးစစ်ပွဲ အသွင်ဆောင်နေမှုအကျိုးဆက်ကြောင့် ကမ္ဘာ့စီးပွားရေး ဖရိုဖရဲဖြစ်သွားမှာကို စိုးရိမ်တဲ့အတွက် အခုလိုမျိုး ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်ခ်က တိုက်တွန်းခဲ့တာလည်း ဖြစ်ပါတယ်။ အမေရိကန်ဟာ သူ့ရဲ့ဥရောပနဲ့ ကနေဒါမဟာမိတ်တွေကိုလည်း အလွတ်မပေးဘဲ ကုန်သွယ်ရေးဗျူဟာတွေ ဖြန့်ကြက်ခဲ့ပါတယ်။

## တုံ့ပြန်ခဲ့

ဒီနေ့ကျွန်တော်တို့တွေဟာ ကြောက်စရာကောင်းတဲ့ ကစားနည်းကို ကစားမလားဆိုတာနဲ့ ပတ်သက်ပြီး ချီတုံချတုံ၊ မပြတ်မသားဖြစ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဘာနဲ့အလားသဏ္ဌာန်တူသလဲဆိုတော့ ယူကရိန်းနဲ့ ဆီးရီးယားနိုင်ငံမှာဖြစ်နေတဲ့ ပဋိပက္ခတွေနဲ့ ခပ်ဆင်ဆင်တူနေပါတယ်။ ဒါကြောင့်ပဲ အားလုံးလက်ခံနိုင်တဲ့ မျှတတဲ့ အဖြေတစ်ခု ထွက်လာဖို့ လိုအပ်ပါတယ်လို့ ဒေါ်နယ်တက်ခ်က ဆိုခဲ့ပါတယ်။

အမေရိကန်ဘက်ကတော့ ဥရောပသမဂ္ဂရဲ့စတီးနဲ့ အလူမီနီယံသွင်းကုန်တွေအပေါ် အခွန်တိုးမြှင့်ကောက်ခံတဲ့ကိစ္စ၊ ရုရှားနဲ့ အမေရိကန်နိုင်ငံရဲ့အဓိက ကုန်သွယ်ရေးမိတ်ဖက်တွေ ကိစ္စတွေအပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ဇူလိုင်လအစောပိုင်းမှာ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံတန်ဖိုးရှိ တရုတ်သွင်းကုန်တွေအပေါ် အခွန်တိုးမြှင့်ကောက်ခံခဲ့ပါတယ်။

## စောင့်ကြည့်ရမယ်

ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံရဲ့ကုန်သွယ်ရေးအားပြိုင်မှုဟာ ကျန်တဲ့ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ကုန်သွယ်ရေးအပေါ် ရိုက်ခတ်မှုတွေ ဖြစ်ပေါ်စေပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုဟာ အရင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ အခုအခါ ၆ ဒသမ ၇ ရာခိုင်နှုန်းဖြစ်လာပြီး အနည်းငယ်ကျဆင်းခဲ့တယ်လို့ အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ အခုလို ကုန်သွယ်ရေး တင်းမာတဲ့အခြေအနေတွေကို ဘယ်လိုကိုင်တွယ်မလဲဆိုတာကတော့ အမေရိကန်နဲ့ တရုတ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးတို့အနေနဲ့ အရေးတကြီး ဆွေးနွေးရမယ့်အချိန်လည်းဖြစ်လာပြီ ဖြစ်ပါတယ်။

လတ်တလောမှာ ဖြစ်ပေါ်လာတဲ့ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ရဲ့ ကုန်သွယ်ရေးတင်းမာမှုဟာ တဖြည်းဖြည်း အရှိန်မြင့်လာတဲ့ အင်ဂျင်တစ်ခုနဲ့တောင် တူနေပါတော့တယ်။ ဘယ်အချိန်မျှား ထပြီး ဘာများဖြစ်မလဲဆိုတာ စိုးတထိတ်ထိတ်နဲ့ စောင့်ကြည့်နေရပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်တွေအနေနဲ့ ကုန်သွယ်ရေးတင်းမာမှုတွေကို ဘယ်လိုကိုင်တွယ်သွားမလဲဆိုတာကလည်း စိတ်ဝင်စားစရာကောင်းစွာနဲ့ စောင့်ကြည့်ရပါတော့မယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

---

# နိုင်ငံတကာသတင်းတိုများ

## အိုင်အက်စ်တို့နှင့်ပူးပေါင်းခဲ့သည့် ပြင်သစ်နိုင်ငံသားနှစ်ဦးကို အီရတ်တွင် သေဒဏ်ပေး

**ဘဂ္ဂဒက် ဇွန် ၂**

အိုင်အက်စ်အကြမ်းဖက်သမားများနှင့် ပူးပေါင်းသည်ဟုဆိုကာ ပြင်သစ်နိုင်ငံသား နှစ်ဦးထက်မနည်းကို အီရတ်တရားရုံးတွင် တနင်္ဂနွေနေ့က သေဒဏ်ပေးခဲ့ကြောင်း တရားရေးသတင်းအရင်းအမြစ်တစ်ခုက ပြောသည်။ ယခုသေဒဏ်ပေးခဲ့သည့်နှစ်ဦးနှင့်ပေါင်းလျှင် အိုင်အက်စ်တို့နှင့်ပူးပေါင်းခဲ့၍ သေဒဏ်အပေးခံရသည့် ပြင်သစ်နိုင်ငံသား ကိုးဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ပြစ်ဒဏ်ချမှတ်ခြင်းခံရသူများသည် အသနားခံရန် ရက် ၃၀ အချိန်ရှိကြောင်း၊ အဆိုပါသတင်းအရင်းအမြစ်က ဆင်ဟွာသို့ ပြောသည်။ ယခုသေဒဏ်ပေးခံရသည့် ပြင်သစ်နိုင်ငံသားနှစ်ဦးမှာ ဆီးရီးယားဒီမိုကရက်တစ်တပ်ဦးမှ အီရတ်အစိုးရသို့ လွှဲပြောင်းပေးခဲ့သည့် ပြင်သစ်နိုင်ငံသား ၁၂ ဦးထဲမှဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ရုရှား ဗုံးထုတ်လုပ်သည့်စက်ရုံတွင် ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ ၇၉ ဦးအထိရှိလာ

**မော်စကို ဇွန် ၂**

ရုရှား ဗုံးထုတ်လုပ်သည့်စက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားရာ ဒဏ်ရာရရှိသူမှာ ၇၉ ဦးထက်မနည်း ရှိလာကြောင်း သိရသည်။ မော်စကိုမြို့မှ ၄၀၀ ကီလိုမီတာအကွာ ဒဇာဇင့်ခ်မြို့ရှိ စက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စနေနေ့က ဖြစ်ပေါ်ခဲ့သည့် ပေါက်ကွဲမှုကြောင့် ခြံဝင်းအတွင်းရှိ အဆောက်အအုံ ငါးလုံး ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ဒေသခံအာဏာပိုင်များကပြောသည်။ ပေါက်ကွဲမှုအရှိန်ကြောင့် အနီးအနားဧရိယာရှိ နေအိမ်များမှ ပြတင်းပေါက်များ ပျက်စီးခဲ့ရကြောင်း၊ ဒဏ်ရာရရှိသူများတွင် စက်ရုံလုပ်သားများသာမက ဒေသခံနေထိုင်သူများပါ ပါဝင်ကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။

အဆိုပါစက်ရုံသည် ဗုံးထုတ်လုပ်ရန် ပေါက်ကွဲအားပြင်းသည့် ဓာတ်ငွေ့ကိုအသုံးပြုခဲ့ကြောင်း၊ ရုရှားအင်တာဖက်စ် သတင်းအေဂျင်စီက ပြောသည်။ ယခုအခါ ပေါက်ကွဲမှုဖြစ်ပေါ်ရသည့်အကြောင်းကို အရေးပေါ်အခြေအနေများဆိုင်ရာ ဝန်ကြီးဌာနက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ခ်ျကေ**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကျိုက်လတ်မြို့နယ်မှပြည်သူများ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆွေးနွေး

**ကျိုက်လတ် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျိုက်လတ်မြို့နယ်မှ ပြည်သူများ တွေ့ဆုံပွဲကို မေ ၃၁ ရက်က ကျိုက်လတ်မြို့နယ် ရုံးဒေါင့်ကျေးရွာ သီရိမင်္ဂလာတိုက်သစ်ကျောင်း၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် အထူးသဖြင့် တောင်သူလယ်သမားများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူအားလုံးပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရနှင့်အတူ ပြည်သူတစ်ဦးချင်းကလည်း ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ကြိုးစားရန်လိုကြောင်း၊ သိမ်းဆည်းမြေများ မူလပိုင်ရှင်ထံ ပြန်လည်ရောက်ရှိရေးအပါအဝင် ဒေသလိုအပ်ချက်၊ ပြည်သူ့ လိုအပ်ချက်များကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားအသစ်ရရှိရေး၊ ဆေးရုံအဆောက်အအုံ အမြန်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းအဆောက်အအုံ လိုအပ်ချက်များရရှိရေး၊ သိမ်းဆည်းမြေများ မူလပိုင်ရှင်ထံ ပြန်လည်အပ်နှံနိုင်ရေး၊ ကျေးလက်ဈေးသစ်တစ်ခု ထူထောင်နိုင်ရေး၊ ရေတံခါးတစ်ခု ရရှိရေးနှင့် ခိုးဆိုးလုနှိုက်ကိစ္စများ ပပျောက်ရေးတို့ကို တင်ပြကြရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ လျှပ်စစ်၊စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စသည့်တိုင်းဒေသကြီးအဆင့် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ဆောင်ပေးနိုင်မှုများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**သပြေထွန်း**



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ကျိုက်လတ်မြို့နယ်မှ ပြည်သူများ တွေ့ဆုံစဉ်။

# ပဲခူးတိုင်းဒေသကြီးမှ ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး ဆွေးနွေး

**ပဲခူး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီးအတွင်း ကြက်နှင့် ဝက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် မွေးမြူရေးထုတ်ကုန်များဖြစ်သော ကြက်ဥ၊ ကြက်သား၊ ဝက်သားစသည်တို့ကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရေးအတွက် Myanmar C.P Livestock ကုမ္ပဏီလီမိတက်မှ ဒေါက်တာမျိုးသန့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များအား မေ ၃၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ပဲခူးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲတွင် ကုမ္ပဏီတာဝန်ရှိသူ ဦးအောင်မျိုးမြတ်က နေပြည်တော် တပ်ကုန်းမြို့နယ်မှ ကျေးရွာများတွင် Village Fund Project ဖြင့် ကြက်မွေးမြူရေးနှင့် ဝက်မွေးမြူရေး အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှုများကို လည်းကောင်း၊ ဒေါက်တာမျိုးသန့်က ပဲခူးတိုင်းဒေသ ကြီးအတွင်းရှိ ရေတာရှည်၊ တောင်ငူ၊ အုတ်တွင်းနှင့် ဖြူးမြို့နယ်တို့မှ ကျေးရွာ ၃၂ ရွာ၌ မွေးမြူရေးနှင့် အသား ထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဒေသခံကျေးရွာများအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းပြီး ပုံမှန်ဝင်ငွေရရှိနိုင်သည့်အပြင် အစာစပ်စက်ရုံအတွက် လိုအပ်သည့် ပြောင်းစိုက်ခင်းများကို စိုက်ပျိုး/ရောင်းချနိုင်မည့် ဈေးကွက်တစ်ခုလည်း ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဒေသခံပြည်သူများ၏ သဘောတူညီချက်သည်လည်း အလွန်အရေးကြီးကြောင်း၊ မိမိတို့အစိုးရကလည်း လိုအပ်သည်များ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဆန်းက ကုမ္ပဏီ၏ တင်ပြချက်တွင် ပြောင်းစိုက်ခင်းများ ပါဝင်လာသည့်အတွက် ရွေးချယ်ထားသည့် မြို့နယ်များသည် ပြောင်းစိုက်ပျိုးရန် သင့်လျော်သည့် မြေပြင်အနေအထားဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ကိုင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန်လိုအပ်ပြီး လိုအပ်သည့် မွေးမြူရေးအစာများ ထုတ်လုပ်ရောင်းချနိုင်ရန်နှင့် မြေနေရာရရှိနိုင်ရန် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဟိန်းထက် (ပဲခူး)**



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် Myanmar C.P ကုမ္ပဏီ တာဝန်ရှိသူများ ဆွေးနွေးနေစဉ်။

# ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**တောင်ကြီး ဇွန် ၂**

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ၏ အကျိုးဆက်ဖြစ်သည့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှု ဖြစ်စဉ်များကို ရှမ်းပြည်နယ်အပါအဝင် ကမ္ဘာ့နေရာဒေသအသီးသီး၌ သိသိသာသာ တွေ့ကြုံရင်ဆိုင်နေရသောကြောင့် ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ (၁/၂၀၁၉)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃၁ ရက်က တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က နွေရာသီကာလတွင် စိမ့်စမ်းရေထွက်များ ခန်းခြောက်လာမှုနှင့် မြေအောက်ရေခန်းခြောက်လာမှု၊ ရာသီဥတုပူပြင်းမှုများကြောင့် ရေရှားပါးမှုကြုံတွေ့နေရသည့် ဒေသများ ပိုမိုကျယ်ပြန့်လာသလို အပူချိန်လွန်ကဲမှု၏ အကျိုးဆက်ကြောင့် လေပြင်းတိုက်ခတ်မှုဖြစ်စဉ်များလည်း ပိုမိုများပြားလာသည်ကို တွေ့ရကြောင်း၊ သဘာဝဘေးဖြစ်ပွားမှု၏ အဓိကအကြောင်းရင်းဖြစ်သည့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု ဖြစ်စေသော အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ပြီး ဒေသအလိုက် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုတစ်ရပ်လုံး ဟန်ချက်ညီညီ ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းထားရှိပြီးဖြစ်သော ပြည်နယ်အဆင့်မှ မြို့နယ်/ရပ်ကွက်/ကျေးရွာ အဆင့်အထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့များအလိုက် ကြိုတင်ကာကွယ်ရေးနှင့် ရင်ဆိုင်တုံ့ပြန်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး ဦးစိုးနိုင်က ရှမ်းပြည်နယ်အတွင်း သဘာဝဘေးဖြစ်ပွားမှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင်မင်းက ရှမ်းပြည်နယ်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် မီးဘေးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှူး ဦးကိုချိုက ရှမ်းပြည်နယ်အတွင်း မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ တိုင်းတာရရှိမှု အခြေအနေများ၊ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူး ဒေါ်စိန်မမက ရာသီဥတုပြောင်းလဲလာမှုများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များက သဘာဝဘေး ကာကွယ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ချင်းပြည်နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ချင်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**ဟားခါး ဇွန် ၂**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ချင်းပြည်နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ ရက်က ဟားခါးမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO/INGO နှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းနေအရွယ်ကလေးတိုင်း သင်ယူမှု အခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် ပညာသင်ထောက်ပံ့ကြေး၊ ပညာသင်ဆုများကို ချီးမြှင့်ပေးလျက်ရှိပြီး သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသုံးပုံနှိပ် စာအုပ်တစ်စုံစီနှင့် ပထမတန်းမှ စတုတ္ထ တန်းအထိကို ဗလာစာအုပ် တစ်ဒါဇင်စီလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ကျောင်းနေအရွယ်ကလေး အားလုံး ကျောင်းအပ်နှံရေးနှင့် ကျောင်းနေမြဲရေးအတွက် ပညာရေးဝန်ထမ်းများသာမက ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများ ပူးပေါင်း၍ အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူး ဒေါ်နှင်းကြည်က ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၏ စနစ်သစ်သင်ကြားရေးနှင့် ပတ်သက်သည့် ကိစ္စများနှင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားအကြောင်းတို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က ကျောင်းသုံး စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို ပြည်နယ်ပညာရေးမှူးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ကျောင်းသူတစ်ဦးအား စာအုပ်များပေးအပ်စဉ်။

# သံဖြူဇရပ်မြို့ရှိ ရော်ဘာသစ်ပါးလွှာစက်ရုံကို မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**သံဖြူဇရပ် ဇွန် ၂**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံသည် ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းငွေ၊ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်း ကျော်လွင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ဦးမင်းကြည်ဝင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်နိုင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဝါခရူကျေးရွာအုပ်စုရှိ ကံကောင်းခြင်းရတနာ ရော်ဘာသစ်ပါး လွှာထုတ်လုပ်မှုစက်ရုံသို့ မေ ၃၀ ရက်က သွားရောက်ကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့အား သစ်ပါးလွှာစက်ရုံမှူး ဦးနေလင်းထက်နှင့် တာဝန်ရှိသူများက စက်ရုံခန်းမ၌ တွေ့ဆုံ၍ စက်ရုံ၏ ကုန်ထုထ်လုပ်မှုအခြေအနေ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းစနစ်များနှင့် စက်ရုံတွင်လုပ်ကိုင်နေသည့် လုပ်သားအင်အားအကြောင်းကို ရှင်းလင်းပြောကြားပြီး စက်ရုံအတွင်း လိုက်လံပြသရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က စက်ရုံအတွင်း ရော်ဘာသစ်ပါးလွှာ ထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# မုဒုံမြို့၌ ကမ္ဘာ့သစ်ပင်များနေ့ အထိမ်းအမှတ် အရိပ်ရအပင်များ စိုက်ပျိုးမည်

**မုဒုံ ဇွန် ၂**
မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့သစ်ပင်များနေ့ အထိမ်းအမှတ်အဖြစ် အရိပ်ရအပင်များ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန သစ်ပင်များဖြန့်ဖြူးရေးတာဝန်ခံထံမှ သိရသည်။

မြို့နယ်သစ်တောဦးစီးဌာန သစ်ပင်များ ပျိုးဥယျာဉ်ဌာနမှ ပျိုးပင်များကို စိုက်ပျိုးမည့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာရပ်ကွက်များရှိ ပြည်သူလူထုများ၊ အသင်းအဖွဲ့များသို့ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

မိုးရာသီကာလအတွင်း အရိပ်ရအပင်များ စိုက်ပျိုးလိုသူ အဖွဲ့အစည်းအသီးသီးကို အခမဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပျိုးပင်ပေါင်း ၅၀၀၀၀ ကျော်ကို ပျိုးထောင်ထားပြီး ယင်းအပင်များထဲမှ မဟော်ဂနီ၊ မန်ဂျန်ရှား၊ သက်န်း၊ ပျဉ်းကတိုး၊ ကျွန်း၊ စွယ်တော်၊ ကုက္ကို၊ ခရေ၊ အင်၊ မအူ၊ ရင်ခတ် အပင်များထဲမှ ပျိုးပင်ပေါင်း ၃၄၈၀၃ ပင်ကို မြို့နယ်အတွင်းရှိ ပြည်သူများထံ အခမဲ့ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**မုဒုံမောင်မောင်**

# လယ်ယာဧက ၅၀၀၀ ကျော် အကျိုးပြုမည့် မြေစွန်း-မြေတော်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**ရေစကြို ဇွန် ၂**
မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ချင်းတွင်းမြစ်နှင့် ရောဝတီမြစ်အကြားရှိ မြေစွန်း-မြေတော် ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေဖြင့် ဖောက်လုပ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။



ရေစကြိုမြို့နယ်တွင်း ဖောက်လုပ်ထားသော ကျေးလက်ကုန်ထုတ်လမ်း

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်/ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် လျင်မြန်စွာရောက်ရှိစေရန် သယ်ပို့ပေးနိုင်မည့် ဆိပ်ခံသွားလမ်းအပါအဝင် အထောက်အကူပြုလမ်းများ၊ ခေတ်မီစက်မှု လယ်ယာအတွင်း ရှိလမ်းများ၊ ရေကျော်၊ မြောင်းကူးတံတားနှင့် ဆိပ်ခံတံတားများကို ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်မှ စတင်၍ ကျေးလက်ကုန်ထုတ်လမ်းအဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်စိုးထံမှ သိရသည်။

ရေစကြိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးက "ကျေးလက် ကုန်ထုတ်လမ်းဟာ ရေစကြိုမြို့နယ် ချင်းတွင်းမြစ်နဲ့ ရောဝတီမြစ်အကြား ကျွန်းပေါ်မှာ တည်ရှိပါတယ်။ လမ်းအရှည် နှစ်မိုင်လေးဖာလုံ အကျယ် ၁၂ ပေ မြေနီကျောက်စရစ် ကိုးလက်မ ထုခင်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ၇၂ ဒသမ ၆၈ သန်းနဲ့ ဌာနက အင်ဂျင်နီယာတွေစုဖွဲ့ပြီး ကျေးရွာလမ်း ကော်မတီဝင်တွေနဲ့ ပူးပေါင်းပြီး ဇွန်လကုန်အပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးပါကကျေးရွာအုပ်စု ခြောက်အုပ်စုရှိ ကျေးရွာပေါင်း ၁၂ ရွာ၊ အိမ်ခြေ ၂၀၁၄လုံး၊ လူဦးရေ ၉၃၇၇ ဦး၏ လယ်မြေ ၂၁၁၆ ဧက၊ ကိုင်းမြေ ၃၂၄၇ ဧကတို့မှ ထွက်ရှိ သော အဓိက သီးနှံများဖြစ်သည့် စီပီ ပြောင်း၊ နေကြာ၊ ကုလားပဲ၊ မြေပဲနှင့် အခြားပဲမျိုးစုံတို့ကို မန္တလေး ၊ ပခုက္ကူ၊ ရေစကြို၊ မုံရွာစျေးကွက်များသို့ ရာသီမရွေး လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မိတ္ထီလာမြို့နယ် မုန်တိုင်ချောင်းကိုဖြတ်သန်းဆောက်လုပ်ထားသည့် နတ်စင်တံတားဖွင့်ပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဇွန် ၂**
မိတ္ထီလာမြို့နယ် မုန်တိုင်ချောင်းကို ဖြတ်သန်း တည်ဆောက်ထားသည့် နတ်စင်တံတားဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါတံတားမုခ်ဦးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ ဦးစိုးသန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ကျောက်ဖြူကုန်းကျေးရွာအုပ်စုနှင့် ဂငူ့ကုန်းကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မုန်တိုင်ချောင်းကို ဖြတ်သန်းတည်ဆောက်ထားသည့် အရပ်ခေါ် နတ်စင်တံတားအား ကျောက်ဖြူကုန်းကျေးရွာမှ ဗိုလ်ကြီးသောင်းမြင့် (ငြိမ်း) မိသားစုက အရှည်အလျားပေ ၈၀၊ အနံ ၁၅ ပေရှိ သစ်သား တံတားကို ဧပြီ ၂၁ ရက်မှ စတင်၍ ပြန်လည်ပြုပြင်လျက်ရှိသည်။ ထိုသို့တံတားကို ပြန်လည်ပြုပြင်ရာတွင် တံတားကြံ့ခိုင်မှုပိုမိုကောင်းမွန်စေရန် မူလထောက်တိုင်များနှင့်အတူ အမြင့် ၁၄ ပေ၊ နှစ်ပေပတ်လည် ထောက်တိုင် လေးတိုင် ထပ်မံထည့်သွင်းဆောင်ရွက်ခြင်းနှင့် တံတားကြမ်းခင်းများ၊ တံတားအကာအရံများကို ယခင်အသုံးပြုထားသည့် သစ်သားအစား တံတား ရေရှည်အသုံးပြုနိုင်စေရန်အတွက် သံထည်များဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် ဒေသခံများ ၂၄ နာရီ သွားလာရအဆင်ပြေစေရန် တံတားပေါ်တွင် အလင်းရောင်ရရှိစေရန်၊ ၁၃ ပေအမြင့်ရှိ ဆိုလာမီးတိုင် လေးတိုင် စိုက်ထူးခဲ့ကြောင်း တံတားအလှူရှင်က ပြောသည်။



မုန်တိုင်ချောင်းကို ဖြတ်သန်းဆောက်လုပ်ထားသော နတ်စင်တံတားကို တွေ့ရစဉ်။

အဆိုပါ တံတားကို ကျောက်ဖြူကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျောက်ဖြူကုန်း၊ အုတ်နဲ့ဘုတ်၊ အင်းပက်လက် ကျေးရွာများနှင့် ဂငူ့ကုန်းကျေးရွာအုပ်စုအတွင်းရှိ ရှင်မြို့ လက်ပံ့ခါးကော့ရွာမ၊ ဂငူ့ကုန်း၊ အုတ်မြေကန်ကျေးရွာများမှ ဒေသခံများ အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး

**မန်ကန် ဇွန် ၂** - ကျေးလက်နေပြည်သူများ၊ အနာဂတ်မျိုးဆက်သစ် ကလေးသူငယ်များလူကုန်ကူးခြင်းအန္တရာယ်မှ ကင်းဝေးစေရေးကြိုတင်ကာကွယ်သည့်အနေဖြင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ဌာနဆိုင်ရာ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ အခြေခံပညာကျောင်းတို့ ပူးပေါင်း၍ ရှမ်းပြည်နယ် အရှေ့ပိုင်း "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မန်ကန်မြို့ ငှက်ကာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ဥမ္မာချိုက မြို့အတွင်းရှိ အရွယ်မရောက်သေးသော ကလေးငယ်များတစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းနှင့် ပတ်သက်၍ လူကုန်ကူးခြင်းဆိုင်ရာအသိပညာဗဟုသုတများသိရှိရန်လိုအပ်ကြောင်း၊ လူကုန်ကူးခံရခြင်းအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ကျေးရွာတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဖြေရှင်းဆောင်ရွက်ရန်နှင့် လူကုန်ကူးခံရသည့် အခြေခံအကြောင်းရင်းများကို ဟောပြောခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

# ယနေ့ စျေးကွက်ပေါက်စျေးများ

၂-၆-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၈၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၈၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၁၀ ကျပ် | ၁၀၁၅/၁၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၂၀ ကျပ် | ၁၀၃၀/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၁၅ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၈၅ ကျပ် | ၁၀၃၀/၁၀၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၂ · ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၈ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၂ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၃၃ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၈ · ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၀ · ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ · ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၄၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ · ၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ · ၇၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၄၀၄ |

(ဗဟိုဘဏ်ပေါက်စျေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တက်နွယ်ကျောင်းကျောက်စာမှ တိုင်းရင်းဆေးမှတ်တမ်း

ဒေါက်တာမိုးဆွေ၊ ဒေါက်တာသံလွင်ထွန်း၊ နေနေနိုင်ရည်၊ လွင်မြင့်သူ
(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)

**တက်နွယ်ကျောင်းကျောက်စာကို မြန်မာသက္ကရာဇ် ၈၀၄-၈၃၀ နရပတိမင်းလက်ထက်တွင် ရေးထိုးခဲ့ပြီး ယင်းကျောက်စာသည် တိုင်းရင်းဆေးမှတ်တမ်းတွင် အခိုင်အမာတွေ့ရှိရသော အထောက်အထားဖြစ်သည်။ တောင်တွင်းမင်း သီရိဇေယျသူရနှင့် ဇနီး စောပြည့်ချမ်းသာတို့က သံသရာ၏ ဆင်းရဲခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ကိုရလို၍ ၁၄၄၂ ခုနှစ်တွင် တက်နွယ်ချောင်း၏အနီး၌ ကျောင်းကြီးဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ တက်နွယ်ကျောင်းသည် ညောင်ဦးခရိုင် ညောင်ဦးမြို့ ရွှေစည်းခုံဘုရား၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး ဝက်ကြီးအင်းရွာနှင့် ရွှေချောင်း(ခေါ်)တက်နွယ်ချောင်း၏ အရှေ့ဘက်တွင် တည်ရှိသည်။ ယင်းကျောင်းကြီး၏ ပထမဆုံးကျောင်းထိုင်ဆရာတော်မှာ ရှင်ဥတ္တမကျော် ဖြစ်သည်။**

### တက်နွယ်ကျောင်း ကျောက်စာ

တက်နွယ်ကျောင်း ကျောက်စာသည် တက်နွယ်ချောင်းကို အစွဲပြုလျက် တက်နွယ်ကျောင်းကြီး၏ ကျောက်စာဖြစ်သောကြောင့် တက်နွယ်ကျောင်းကျောက်စာဟု အမည်တွင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ကုသိုလ်ကောင်းမှုအစုစုအတွက် အလှူရှင်က မယားသားမြေးနှင့်တကွ စကြဝတေးမင်းအဖြစ် ဘဝပေါင်းများစွာဖြစ်ပြီးနောက် သိကြားမင်းအဖြစ် နတ်စည်းစိမ်ကို ကြိမ်ဖန်များစွာခံစားကာ လူ့ပြည်တွင် လူနတ်ဗြဟ္မာတို့၏ ကိုးကွယ်ရာဘုရားဖြစ်လျက် လူနတ်ဗြဟ္မာသတ္တဝါတို့အား နိဗ္ဗာန်သို့ပို့ဆောင်ပြီးမှ အဆုံးစွန်တွင် နိဗ္ဗာန်ရရန်ဆုတောင်းခဲ့ပါသည်။ ဗုဒ္ဓပိဋကတ်တော်များသာမက လောကီလောကုတ္တရာ စာပေကျမ်းဂန်များစွာတို့ကို လှူဒါန်းခဲ့ကြောင်း အကျယ်တဝင့်ရေးထိုးခဲ့သည့် အလှူမှတ်တမ်းကျောက်စာဖြစ်သည်။ တောင်တွင်းမင်း သီရိဇေယျသူရသည် လှူဒါန်းခဲ့သော ကျောင်း၊ ပိဋကတ်၊ ဗေဒင်ကျမ်းများ၊ မြေများကို ကာလကြာရှည်တည်တံ့စေလိုပြီး ပျက်စီးက ပြင်စေလိုသည်။ နောင်အခါ အငြင်းပွားခြင်း စသောအမှုအခင်းမဖြစ်စေရန် နယ်နိမိတ်သတ်မှတ်၍ ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့သည်။ ကျောင်း၊ မဟာရံတံတိုင်း၊ ပိဋကတ်ကျမ်းများ ပျက်စီးလျှင် ကျောင်းထိုင်ဆရာတော်နှင့် ကျောင်းနေသံဃာများ ညီညွတ်စွာစုပေါင်း၍ ဝတ်စာဖြင့် ပြင်ဆင်ရန် မှာကြားပါသည်။


တက်နွယ်ကျောင်းကျောက်စာ

**“တက်နွယ် ကျောင်း ကျောက်စာကို လေ့လာမှုအရ တိုင်းရင်းဆေးပညာသည် အထောက်အထား ခိုင်မာစွာရှိခဲ့ပြီး ရှေးယခင်ကပင် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြောင်းကို လေ့လာတင်ပြအပ်ပါသည်။**

### တိုင်းရင်းဆေးမှတ်တမ်း

ပထမ အင်းဝခေတ် ၇၂၆-၉၅၄ တွင် ပေါ်ပေါက်ခဲ့သော ဆေးပညာနှင့် စပ်လျဉ်း၍ အလွန်ခိုင်လုံစွာ မှတ်တမ်းတင်ခဲ့သော အချက်တစ်ရပ်မှာ ထူပါရုံဒါယကာ **နရပတိကြီး ၈၀၄-၈၃၀ လက်ထက်တွင် ရေးထိုးခဲ့သည့် တက်နွယ်ကျောင်းကျောက်စာ၌ ဆေးကျမ်းများကို ဖော်ပြထားခြင်းဖြစ်ပါသည်။**

ထိုကျောက်စာတွင် မျက်နှာဘက်၊ ကျောဘက်၊ ဝဲဘက်၊ ယာဘက်ဟူ၍ လေးမျက်နှာ ပါရှိပါသည်။ မျက်နှာဘက်တွင် ၄၆ ကြောင်း၊ ကျောဘက်တွင် ၅၂ ကြောင်း၊ ဝဲဘက်တွင် ၄၆ ကြောင်းနှင့် ယာဘက်တွင် ၃၆ ကြောင်းပါရှိပါသည်။ ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် လက်ာစကားပြေရောထွေး၍ ရေးထိုးထားပါသည်။ ကျောက်စာတွင် ပိဋကတ်ဗေဒင်ကျမ်းများလှူခဲ့ကြောင်း ကျမ်းစာရင်းတွင် ပါရှိသည်ကို တွေ့ရှိရပါသည်။ အချို့ကျမ်းများမှာ မည်သည့်ကျမ်းများဖြစ်သည်ကို မဖော်ထုတ်နိုင်သည်လည်း တွေ့ရှိရပါသည်။ ကျောက်စာ၏ ပထမစာမျက်နှာနှင့် ဒုတိယစာမျက်နှာတွင် အဘိဓမ္မာကျမ်းများ၊ နိကာယ် ကျမ်းများကို ရေးထိုးထားပြီး ပိဋကတ်ကျမ်းများ၊ ဗေဒင်ကျမ်းများ၊ ဆေးကျမ်း၊ သဒ္ဒါကျမ်းများ အမည်များကို ကျောက်စာ၏ တတိယမျက်နှာနှင့် စတုတ္ထမျက်နှာတို့၌ ဖော်ပြထားပါသည်။

တက်နွယ်ကျောင်းကျောက်စာလာ ကျမ်းအမည်များကို သဒ္ဒါမှန်၊ ပုဒ်မှန်၊ ပါဠိမှန်ပါရှိပြီး ယခုခေတ်အသံထွက်၊ ယခုခေတ်အရေးအတိုင်း ရေးရသော် တတိယမျက်နှာ၌ ပိဏ္ဍောဋီကာ၊ (တစ်နည်း) ဗိန္ဒောဋီကာ၊ ကာ၊ ရောဂနိဒါန်း၊ ဒြဗျဂုဏ်၊ အမြဂုံတ္တဋီကာ၊ သာရသင်္ဂြိုဟ်၊ သာရပိဏ္ဍပဋိပတ္တိသင်္ဂြိုဟ်၊ ယောဂယတြာဋီကာသ၊ တွေ္တကဝိရ၊ သွပြကာသ၊ ရာဇမတ္တဏ်၊ ပရာသယ၊ ကောလ၊ တ္တဇဗြိဟတ်ဋီကာ၊ စတုတ္ထမျက်နှာ၌ အမရတု၊ တ်နိဃယည်း၊ ပိဏ္ဍောနိဃယည်း (ဗိန္ဒောနိဃယည်း)၊ ရောဂနိဒါန်း၊ ဗျာချာန်၊ ဋီကာ၊ အမြတုတ်၊ ဘေသဇ္ဇမဉ္ဇူသာ၊ ရာဇမတ္တဏ် ဋီကာ၊ သာရသင်္ဂြိုဟ်အမှီ၊ ယောဂ၊ ယာတြအမှီ၊ ရောဂါနိဒါန်းအမှီ၊ သာရတ္ထဝိန္ဓာအမှီ၊ ပါရာ အမှီ၊ ရတ္တမာလာ၊ နံတို့ဟူ၍ ပါရှိပါသည်။ ယင်းကျောက်စာပါ ဆေးကျမ်းများသည် ဆေးဖက်ဝင် အပင်များနှင့် ပတ်သက်၍ တတ်ကျွမ်းသိရှိမှု၊ ရောဂါဖြစ်ကြောင်း နိဒါန်း၊ ဆေးပစ္စည်းများ၏ ဂုဏ်သတ္တိ၊ အကျင့်သီလ ဆိုင်ရာများ၊ ဗေဒင်ယတြာများ၊ ဆေးဝါးများဖော်စပ်ပုံ၊ သွေးရောဂါ ဆိုင်ရာကုထုံးများ အကြောင်းကို ရေးသားမှတ်တမ်းတင်ထားသော ကျမ်းများဖြစ်ကြောင်း သိရှိရပါသည်။

### အင်းဝခေတ်က ဆေးပညာ

အားလုံးကိုခြုံငုံ၍ သုံးသပ်လျှင် တက်နွယ်ကျောင်းကျောက်စာသည် သမိုင်းအထောက်အထားများစွာပါဝင်သည့် အင်းဝခေတ် တိုင်းရင်းဆေးပညာအခြေအနေကို ထင်ဟပ်လာသည့် ကျောက်စာဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ တက်နွယ်ကျောင်းကျောက်စာကို လေ့လာမှုအရ တိုင်းရင်းဆေးပညာသည် အထောက်အထားခိုင်မာစွာရှိခဲ့ပြီး ရှေးယခင်ကပင် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြောင်းကို လေ့လာတင်ပြအပ်ပါသည်။

### မှီငြမ်းပြုစာအုပ်စာတမ်းများ

(၁) မြန်မာ့တိုင်းရင်းဆေးပညာ သမိုင်း (၁၉၇၈)
(၂) တိုင်းရင်းဆေးတက္ကသိုလ် သင်ရိုးညွှန်းတမ်း (၂၀၀၁)
(၃) မြန်မာ့သမိုင်းအဖွဲ့ဝင် ဒေါ်အုန်းကြည်၏ လက်ရွေးစင်စာတမ်းများ(၂၀၀၄)
(၄) အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်း လက်စွဲ (ဇွန်လ၊ ၂၀၀၈)
(၅) မချိုချိုနွယ်(တက်နွယ်ကျောင်း၏ ဗိသုကာနှင့်အနုပညာလက်ရာလေ့လာချက်၊ ဘွဲ့လွန် အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာဘွဲ့ကျမ်းငယ်၊ ၂၀၁၈)

# ရခိုင်ရိုးမဆင်ဘေးမဲ့တော၌ ရခိုင်တောင်လိပ်အကောင်ရေ ၅၀ ထိန်းသိမ်းစောင့်ရှောက်ထား

**ဂွ ဇွန် ၂**
မြန်မာနိုင်ငံတွင်သာရှိသည့် ကမ္ဘာ့ရှားပါးမျိုးနွယ်ဝင် ရခိုင်တောင်လိပ်အကောင်ရေ ၅၀ ခန့်ကို ရခိုင်ပြည်နယ် ဂွမြို့နယ် ရခိုင်ရိုးမဆင်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးဝင်းခြံအတွင်း၌ ခြံလှောင်ထိန်းသိမ်းစောင့်ရှောက် မွေးမြူထားကြောင်း သိရသည်။ ဘေးမဲ့တောအတွင်း သဘာဝအတိုင်း သွားလာနေထိုင်ကြသော်လည်း နည်းမျိုးစုံဖြင့် မျိုးသုဉ်းပျောက်ကွယ်နိုင်သဖြင့် ၂၀၀၅ ခုနှစ်မှစ၍ ခြံတည်ဆောက်ကာ ရခိုင်တောင် လိပ်ငါးကောင်ကို စတင်မွေးမြူထိန်းသိမ်းလာခဲ့ရာ ယခုအခါ အကောင်ရေ ၅၀ ခန့်အထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှားပါးရခိုင်တောင်လိပ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ရခိုင်ရိုးမဆင်ဘေးမဲ့တော ဝန်ထမ်းများက လိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် သားဖောက်ရာတွင်လည်း သားငှက်ထိန်းသိမ်းရေးအဖွဲ့နှင့် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့မှ ဝန်ထမ်းများက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

“ဒီရခိုင်တောင်လိပ်တွေက မြန်မာမျိုးရင်းစစ်စစ်တွေပါ။ ပြည်ပနိုင်ငံတွေမှာလည်း ဒါမျိုးမရှိဘူး။ မြန်မာမျိုးရင်းစစ်စစ်တွေ မျိုးသုဉ်းနိုင်တဲ့ အနေအထားရှိနေလို့ သားဖောက်ထိန်းသိမ်းထားရတာပါ။ နောက်ဒီလိပ်တွေက တစ်နှစ်မှာတစ်ကြိမ်ပဲ ဥဥတာ။ တစ်ကြိမ်ဥရင် သုံးလုံးနဲ့ ခုနစ်လုံးလောက်ပဲ ဥတယ်။ ခုနစ်လုံးဥတယ်ဆိုတာ တော်တော်ရှားတယ်။ ဥဥတိုင်းလည်း အကုန်လုံး မပေါက်ဘူး။ တစ်ကောင်နှစ်ကောင်လောက်ပဲ ပေါက်တာ။ အခြားလိပ်တွေဆိုရင် တစ်နှစ်ကို သုံးလေးခါလောက် ဥဥပြီး သားပေါက်နှုန်းကလည်း ကောင်းတယ်။ အခြားလိပ်တွေနဲ့နှိုင်းယှဉ်ရင် ဥနှုန်းရော သားပေါက်နှုန်းရော အားနည်းတဲ့ လိပ်မျိုးစိတ်ပါ”ဟု လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့(TSA) မှ သုတေသနအရာရှိ ဦးထွန်းသူက ပြောသည်။

ရခိုင်တောင်လိပ်သည် မြန်မာနိုင်ငံ အပူပိုင်းအမြဲစိမ်းသစ်တော၊ ဝါးတောများနှင့် ရုံဖန်ရုံခါ၌ စမ်းချောင်းငယ်များတစ်လျှောက်တွင်လည်း ပေါက်ဖွားရှင်သန်လေ့ရှိကာ အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက်ခြမ်းဒေသများတွင် တွေ့ရှိနိုင်ပြီး မြန်မာနိုင်ငံ၏ ဇီဝအမွေအနှစ်ရတနာလိပ်မျိုးစိတ်တစ်မျိုးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရှေးယခင်က ပေါများစွာတွေ့ခဲ့သော်လည်း ယခုအခါ တတိယရှားပါးသော မျိုးစိတ်ထိတိုင် နှစ်အနည်းငယ်အတွင်း ပြောင်းလဲသွားသည့် လိပ်မျိုးစိတ်ဖြစ်ကြောင်း သိရသည်။

ရခိုင်တောင်လိပ်မျိုးစိတ်ကို အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံအနေဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ(၁၉၉၄)နှင့် ငါးလုပ်ငန်းဥပဒေ(၁၉၉၃)အရ ကာကွယ်ထားကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ပိန်းဇလုပ် သိန်းညွန့်**


ရခိုင်ရိုးမ ဆင်ဘေးမဲ့တောထဲ၌ လိပ်များကို သုတေသနပြုလုပ်နေစဉ်။

# မြို့နယ်များ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ကျင်းပ

ကယားပြည်နယ် လွိုင်ကော်မြို့တွင် (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ဇွန် ၂ ရက်က အထက (၁) ကျောင်း၌ ကျင်းပရာ ကာတွန်း၊ ပန်းချီ၊ ပိုစတာ ယှဉ်ပြိုင်သူ ၇၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့၊ အပေါင်းအသင်း ရွေးချယ်ပါ၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ မူးယစ်ရန်မီး ငြိမ်းသတ်စို့၊ နိုင်ငံကိုချစ် လူမျိုးချစ် မူးယစ်မှန်သမျှတိုက်ဖျက်ပစ်၊ မျိုးဆက်သစ်ဘဝလှပဖို့ မူးယစ်ဟူသမျှ ရှောင်ရှားစို့၊ ဦးစွာနားထောင်ပါ စသည့် ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**လွိုင်ကော်သား**

**မိုင်းဆတ်**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့အထကကျောင်းခန်းမဆောင်၌ (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ဇွန် ၂ ရက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောဇေယျာလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများက ကြည့်ရှုအားပေးသည်။ ပြိုင်ပွဲတွင် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲဝင် ခြောက်ဦး၊ အလယ်တန်းအဆင့်ပန်းချီပြိုင်ပွဲဝင် ခြောက်ဦး၊ ကာတွန်း ထက်၊ လယ်၊ မူ သုံးဦးစီ၊ ပိုစတာ ထက်၊ လယ်၊ မူ သုံးဦးစီနှင့် ကွန်ပျူတာ ပန်းချီတစ်ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# မိုးရာသီကာလ လယ်မြေများရေကြီးနစ်မြုပ်မှုမရှိစေရန် ရေထုတ်မြောင်းအား အမြန်ဆုံးတူးဖော်ဆောင်ရွက်ပေး

**တောင်ငူ ဇွန် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် မေ ၂၈ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကြံတောကျေးရွာ၌ ဒေသခံ တောင်သူများနှင့် တွေ့ဆုံစဉ် ကြံတောကျေးရွာ ရှိ ဒေသခံတောင်သူများက ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၁၆၂/၆ နှင့် ၁၆၃/၁ အနီးတွင် ရေထွက်ပေါက် ပိတ်နေသည့်အတွက် ယခုမိုးရာသီတွင် စပါးစိုက်ဧက ၁၀၀ ကျော် ရေနစ်မြုပ်နိုင်သဖြင့် ရေထုတ်မြောင်းတူးဖော်ပေးရန် အခက်အခဲများကို တင်ပြခဲ့သည်။ တောင်သူများ၏ အခက်အခဲနှင့် တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာနက ဆောင်ရွက်ပေးရန် ညွှန်ကြားချက်အရ ပေ ၂၀၀၀ ခန့် ရှည်လျားသည့် ရေထုတ်မြောင်းနှင့် ကားလမ်းတံတားအောက်၌ ပိတ်ဆို့နေသည့် အတားအဆီးများကို စက်ယန္တရားများဖြင့် အမြန်ဆုံး ဆောင်ရွက်ပေးခဲ့ရာ မေ ၃၁ ရက်တွင် ပြီးစီးခဲ့သည်။



ထွက်ပေါက်ပိတ်နေသော ရေထုတ်မြောင်းကို မိုးရာသီစိုက်ပျိုးချိန် မတိုင်မီ တူးဖော်ဆောင်ရွက်ပေးစဉ်။

"ကျွန်တော်တို့ ဒီဘက်ကွင်းက အခုဖော်ပြီးသွားတဲ့ ရေထုတ်မြောင်း မကောင်းလို့ မိုးရာသီဆိုရင် စပါးစိုက်တဲ့ အခါမှာ အခက်အခဲတွေနဲ့ ကြုံရတယ်။ အခုတော့ စပါးစိုက်ပျိုးချိန်အမီ ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့ တောင်သူတွေ အများကြီး အဆင်ပြေသွားပြီ။ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ကြံတောကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**သန်းလွင်**



ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မြေဆီလွှာထိန်းသိမ်းရေးအတွက် နောင်ချိုမြို့နယ် လုံဝယ်တောင်ကြောတစ်လျှောက်တွင် ဗာတီဗာမြက်စိုက်ပျိုးရန် ဇွန် ၁ ရက်က ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများနှင့် ပူးပေါင်း၍ ကွန်တိုတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

စိုင်း(သီပေါ)

# ရေစကြိုမြို့နယ်တွင် ရာသီဥတုပူပြင်းမှုကြောင့် ကွမ်းခြံများပျက်စီးသဖြင့် ကွမ်းရွက်ဈေးနှုန်း မြင့်တက်

**ရေစကြို ဇွန် ၂**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ရာသီဥတုပူပြင်းမှုကြောင့် ကွမ်းခြံများ ပျက်စီးသဖြင့် ကွမ်းရွက်ဈေးနှုန်း မြင့်တက်လျက်ရှိသည်။

"အပူချိန်များတော့ ကွမ်းရွက်ပင်က ရေငတ်၊ လေပူတွေတိုက်နဲ့ဆိုတော့ အရိပ်မလုပ်ပေးရင် အရွက်ကောင်း မထွက်ဘူး၊ လိမ်တွန့်နေတာတွေ ထွက်လာတော့ ၁၀ ခြံရှိတာကို တစ်ခြံ၊ နှစ်ခြံလောက်ပဲ အကောင်းထွက်တယ်။ ကျန်တဲ့ ရှစ်ခြံလောက်က မကောင်းတာပေါ့။ ကွမ်းဈေးကွက်ကောင်းတယ် မကောင်းဘူးဆိုတာက စိုက်သူများတာ မများတာနဲ့မဆိုင်ဘူး။ ရာသီဥတုပေါ်မူတည်တာ ရာသီဥတု လွန်ကဲမှုဖြစ်စဉ်တွေ ဖြစ်လာလို့ရှိရင် ကွမ်းခြံပျက်တာပဲ"ဟု ကွမ်း ခြံပိုင်ရှင် ဦးမင်းမင်းထွန်းက ပြောသည်။

ယခင်နှစ်များက ယခုအချိန်ကာလတွင် လက်လီဈေးနှုန်းမှာ ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ခန့်သာ ဈေးနှုန်းရှိရာမှ ယခုအခါ လက်လီဈေးနှုန်းမှာ ကွမ်းကြမ်း (ကွမ်းစိမ်း) တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ပေါက်ဈေးရှိနေပြီး ကွမ်းနုဝါတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ပေါက်ဈေးရှိနေကြောင်း သိရသည်။

ကွမ်းရွက် လက်ကားဈေးနှုန်းမှာ ယခင်နှစ်များက ယခုအချိန်တွင် ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၊ ၂၀၀၀ သာရှိခဲ့ကြောင်း သိရပြီး ယခုအခါ လက်ကားဈေးနှုန်းမှာ ကွမ်းနုဝါတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ဖြစ်နေကြောင်း သိရသည်။

လက်ကားဈေးနှုန်းမှာ ယခင်နှစ်ပေါက်ဈေးထက် ခြောက်ဆခန့်မြင့်တက်နေခြင်းဖြစ်သည်။

"ကျွန်တော် ကွမ်းခြံလုပ်ငန်း လုပ်တာ ခြောက်နှစ်ရှိပြီ။ အခုလိုငွေရာသီမျိုး တစ်ခါမှ မကြုံဖူးဘူး။ စံချိန်တင်ဈေးပဲ"ဟု ကွမ်းနုဝါခြံပိုင်ရှင်တစ်ဦးက ပြောသည်။

ကွမ်းရွက်ဈေးနှုန်းမြင့်တက်ရခြင်းသည် ရာသီဥတုပူပြင်းသဖြင့် ကွမ်းရွက်များ အထွက်မကောင်းခြင်းကြောင့် အဓိကဖြစ်ပြီး ကွမ်းရွက်ပင်များကို ဂရုတစိုက် အရိပ်လုပ်ပေးခြင်း၊ ရေလောင်းပေးခြင်းများကို နေ့စဉ်ဆောင်ရွက်ပေးသော ကွမ်းခြံများသာ အထွက်ကောင်းပြီး ကွမ်းရွက်ဈေးကောင်းရကာ ရာသီဥတုအလိုက် ဂရုတစိုက်မရှိသော ကွမ်းခြံများမှာ ပျက်စီးကြကြောင်း သိရသည်။

ထို့အတူ ကွမ်းယာဆိုင်များမှာ ကွမ်းရွက်ဈေး မြင့်တက်မှုကြောင့် တွက်ခြေမကိုက်ဖြစ်ကာ ကွမ်းယာဆိုင်တချို့ ပိတ်ထားကြရကြောင်း သိရသည်။

"အရင်ကတော့ ငွေကျပ် ၂၀၀ ဖိုးကို ကွမ်းယာ ငါးယာပေးနိုင်တယ်။ အခု ကွမ်းရွက်ဈေးတက်တော့ ကွမ်းယာ လေးယာပဲ ပေးနိုင်တော့တာ။ ကွမ်းနုဝါက ကွမ်း ကြမ်းထက်ဈေးပိုမြင့်တော့ ခါတိုင်းလို ကွမ်းနုဝါကို မသုံးနိုင်ဘူး။ ဈေးသက်သာတဲ့ ကွမ်းကြမ်းကိုပဲ ရောင်းနေရတယ်။ ဒါတောင် ရောင်းရတာတွက်ခြေမကိုက်ဘူး။ တချို့ဆိုင်တွေဆို ပိတ်တောင်ထားကြတာ။ ကွမ်းရွက်ဈေး သိသိသာသာ တက်လာတာက ၁၀ ရက်လောက်ရှိနေပြီ"ဟု ကွမ်းယာဆိုင်ရှင်တစ်ဦးက ပြောသည်။

မြန်မာပြည်တွင် ကွမ်းစားသူဦးရေ ၁၂ သန်းရှိသည့်အတွက် နေ့စဉ်ငွေ ၁၂ ဘီလီယံကို ပါးစပ်ထဲစားပြီး ထွေး ပစ်လိုက်၊ မြို့ပစ်လိုက်သည့်အခြေနေဖြစ်နေကြောင်း၊ မေ ၂၉ရက်က ရန်ကုန်မြို့တွင် ကျင်းပသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**

# ဝဥ၊ ထောပတ်နှင့်အခြားသီးနှံများ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဈေးကွက်ဆိုင်ရာဆွေးနွေး

**ထန်တလန် ဇွန် ၂**

ချင်းပြည်နယ် ထန်တလန်မြို့တွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝဥ၊ ထောပတ်နှင့် အခြားသီးနှံများ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဈေးကွက်ဆိုင်ရာဆွေးနွေးပွဲကို ယမန်နေ့က ထန်တလန်မြို့ TBC ခန်းမ၌ ကျင်းပသည်။

**ဒေသခံတောင်သူများ တက်ရောက်**

ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မှုထန်။ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒေါက်တာမင်းဇော်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သီးနှံများစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေးအတွက် လယ်ယာသုံး စက်ပစ္စည်းအမျိုးမျိုးကို ချေးငွေ၊ နည်းပညာ၊ ဈေးကွက် အစရှိသည်တို့ ပံ့ပိုးကူညီဆောင်ရွက်နေသော Good Brother's Company မှ ဦးမနော်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချ သူများအသင်းမှ အတွင်းရေးမှူး ဒေါ်စန္ဒာမျိုး (ချင်းပြည်နယ် MSME ဖွံ့ဖြိုး တိုးတက်ရေး အေဂျင်စီ)၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

**ဈေးကွက်အလားအလာများ ဆွေးနွေး**

အဆိုပါ ဝဥ၊ ထောပတ်နှင့်အခြား တောင်ပေါ် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ဈေးကွက်ဆိုင်ရာများဆွေးနွေးရာ၌ ဝဥ စနစ်တကျ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နည်းနှင့် ဝဥ မှ ဝတုန် စားစရာပြုလုပ်နည်းကိုလည်းကောင်း၊ ထောပတ်သီး စနစ်တကျ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နည်းနှင့် ကိုင်းဆက်နည်းကိုလည်းကောင်း၊ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေ/နည်းပညာ/ဈေးကွက်အလားအလာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငါ့သရောက်မြို့မှ ပုန်းရည်ကြီးချက်လုပ်သည့် ပဲပိစပ်ဈေးနှုန်း နှစ်ဆခန့်မြင့်တက်သော်လည်း လုပ်ငန်းများဆက်လက်လည်ပတ်

**ငါ့သရောက် ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့သည် ပုန်းရည်ကျိုချက်လုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး ပုန်းရည်ကျိုချက်ရာတွင် အသုံးပြုသည့် ပဲပိစပ် ဈေးနှုန်းမှာ မနှစ်ကထက် ထက်ဝက်ခန့် မြင့်တက်လာကြောင်း ပုန်းရည်လုပ်ငန်းရှင် ဒေါ်အိခင်က ပြောသည်။

ညောင်ဦးခရိုင် ငါ့သရောက်မြို့တွင် ပုန်းရည်ကျိုချက်ခြင်းလုပ်ငန်းကို မိရိုးဖလာလုပ်ငန်းအဖြစ် အစဉ်အဆက်လုပ်ကိုင်လာကြပြီး ယခုအခါ ပဲပိစပ်ဈေးနှုန်းမှာ မနှစ်က တစ်တင်းလျှင် ငွေကျပ် ၁၈၀၀၀ ဖြင့် ဝယ်ယူရရှိရာမှ ယခုနှစ်တွင် ပဲပိစပ်ဈေးနှုန်း ငွေကျပ် ၃၀၀၀၀ ဖြင့် ဝယ်ယူနေရကြောင်း သိရသည်။ ပုန်းရည်ချက်လုပ်ရန်၊ ပုန်းရည်တပေါင်းကျရန်အတွက် အချိန်နှစ်ရက်ကြာမြင့်ကြောင်းနှင့် ပဲပိစပ်စိမ်းကို သန့်စင်ပြီး ရေဆေးခြင်းမှ ပုန်းရည်ကျိုချက်ပြီးချိန်အထိ ပင်ပင်ပန်းပန်း ကျိုချက်ရကြောင်း၊ ပုန်းရည်ကျိုချက်ရန် လုပ်သားနှင့် အလုပ်သမများငှားရန်ခလည်း ဈေးနှုန်းကြီးမြင့်ကြောင်း ၎င်းက ဆက်ပြောသည်။

ပုန်းရည်ချက်လုပ်ရာတွင် မြေပဲခွံ၊ ထန်းသီးဆန်များအား နှစ်ပတ်လည်စာဝယ်ယူထားရကြောင်းနှင့် ပုန်းရည်လုပ်ငန်းအတွက် အမျိုးသားတစ်ဦး တစ်နေ့ကုန်ငွေကျပ် ၇၀၀၀ ပေးရပြီး အမျိုးသမီးအလုပ်သမားတစ်ဦး ငွေကျပ် ၅၀၀၀ ပေးရကြောင်း၊ ငါ့သရောက်မြို့မှထွက်ရှိသည့် ပုန်းရည်ကြီးများအား မြန်မာနိုင်ငံအနှံ့အပြားသို့ ပို့ဆောင်ရောင်းချလျက်ရှိပြီး ပုဂံ-ညောင်ဦးမှ တစ်ဆင့်လည်း မြန်မာပြည်အရပ်ရပ်သို့ ဖြန့်ချိရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ပုန်းရည်ကြီးချက်ရာမှ ထွက်ရှိလာသည့် ပုန်းရည်များအား အစိုနှင့်အခြောက် ခွဲခြားထားပြီး ပုန်းရည်အစိုတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀နှင့် ပုန်းရည် အခြောက်တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ဖြင့် ရောင်းချကြောင်း၊ သိရကာ တန်ခူးလ၊ ဝါဆိုလ၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ပုန်းရည်ကြီး ပိုမိုရောင်းချရကြောင်း၊ ကျန်လများတွင် ပုံမှန်သာရောင်းချရကြောင်း ပဲပိစပ်စေ့အား နေပြည်တော်၊ သာဝတ္ထိမြို့၊ မြင်းခြံမြို့၊ တောင်သာမြို့တို့မှ အများဆုံး ဝယ်ယူ ကျိုချက်ရောင်းချကြကြောင်းနှင့် ယခင်နှစ်ထက် ပဲပိစပ်ဈေးနှုန်း တက်သော်လည်း ပုန်းရည်ကျိုချက်ခြင်း လုပ်ငန်းများကို ပုံမှန် ကျိုချက်ကာ ရောင်းချလျက်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



ငါ့သရောက်မြို့မှ ပုန်းရည်ကြီးချက်လုပ်သည့် လုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

# ကောင်းမှုတော်စေတီ ဆေးဖြူသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ပြန်လည်စတင်

**စစ်ကိုင်း ဇွန် ၂**
စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော် အဖြူရောင်ဆေးသင်္ကန်းကပ်လှူရန် နှစ်ထပ်ကျန်ရှိနေရာ ယမန်နေ့မှ စတင်၍ ဆေးဖြူသင်္ကန်း ကပ်လှူပူဇော်ခြင်းလုပ်ငန်းကို ပြန်လည်ဆောင်ရွက်နေပြီဖြစ်သည်။

ကောင်းမှုတော်စေတီတော်အား ဆေးဖြူသင်္ကန်း ပြန်လည်စတင်ကပ်လှူရန်အတွက် Safety လုပ်ငန်းဖြစ်သော Life Line များကို မေ ၃၁ ရက်တွင် စေတီတော်ကြီးပေါ်၌ တပ်ဆင်ခြင်းလုပ်ငန်း ပြုလုပ်ခဲ့ပြီး ယမန်နေ့က ဆေးဖြူသင်္ကန်းကပ်လှူခြင်း ပထမအဆင့်အနေဖြင့် စေတီတော်ကြီးအား ရေဖြင့်ဆေးကြောသပ္ပာယ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အောင်ပြည်တန်ကုမ္ပဏီမှ ဆေးသုတ်အဖွဲ့ခေါင်းဆောင် ကိုဖြိုးသက်နိုင်က ပြောသည်။

"ပထမအကြိမ်က တပေါင်းလပြည့်နေ့မတိုင်မီ ပြီးစီးခဲ့တာပါ။ ဆေးအခြောက်ခံတဲ့သဘောနဲ့ စည်တော်ကြီးပင့်ဆောင်ပွဲရှိတာကြောင့် ရပ်နားထားခဲ့တာပါ။ အဖြူဆေးနှစ်ထပ်သုတ်ဖို့ကျန်သေးတယ်။ အခုကျန်တဲ့ နှစ်ထပ်သုတ်ဖို့ ပထမအကြိမ်သုတ်ပြီးသားဆေးပေါ်မှာ တင်နေတဲ့ ဖုန်နဲ့ချေးတွေကို ရေသပ္ပာယ်သန့်ရှင်းပါ့မယ်။ ဆက်လက်ပြီး ဒုတိယအကြိမ် အီတလီနိုင်ငံလုပ် ဆေးတစ်ထပ်သုတ်ပါမယ်။ ဒါပြီးရင် နောက်ဆုံးတစ်ထပ် သုတ်ပါ့မယ်။ အခုဟာက အပြီးသတ်လုပ်ငန်းဆိုတော့ ဆေးဖြူသင်္ကန်းသုတ်လုပ်ငန်းကို အကောင်းဆုံးကပ်လှူမှာပါ။ ဆေးသုတ်လုပ်ငန်းက တစ်လလောက်ကြာပါမယ်" ဟု ၎င်းက ပြောသည်။

ကောင်းမှုတော်စေတီတော်ကြီး ရွှေဆေးသင်္ကန်းမှ အဖြူရောင်ဆေးသင်္ကန်း ပြောင်းလဲကပ်လှူရန်အတွက် လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်ကစတင်၍ အောင်ပြည်တန်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုံးတော်ပြည့်အောက်ခံအဖြူရောင်ဆေးသင်္ကန်း ကပ်လှူပူဇော်မှု ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ထိုအဖြူရောင်ဆေးသင်္ကန်း ကပ်လှူပြီးစီးခဲ့သော ကောင်းမှုတော်စေတီတော်ကို မတ် ၂၀ ရက်က သံဃာတော်အပါး ၁၀၀၀ ဖြင့် အနေကဇာတင်ခြင်းအခမ်းအနားကို ကျင်းပခဲ့ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

**ကိုမင်း (အင်းတော်)**



ကောင်းမှုတော်စေတီကို ဆေးဖြူသင်္ကန်းကပ်လှူခြင်းဆောင်ရွက်စဉ်ကာလ စည်တော်ကြီးနှင့်အတူ ဖူးတွေ့ရစဉ်။

# ဖြူးမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို သန့်ရှင်းရေးဆောင်ရွက်

**ဖြူး ဇွန် ၂**
ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အကြိုအဖြစ် ဖြူးမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ မြို့တွင်းလမ်းဘေးဝဲယာတွင် ယမန်နေ့က သန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။



ဖြူးမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ကြစဉ်။

အဆိုပါ မြို့နယ်အတွင်း လမ်းများကို ပေါင်းပင်ချုံနွယ်ရှင်းလင်းခြင်း၊ လမ်းဘေးဝဲယာ အမှိုက်ကောက်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ဖြင့် ခြင်ကြောင့်ဖြစ်ပွားတတ်သောရောဂါများကို ကာကွယ်ရာရောက်သလို မြို့တွင်း၌လည်း သန့်ရှင်းစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ယင်းလုပ်ငန်းသည်လည်း ပြည်သူ့အကျိုးပြု လုပ်ငန်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက ပြောသည်။

အဆိုပါ လုပ်အားပေးပွဲသို့ ဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး စာသင်ကျောင်းများတွင် ခြင်ဆေးဖျန်း

**သံဖြူဇရပ် ဇွန် ၂**
သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မှုအဖြစ် သံဖြူဇရပ်မြို့နယ်အတွင်း အပတ်စဉ် စနေနေ့တိုင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးလုပ်ငန်း ပရဟိတအဖွဲ့ဝင်များမှ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ခြင်ဆေးဖျန်းအဖွဲ့ နှစ်ဖွဲ့ခွဲကာ သံဖြူဇရပ်မြို့ပေါ်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအားလုံးနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့တွင် ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ကြသည်။

"သံဖြူဇရပ်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပရဟိတအဖွဲ့ကို လွန်ခဲ့တဲ့ငါးနှစ်ခန့်က ဖွဲ့စည်းပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျန်းမာရေးဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုတို့နဲ့ ပူးပေါင်းပြီး ပြည်သူတွေက ပံ့ပိုးပေးတဲ့ ရန်ပုံငွေနဲ့ နှစ်စဉ်နှစ်တိုင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို ထိရောက်စွာလုပ်ဆောင်နေပါတယ်။ အခုနှစ် သံဖြူဇရပ်မြို့နယ်မှာ မေလပထမပတ်ကစပြီး မိုးစတင်ရွာသွန်းတာနဲ့ ကလေးတွေ သွေးလွန်တုပ်ကွေးလက္ခဏာဖြစ်ပွားမှုရှိလာခဲ့လို့ မေလဒုတိယပတ်စတင်ပြီး စနေနေ့တိုင်း ပညာပေးခြင်းနဲ့ အဘိတ်ဆေးခတ်ခြင်းကို တစ်မြို့နယ်လုံး လွှမ်းခြုံပြီး ဆောင်ရွက်နေပါတယ်" ဟု ပရဟိတအဖွဲ့ခေါင်းဆောင် ဦးခိုင်စိုးက ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပရဟိတအဖွဲ့ စုဆောင်းရန်ပုံငွေမှ ရပ်ကွက်တစ်ခုလျှင် ငွေကျပ်နှစ်သောင်းစီ အပတ်စဉ်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



သံဖြူဇရပ်မြို့ရှိ စာသင်ကျောင်းတစ်ခု၌ ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

# ယခုနှစ်မိုးရာသီတွင် စစ်ကိုင်းမြို့၌ ကျွန်းပင် ၅၀၀၀ စိုက်ပျိုးမည်

**စစ်ကိုင်း ဇွန် ၂**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ဇွန်လ တတိယပတ်တွင် ကျွန်းပင် ၅၀၀၀ စိုက်ပျိုးရန် စီစဉ်လျက်ရှိကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ပြောသည်။

"တစ်နိုင်ငံလုံးမှာ နှစ်စဉ်အပူရှိန်တွေတိုးလာတယ်။ သစ်ပင်စိုက်မှ အပူရှိန်ကို လျှော့ချနိုင်မှာပါ။ အဲဒီအတွက် သစ်ပင်စိုက်ဖို့ လိုနေပါပြီ။ သစ်ပင်စိုက်တဲ့နေရာမှာ သစ်တောဌာနတစ်ခုတည်း လုပ်လို့မရဘူး။ သစ်တော၊ စည်ပင်၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ပါမယ်။ ပြည်သူတွေပါမယ်။ ဘတ်ဂျက်တစ်ခုတည်းနဲ့က နည်းတော့ မလုံလောက်ဘူး။ ပေါင်းစပ်ပြီးလုပ်ဖို့လိုတယ်။ သစ်တောစိုက်ခင်းတစ်ခုတည်ထောင်ဖို့၊ ရေရှည်ဖြစ်ထွန်းဖို့ တန်ကြေးက အများကြီးပါ။ ဒါကြောင့် စိုက်ပြီးတဲ့ သစ်တောစိုက်ခင်း ရေရှည်တည်တံ့ဖြစ်ထွန်းဖို့အတွက်လည်း အစီအစဉ်တွေ လုပ်ဆောင်နေပါတယ်" ဟု တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဆက်ပြောသည်။

ကျွန်းစိုက်ခင်းထူထောင်နိုင်ရန်အတွက် စစ်ကိုင်းမြို့ ရထားသံလမ်းနှင့် ရွှေမင်းဝံရပ်ကွက်ကြား ပေ (၈၀ × ၇၀၀၀) အကျယ်တွင် အမှိုက်ကောက်ခြင်း၊ နဘူးချုံများကို ရှင်းလင်းခြင်း၊ သစ်ပင်ကျင်းများတူးခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရက်ကွက်နေပြည်သူများက ဝိုင်းဝန်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

# ရေရှားပါးသော သာယာကုန်းကျေးရွာသို့ သောက်သုံးရေများလှူဒါန်း

**မောင်တော ဇွန် ၂**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ယနေ့ နံနက်က ရေရှားပါးသော သာယာကုန်းကျေးရွာသို့ ရှစ်ကြိမ်မြောက်အဖြစ် သောက်သုံးရေများ လှူဒါန်းခြင်းကို ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၅ ဦး၊ မီးသတ်ယာဉ် နှစ်စီးတို့ဖြင့် နွေရာသီသောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် သောက်သုံးရေများ လှူဒါန်းခဲ့သည်။



မောင်တောမြို့နယ်အတွင်း သောက်သုံးရေလှူဒါန်းကြစဉ်။

ထိုသို့ လှူဒါန်းရာတွင် (၄) မိုင်ရပ်ကွက် သာယာကုန်းကျေးရွာရှိ အိမ်ခြေ ၅၄ စု၊ လူဦးရေ ၂၄၀ တို့အား သောက်သုံးရေ ဂါလန် ၁၆၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးစရိတ်များ ထုတ်ချေး

**ပေါက်ခေါင်း ဇွန် ၂**
ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၉ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၆ ရက်မှစတင်၍ တောင်သူများထံသို့ ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးရာတွင် ၂၀၁၈ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ပေးဆပ်ပြီးသည့်တောင်သူများကိုသာ ထုတ်ချေးပေးလျက်ရှိရာ မေ ၃၁ ရက်အထိ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တောင်သူ ၆၇၉ ဦး၏ လယ်မြေဧက ၂၀၃၆ ဧကအတွက် ငွေကျပ် ၃၀၅၄၀၀၀၀၀ ကို ထုတ်ချေးပြီးဖြစ်ကြောင်း ဇွန် ၃ ရက်တွင်လည်း သဖန်းချိုကျေးရွာအုပ်စုရှိ တောင်သူများကို စိုက်ပျိုးစရိတ်များ ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**သန်းထွန်းအောင် (ပြန်/ဆက်)**

# ငါးမဖမ်းရ ကာလနှင့် ဧရိယာ သတ်မှတ်ခြင်းကို လှေပိုင်ရှင်များနှင့် ရေလုပ်သားများ နားလည်လက်ခံလာ

မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်းရှိ ငါးဖမ်းကွက်များ၌ ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာ သတ်မှတ်ခြင်းမှာ သယံဇာတထိန်းသိမ်းရေးနှင့်အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ရည်ရွယ်သတ်မှတ်ခြင်းဖြစ်ကြောင်းကို လှေပိုင်ရှင်များနှင့် ရေလုပ်သားများက နားလည်လက်ခံလာကြကြောင်း သိရသည်။

ငါး/ပုစွန် သားပေါက်ဖွားသည့် ရာသီချိန်တွင် ငါးနှင့်သက်ရှိသယံဇာတများကို ထိန်းသိမ်းနိုင်ရေးအတွက် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအတွင်း ငါးမဖမ်းရဧရိယာများ သတ်မှတ်ကာ ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ငါးဖမ်းဆီးခြင်းမပြုကြရန် ငါးလုပ်ငန်းဦးစီးဌာနက ဧပြီလကတည်းက တားမြစ်ညွှန်ကြားချက် ထုတ်ပြန်ထားသည်။

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်စိုးက "သယံဇာတကို ထိန်းရမယ့်အခြေအနေ၊ ဒီလိုမလုပ်ရင်လည်း မရတော့တဲ့အခြေအနေ ရောက်လာတာ၊ ဒီနှစ်မှာ ငါးတော်တော်ရှားလာတယ်၊ အရင်နှစ်တွေထက် ဒီနှစ်မှာ ငါးလှေရှင်တွေ အရှုံးပေါ်ကြတယ်၊ ၂၀၁၂-၂၀၁၃ ခုနှစ်က တနင်္သာရီတိုင်းဒေသကြီးမှာ ၁၀၀ ရာခိုင်နှုန်း ထိန်းခဲ့ပါတယ်၊ ဒါပေမယ့် လူတွေ ဝိုင်းပြောတာခံရတယ်၊ အပြစ်တင်ခံရတယ်၊ အခုတော့ ငါးဖမ်းလှေရှင်တွေလည်း နားလည်သဘောပေါက်လာတယ်၊ နားလည်လာတော့ သဘောတူလာကြတယ်၊ ဝမ်းသာစရာကောင်းပါတယ်၊ ရေလုပ်သားတွေအဖို့တော့ ကျောင်းဖွင့်တဲ့ရာသီ ဖြစ်နေတော့ အခက်အခဲတွေရှိတယ်။ နိုင်ငံတော်အနေနဲ့ ရေလုပ်သားတွေကို ဝင်ငွေရတဲ့ အခြားလုပ်ငန်းငယ်တစ်ခု ဖန်တီးပေးနိုင်ရင်တော့ ပိုကောင်းပါတယ်။ မြိတ်မှာဆိုရင် ၈၅ ရာခိုင်နှုန်းက ရေလုပ်ငန်း လုပ်ကိုင်နေကြတော့ ဈေးဆိုင်တွေ၊ ဆိုင်ကယ်ကယ်ရီတွေပါ အခက်အခဲတော့ ရှိသွားလိမ့်မယ်"ဟု ပြောသည်။



မြိတ်မြို့ရှိ ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်းများမှ ဖမ်းဆီးထားသော ငါးများ

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းဝေးငါးဖမ်းလှေ အစီးရေ ၁၄၀၀ ကျော်ရှိပြီး ထိုလှေအားလုံးကို မေ ၃၁ ရက်နောက်ဆုံးထား၍ ကမ်းသို့ဝင်ရန် ညွှန်ကြားထားသည့်အတွက် လှေအားလုံး ပြန်လည်ဝင်ရောက်လာကြကြောင်း၊ ထားဝယ်၊ မြိတ်နှင့်ကော့သောင်း ချက်ပွိုင့်များတွင် ပြန်ဝင်လျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ယခုလို လှေအားလုံးပြန်ဝင်ရန် ညွှန်ကြားပြီး ငါးဖမ်းခွင့်ပိတ်ထားခြင်းကို ယခင်က တစ်ကြိမ်ပြုလုပ်ဖူးကြောင်း၊ ယခုနှစ်တွင် ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာများ သတ်မှတ်ရန် ရန်ကုန်နှင့် နေပြည်တော်တို့တွင် ပြုလုပ်သည့် အစည်းအဝေးများ၌ ရေလုပ်ငန်းရှင်များက နားလည်လက်ခံလာကြကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

"စားဝတ်နေရေးအတွက် လောလောဆယ် အခက်အခဲဖြစ်ပါတယ်။ ဒါပေမယ့် ရေရှည်အတွက် ကောင်းတယ်လို့ ယေဘုယျအားဖြင့် ပြောလို့ရပါတယ်၊ ပင်လယ်ပြင်တစ်ခုလုံးကို စိုးမိုးပြီး ပိတ်နိုင်ဖို့ အရေးကြီးပါတယ်။ အရင်တုန်းက ပိုက်တစ်ခါဖော်ရင် ငါးအမျိုးအစား ၃၀ ကျော်၊ ၄၀ လောက် ဖမ်းမိပါတယ်။ အခုချိန်မှာ ၃၀ ကျော် မပါတော့ဘူး၊ ၂၀ လောက်ပဲ ပါတော့တယ်။ နှစ်နဲ့ချီပျောက်သွားတဲ့ငါးတွေလည်း ရှိနေပြီ။ ကျွန်တော်တို့ မျိုးဆက်တစ်ခုတည်း ကြည့်လို့မရတော့ဘူး၊ ကျွန်တော်တို့ရဲ့အနာဂတ်၊ နောက်မျိုးဆက်အတွက် ကြည့်မယ်ဆိုတော့ ကောင်းတယ်လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ထိထိရောက်ရောက် ပိတ်နိုင်ဖို့တော့ အရမ်းအရေးကြီးပါတယ်"ဟု ကမ်းဝေးငါးဖမ်းလှေတစ်စီးမှ ပဲ့နင်းတစ်ဦးဖြစ်သူ ဦးတင့်လွင်ဦးက ပြောသည်။

တနင်္သာရီကမ်းရိုးတန်းသည် မြန်မာနိုင်ငံတောင်ဘက်ခြမ်းတွင်ရှိပြီး မြန်မာနိုင်ငံ၏ ကမ်းရိုးတန်း သုံးခုအနက် အရှည်ဆုံးကမ်းရိုးတန်းဖြစ်ကာ အလျား မိုင် ၂၀၀ ခန့် ရှည်လျားသည်။ ကမ်းရိုးတန်းရေပြင်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧပြီလအထိ မြိတ်အခြေပြု ကမ်းဝေးငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေသည့် ရေယာဉ် ၁၂၀၂ စီးရှိကာ ကမ်းဝေးရေလုပ်သား ၂၀၉၇ ဦးဖြင့် ရေလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ကမ်းရိုးတန်းရေပြင်တွင် ငါးသယံဇာတများကို ယခင်က မိရိုးဖလာ ဖမ်းဆီး စားသောက် ရောင်းချခြင်းများသာရှိခဲ့သော်လည်း ယနေ့ကာလတွင် နည်းပညာများတိုးတက်လာကာ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငါးသယံဇာတများကို ခေတ်မီနည်းပညာများဖြင့် ဖမ်းဆီးကြပြီး ပြည်တွင်းပြည်ပ တင်ပို့ရောင်းချခြင်း၊ ရေပေါ်ရေအောက် ငါးသယံဇာတများ မွေးမြူထုတ်လုပ်ခြင်း၊ ပြည်ပပို့ကုန် အရည်အသွေးမြှင့်တင်ခြင်းများ ဆောင်ရွက်လာလျက်ရှိသည်။

ထို့ကြောင့် ငါးသယံဇာတများကို ထိန်းသိမ်းရန်အတွက် ငါးမဖမ်းရ ဧရိယာနှင့် ကာလများကို သတ်မှတ်၍ ပိတ်ပင်တားမြစ်ခြင်းများ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ယခုနှစ် ငါးမဖမ်းရ ရာသီ ကာလအတွင်း ငါးဖမ်းဆီးသည်ကို စစ်ဆေးတွေ့ရှိရပါက ငါးလုပ်ငန်းဦးစီးဌာနက ထိရောက်စွာ အရေးယူသွားမည်ဟု ရေယာဉ်ပိုင်ရှင်များ၊ ကုမ္ပဏီများ၊ ရေလုပ်ငန်းရှင်များ၊ အေးဂျင့်များ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အသင်းအဖွဲ့များထံ အသိပေး အကြောင်းကြားထားပြီးဖြစ်ကြောင်း မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**သတင်းဆောင်းပါး - ခိုင်ထူး(မြိတ်)**

## ဒေးဒရဲမြို့၌ ပြည်သူများလက်ဝယ်အရောက် ရပ်ကွက်မြေငှားဂရန်များ ထုတ်ပေး

**ဒေးဒရဲ ဇွန် ၂**

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်မှ ပြည်သူများအတွက် ရပ်ကွက်မြေငှားဂရန်များကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနက ပြုလုပ်ပေးခဲ့ပြီးနောက် ဇွန် ၂ ရက်တွင် အဆိုပါ မြေငှားဂရန်များကို ပြည်သူများ လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေငှားဂရန် ပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က မြေငှားဂရန်ထုတ်ပေးခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြေငှားဂရန်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ မြေငှားဂရန်ပေးအပ်ပွဲသို့ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းအောင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂရန်လျှောက်ထားသူ ပြည်သူများ တက်ရောက်ခဲ့သည်။ **မြင့်မြင့်ခိုင်(ပြန်/ဆက်)**

## မီးသတ်တပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

**မြောင်းမြ ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁ ရက်က မြို့နယ်မီးသတ်ရုံး၌ ကျင်းပခဲ့သည်။ ထောက်ပံ့ငွေပေးအပ်ပွဲတွင် ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးအေးလွင်က အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်မင်းက ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူ ၁၂ ဦးထံ ပညာသင်စရိတ်နှင့်စာရေးကိရိယာများပေးအပ်ခဲ့သည်။ **စန္ဒာမိုး(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို ပန်းချီပြိုင်ပွဲ ကျင်းပ

**ချောက် ဇွန် ၂**

(၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုအထိမ်းအမှတ် ပန်းချီပြိုင်ပွဲကို မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဇွန် ၁ ရက်က ချောက်မြို့ ကွန်မြူနတီစင်တာခန်းမ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အခြေခံပညာ မူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူ ၂၀ ဦး များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူ ငါးဦးအား ပန်းချီဆရာ ဦးတင်အောင်မိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုမာတို့က ဆုများချီးမြှင့်ပေးခဲ့သည်။ **မချို(ချောက်)**

## ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီက အမှိုက်ခြင်းများ လိုက်လံတပ်ဆင်

**ကျုံပျော် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့တွင် မြို့ရွာသန့်ရှင်းသာယာလှပပြီး ကျန်းမာရေးနှင့်ညီညွတ်စေရန်၊ အမှိုက်များ စည်းကမ်းတကျ စွန့်ပစ်နိုင်ရန် ရည်ရွယ်လျက် မြို့နယ်စည်ပင်သာယာရေးကော်မတီက အမှိုက်ခြင်းနှင့် အမှိုက်ပုံးများကို မြို့တွင်းလူစည်ကားရာနေရာများ၌ ဇွန် ၁ ရက်က လိုက်လံတပ်ဆင် နေရာချထားကြောင်း သိရသည်။



အမှိုက်ခြင်းများကို မြို့နယ်စည်ပင် တာဝန်ရှိသူများက လိုက်လံတပ်ဆင်နေစဉ်။

ထိုသို့ဆောင်ရွက်ခြင်းမှာ ပြည်သူပူးပေါင်းပါဝင်သော စနစ်တကျ အမှိုက်စွန့်ပစ်ရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက်ဖြစ်ပြီး လက်ရှိတွင် စည်ပင်သာယာရေးအဖွဲ့နှင့် မိတ်ဖက်အလှူရှင်များ စုပေါင်းလှူဒါန်းထားသော အမှိုက်ခြင်း ၂၀ နှင့် အမှိုက်ပုံး ၂၀ တို့ကို မြို့တွင်းလမ်းမများ၏ ဘေးတစ်လျှောက်နှင့် စာသင်ကျောင်းများရှေ့တွင်လည်းကောင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်လေ့ရှိသော နေရာများတွင်လည်းကောင်း ချိတ်ဆွဲချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် ထိုအမှိုက်ပုံးများတွင် မိမိတို့၏ မီးဖိုချောင်ထွက်အမှိုက်နှင့် သာမန်အမှိုက်များကိုသာ အိတ်များဖြင့် လုံခြုံအောင်ထုပ်ပိုး၍ စနစ်တကျစွန့်ပစ်ကြရန်နှင့် မြို့ရွာ သန့်ရှင်းသာယာလှပရေးကို ဝိုင်းဝန်းထိန်းသိမ်းပေးကြရန်လည်း မြို့နယ်စည်ပင်သာယာရေးကော်မတီက နှိုးဆော်ထားသည်။ **နေဝန်းရှိန်**

## သဲကုန်း-ညောင်အိုင် တာတည်ဆောက်ခြင်းတွင် ပါဝင်သည့် အိမ်နှင့်မြေများအတွက် နစ်နာကြေးပေးအပ်

**ဇလွန် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်းရှိ ဟင်္သာတတာ တာမိုင်(၂၂/၄)မှ (၂၄/၀)အတွင်း သဲကုန်း-ညောင်အိုင် ပန်းတာသစ် တည်ဆောက်ခြင်း လုပ်ငန်းဧရိယာတွင် ပါဝင်သည့် တာအူကြောင်းပါ လယ်မြေ၊ မြေယူ နေရာပါ လယ်မြေ၊ သီးနှံပင်များနှင့် တာအူကြောင်းပါ ရွှေ့ပြောင်းနေအိမ်များအတွက် နစ်နာကြေးငွေ ကျပ် ၂၆၅၁ သိန်းကျော်ကို တောင်သူများထံသို့ ဇွန် ၁ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။



တောင်သူတစ်ဦးထံသို့ လယ်မြေနစ်နာကြေး ပေးအပ်စဉ်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် နစ်နာကြေးပေးအပ်ပွဲတွင် ဟင်္သာတခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အမှာစကားပြောကြားပြီး ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာက သဲကုန်း-ညောင်အိုင် ပန်းတာသစ် တည်ဆောက်ခြင်းလုပ်ငန်းအကြောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်က မြေယာလျော်ကြေးနှင့်ပတ်သက်၍ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာအူကြောင်းပါ လယ်မြေ ၁၄ ဒသမ ၃ ဧကအတွက် နစ်နာကြေး ကျပ် ၅၀၀၅၀၀၀၀၊ သီးနှံစိုက်ပျိုးမြေ ၁၁ ဒသမ ၇ ဧကအတွက် နစ်နာကြေး ကျပ် ၃၂၁၇၅၀၀၀၊ မြေယူ နေရာပါ လယ်မြေ ၃၄ ဧကအတွက် နစ်နာကြေး ကျပ် ၁၁၉၀၀၀၀၀၀၊ သီးနှံများအတွက် နစ်နာကြေး ကျပ် ၅၄၈၈၇၈၀၀ နှင့် တာအူကြောင်းပါ ပြောင်းရွှေ့နေအိမ် ၁၈ လုံးအတွက် နစ်နာကြေး ကျပ် ၉၀၀၀၀၀၀ ကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဒေသခံများထံ ပေးအပ်ခဲ့ပြီး စုစုပေါင်း နစ်နာကြေးငွေ ပမာဏမှာ ကျပ် ၂၆၅၁၁၂၈၀၀ ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို စုပေါင်းသစ်ပင်စိုက်

**မိတ္ထီလာ ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ပေါက်ချောင်း ကွက်သစ်ရပ်ကွက်ရှိ မိတ္ထီလာကန်ပေါင်အနီး၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြို စုပေါင်းသစ်ပင်စိုက်ပွဲကို မိတ္ထီလာခရိုင်နှင့် မြို့နယ် သစ်တောဦးစီးဌာနများနှင့် Htilar Green Cycle အပျော်တမ်းသစ်ပင်စိုက်လူငယ်အဖွဲ့တို့ ပူးပေါင်းပြီး ဇွန် ၂ ရက်က ပြုလုပ်ခဲ့သည်။

"အခုသစ်ပင်စိုက်ပွဲမှာ စိန်ပန်းပျိုးပင် ၁၉၂ ပင်ကို ပေါက်ချောင်းကွက်သစ် ကန်ပေါင်ထိပ်ကနေ ကန်ပေါင်တစ်လျှောက် တစ်ပင်နှင့်တစ်ပင် ၁၅ ပေခြားပြီး စိုက်ပျိုးတာပါ၊ စုပေါင်းသစ်ပင်စိုက်ဖို့အတွက် ကျွန်မတို့က ကျင်းတွေ တူးထားပေးထားပါတယ်၊ လာရောက်စိုက်ပျိုးမယ့်သူတွေက အသင့်စိုက်ပျိုးရုံပါပဲ၊ ပြီးတော့ မြို့ပေါ်ရပ်ကွက်တွေက အိမ်တွေမှာလည်း အရိပ်ရပင်တွေ စိုက်ပျိုးချင်တယ်ဆိုရင် သူတို့က ကျင်းတူးထားပြီး ကျွန်မတို့က အပင်တွေ ရှင်သန်အောင် သွားရောက်စိုက်ပျိုးပေးပါတယ်၊ အသက် ၆၀ ကျော် အဘိုးအဘွားတွေရဲ့အိမ်တွေမှာ အပင်စိုက်ချင်တယ်၊ ကျင်းမတူးနိုင်ဘူးဆိုရင်တော့ ကျွန်မတို့ လူငယ်တွေက ကိုယ်တိုင်တူးပြီး ကိုယ်တိုင်စိုက်ပျိုးပေးပါတယ်"ဟု Htilar Green Cycle အဖွဲ့ဝင် မနေဇာမင်းဆွေက ပြောသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးနေစဉ်။

မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးလွင်သူက "သစ်ပင်စိုက်ပျိုးတဲ့ အဓိကရည်ရွယ်ချက်က Htilar Green Cycle အဖွဲ့က လူငယ်လေးတွေကို ပံ့ပိုးကူညီပေးတာပါ၊ သူတို့လူငယ်လေးတွေ လွန်ခဲ့တဲ့ ရက် ၂၀ လောက်ထဲက သစ်ပင်စိုက်ဖို့ ကျင်းလေးတွေတူးနေတော့ သူတို့တူးတာကိုကြည့်ပြီး ကျင်းတူးစက်လေးတွေ ငှားပေးတယ်၊ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပန္နက်ရိုက်ပေးတယ်၊ အကြံပေးတယ်၊ ပျိုးပင်ဖြန့်ဝေပေးတယ်၊ သစ်ပင်စိုက်ချင်တဲ့ ကလေးတွေကို အလွယ်တကူဖြစ်အောင်လို့ လိုက်ကူညီပေးတာပါ၊ သစ်ပင်စိုက်ဖို့အတွက် ကုန်းလမ်းပို့ဆောင်ရေးဌာနကလည်း ရေကားတွေ ကူညီပေးပါတယ်၊ ကျွန်တော်တို့အနေနဲ့ သစ်ပင်တွေ ဘယ်နားစိုက် ဘယ်နားစိုက် ဆိုတာထက် လူထုက စိုက်ချင်တဲ့နေရာလေးကို ကျွန်တော်တို့က ပံ့ပိုးပေးတဲ့အနေနဲ့ ဒီပွဲလေးကို ပြုလုပ်ပေးတာပါ"ဟု ပြောသည်။

"ဒီနေရာလေးမှာ စိန်ပန်းပင်စိုက်ဖို့ရွေးတာက နောက်ငါးနှစ်လောက်ဆို ဒီအတန်းကြီးက စိန်ပန်းပင်တန်းကြီးဖြစ်သွားပြီး အရိပ်လည်းရမယ်၊ မျက်စိပသာဒလည်းရှိမယ်၊ ကန်ပေါင်ဘေးလည်း သာယာလှပမယ်၊ မိတ္ထီလာမြို့နယ်ထဲမှာရှိတဲ့ လူငယ်လေးတွေရဲ့ သစ်ပင်စိုက်ပျိုးချင်တဲ့ အလေ့အထလေးကို မြေတောင်မြှောက်ပေးတာဖြစ်ပြီး သစ်ပင်လာရောက်စိုက်ပျိုးတဲ့သူတွေကိုလည်း ခရိုင်နဲ့ မြို့နယ် သစ်တောဦးစီးဌာနက လူထုဖြန့် ပျိုးပင်တွေ အခမဲ့ဖြန့်ဝေပေးခဲ့ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

သစ်ပင်စိုက်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်နီလာဝင်း၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နေပြည်သူများ ပါဝင်စိုက်ပျိုးခဲ့ကြသည်။

**ထီလာကိုယ်လေး**

# နေရပ်စွန့်ခွာစခန်းနေ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**မြစ်ကြီးနား ဇွန် ၂**

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်းအသီးသီးတွင် ရောက်ရှိနေသော တိုင်းရင်းသားပြည်သူများနှင့် ဒေသခံပြည်သူများအတွက် ပြုလုပ်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွှဲပြောင်းပေးအပ်ပွဲကို မေ ၃၁ ရက် ညနေပိုင်းက မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်ရှိ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းခန်းမ၌ ကျင်းပသည်။

နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲတွင် ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးငွေအောင်ကျော်က သစ္စာစီမံချက်ဖြင့် နေရပ်စွန့်ခွာစခန်းများနေ ပြည်သူများအပြင် မြစ်ကြီးနားမြို့ပေါ်ရှိ ဒေသခံပြည်သူများကိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြား အသစ်ပြုလုပ်ပေးခြင်း၊ ပျောက်ဆုံး/ပျက်စီးသူများအား လဲလှယ်ပေးခြင်းဖြစ်ကြောင်း၊ ယခုအခါ ကျောင်းဖွင့်ရာသီရောက်ရှိလာပြီဖြစ်သဖြင့် အခြေခံပညာကျောင်းများသို့လည်း ကွင်းဆင်းကာ ကျောင်းသားကျောင်းသူများအား စာသင်ချိန်မပျက်စေဘဲ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက် ကွင်းဆင်းပြုလုပ်ပေးမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက နေရပ်စွန့်ခွာစခန်း ၂၀ မှ လူဦးရေ ၇၅၆ ဦး၊ မြို့သစ်ကြီး ရပ်ကွက်မှ ဒေသခံပြည်သူ ၃၀၆ ဦး၊ တီယန်ဇွတ်ကျေးရွာမှ ပြည်သူ ၁၂၀ နှင့် အင်ဂျစ်ယန်ကျေးရွာနေ ပြည်သူ ၁၈ ဦး စုစုပေါင်း ၁၂၀၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**



# ရေစကြိုမြို့နယ်၌ ကမ်းပြိုသဖြင့် ဘုန်းတော်ကြီးကျောင်းနှင့် အိမ်သုံးလုံး ရွှေ့ပြောင်းရ

**ရေစကြို ဇွန် ၂**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကွေ့ဒေါင့်ကျေးရွာ၌ ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများ ပြိုကျလျက်ရှိသဖြင့် ကမ်းပြိုသည့်နေရာနှင့် နီးကပ်နေသော ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ် သုံးလုံးကို ကြိုတင်ဖျက်သိမ်း ရွှေ့ပြောင်းထားရကြောင်းသိရသည်။

"မြစ်ရေတိုက်စားလို့ ကမ်းပြိုနေတော့ မေ ၂၈ ရက်နေ့ကစပြီးတော့ ဘုန်းတော်ကြီးကျောင်းရယ်၊ သိမ်ကျောင်းရယ်ကို ဖျက်ရတာပေါ့၊ လူနေအိမ် သုံးလုံးကိုလည်း ဖျက်ထားရတယ်၊ ဘုန်းတော်ကြီးကျောင်းနဲ့ သိမ်ကျောင်း ဖျက်ထားတာကိုတော့ သင့်တော်တဲ့နေရာမှာ စုပုံထားရတယ်၊ သံဃာတော်တွေကတော့ လောလောဆယ် အဲဒီဘုန်းကြီးကျောင်းဝိုင်းထဲမှာပဲ ထန်းလက်တဲလေးထိုးပြီး သီတင်းသုံးနေရတာပေါ့"ဟု ကွေ့ဒေါင့်ကျေးရွာအုပ်ချုပ်ရေးမှူးကပြောသည်။



ကမ်းပြိုသည့်နေရာအနီးရှိ ဘုန်းကြီးကျောင်းကို ကြိုတင်ဖျက်သိမ်း ရွှေ့ပြောင်းနေစဉ်။

ဘုန်းတော်ကြီးကျောင်းမှာ ခြောက်ပင်×ကိုးပင်အရွယ်အစားရှိ ကျောင်းဆောင်ကြီးဖြစ်ပြီး သိမ်ကျောင်းမှာ သုံးပင်ပတ်လည် ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။ မြစ်ကမ်းပါးပြိုကျနေသည့်နေရာမှာ လက်ရှိတွင် ဘုန်းတော်ကြီးကျောင်း ခြံစည်းရိုးနှင့် ပေ ၅၀ ခန့်သာ ကွာဝေးတော့ကြောင်း၊ ကမ်းပြိုသည့်နေရာနှင့် ကျောင်းဆောင် နီးကပ်လာမှ ရွှေ့ပြောင်းပါက အချိန်မမီတော့မည်ကို စိုးရိမ်သဖြင့် ကြိုတင်ရွှေ့ပြောင်းထားရခြင်းဖြစ်ကြောင်း၊ အဆိုပါ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များ ဖြိုဖျက်ရွှေ့ပြောင်းမှုတွင် ကျေးရွာနေ ဒေသခံများနှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များကလည်း ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

ကွေ့ဒေါင့်ကျေးရွာသည် အိမ်ခြေ ၁၂၃ အိမ်ရှိပြီး အိမ်ထောင်စု ၁၅၀ ရှိကာ လူဦးရေ ၆၃၆ ဦးရှိကြောင်း၊ ရောဝတီမြစ်ရေ တိုက်စားသဖြင့် ပြီးခဲ့သည့်နှစ်က အိမ်ခြေ ၅၃ အိမ် ရွှေ့ပြောင်းခဲ့ရကြောင်း၊ ထို ၅၃ အိမ်အတွက် မြေနေရာ ပြန်ဝယ်ထားကြသော်လည်း အိမ်ခြေ ၄၀ ခန့်အတွက်သာ ရသေးကြောင်း၊ ယခုနှစ်တွင်လည်း မနှစ်ကလို ကမ်းပြိုမည်ကို စိုးရိမ်နေရပြီး မနှစ်ကကဲ့သို့ ကမ်းပြို ကြမ်းလျှင် တစ်ရွာလုံးပင် ပျောက်သွားနိုင်ကြောင်း ကွေ့ဒေါင့်ကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။ ဒေသခံများအနေဖြင့်လည်း လာမည့် နယုန်နှင့် ဝါဆိုလ မြစ်ရေတက်ကာ ကမ်းပြိုကြမ်းသည့်အချိန်တွင် မြစ်ကမ်းပါးများ ထပ်မံပြိုကျမည်ကို စိုးရိမ်နေကြကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# ကလေးမြို့နယ်မှ ရေပြတ်လပ်သည့် ရပ်ကွက်နှင့် ရွာများသို့ ရေလှူဒါန်းနိုင်ရန် စက်သုံးဆီဖိုး ထောက်ပံ့

**ကလေး ဇွန် ၂**

ကလေးမြို့နယ်အတွင်းရှိ သောက်သုံးရေပြတ်လပ်နေသည့် ရပ်ကွက်နှင့် ကျေးရွာများသို့ ရေများ ဆက်လက်လှူဒါန်းနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကလေးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ရေသယ်ယာဉ်များအတွက် စက်သုံးဆီဖိုး ထောက်ပံ့ငွေ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး၌ ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် ကလေးမြို့နယ်အတွင်းရှိ သောက်သုံးရေ လိုအပ်လျက်ရှိသည့် ရပ်ကွက်နှင့် ကျေးရွာများသို့ ရေများဆက်လက်ဖြန့်ဝေနိုင်ရန် စက်သုံးဆီ ဂါလန် ၈၁၀ အတွက် ထောက်ပံ့ငွေ ကျပ် ၃၈၀၇၀၀၀ ကို ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှူး ဒေါ်မီမီထွန်းက မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ကလေးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအချို့တွင် ယခုနှစ် နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် အလှူရှင်များ ပူးပေါင်းပြီး ဧပြီ ၁၈ ရက်မှစတင်၍ သောက်သုံးရေပြတ်လပ်သည့် ရပ်ကွက် သုံးခု၊ ကျေးရွာ ခြောက်ရွာရှိ အိမ်ထောင်စု ၃၅၅၀၊ လူဦးရေ ၁၆၀၀၀ ကျော်အတွက် ရေများကို ရေသယ်ယာဉ် လေးစီးဖြင့် ၇၄ ကြိမ်တိုင် ဖြန့်ဝေပေးပို့ခဲ့ရပြီး စက်သုံးဆီ ၂၈၂ ဂါလန် သုံးစွဲခဲ့ရကြောင်း သိရသည်။

**သန်းထိုက်အောင်(ပြန်/ဆက်)**

# ကန့်ဘလူခရိုင်အတွင်း တရားရုံးများ၌ အမှုလက်ကျန် လျှော့နည်းကျဆင်းရေး ဆွေးနွေး

**ကန့်ဘလူ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများ၌ အမှုလက်ကျန် လျှော့နည်းကျဆင်းရေးအတွက် ခရိုင်တရားသူကြီး၊ ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်အတွင်းရှိ မြို့နယ် တရားသူကြီးများ၊ မြို့နယ်ဥပဒေအရာရှိများ၊ စခန်းမှူးများ၊ မှုခင်းမှတ်တမ်းတာဝန်ခံများနှင့် ရှေ့နေကြီးများ တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကို ကန့်ဘလူခရိုင်တရားရုံး၌ ဇွန် ၁ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် သက်သေများ ရုံးချိန်းရက်တွင် လာရောက်နိုင်ရေးအတွက် ရဲပုံစံ(၁၀၄)များကို အချိန်နှင့်တစ်ပြေးညီ အတည်ပြုပြန်သွင်းနိုင်ရေး၊ ရဲပုံစံ(၁၀၄)များကို နည်းလမ်းတကျ အတည်ပြုပြန်သွင်းနိုင်ရေး၊ အမှုများကို မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်နိုင်ရေး စသည်တို့အတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ခရိုင်တရားသူကြီးနှင့် ဥပဒေဆိုင်ရာ တာဝန်ရှိသူများ ဆွေးနွေးနေစဉ်။



တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရီမြို့တိုက်နယ်ဆေးရုံ၌ အရေးပေါ်လူနာများ အသုံးပြုနိုင်ရန် အောက်ဆီဂျင်ဘူးများနှင့် ဆက်စပ်ပစ္စည်းများကို ကော့သောင်းမြို့ အေးရိပ်ငြိမ်းရပ်ကွက်နေ ဦးမြင့်အောင် မိသားစုက ဆေးရုံတာဝန်ရှိသူများထံသို့ ဇွန် ၁ ရက်က ပေးအပ်လှူဒါန်းစဉ်။

မြို့နယ်ခွဲ(ပြန်/ဆက်)




YANGON

- Showroom (1) No.(2/B) , Kan Nar Road ,Thittaw Qt , Ahlone Tsp; Yangon.Ph - 01 2314196 ,09 971111418
- Showroom (2) No.82 , Ywama Kyaung Road , Hlaing , Yangon. Ph - 01 521255 , 500456 , 09 977919555
- Showroom (3) No.296 , Ayeyarwon Road, Thaketa Tsp; Yangon.Ph - 01 547122 , 551591 , 09 - 977919111
- Showroom (4) Yuzana Plaza 4th Floor , Yagon. Ph - 01 200747 , 205224 , 09 977919444
- Showroom (5) No.3A , Mindama Road , Mayangone Tsp ; Yangon. Ph - 01 9669544 , 09 977919333
- Showroom (6) No.84 , Yadanar Road , 8 Block , South Okkalar Tsp; Yangon . Ph - 01 8550358 , 8550359 , 09 977919222

MANDALAY

- Showroom (1) 35th Road ,between 64th & 65th Street, Mandalay. Ph - 02 2835938 , 09 977919888
- Showroom (2) 33rd Road , between 81th & 82th Street, Mandalay. Ph - 02 60810 , 09 91029989

အမြို့မြို့အနယ်နယ်ရှိ ဆွီတီးဟုမ်း အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူကံစမ်းနိုင်ပါသည်။

## ဖခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ လက်ပံခုံကျေးရွာ အမက ၃၇ မူလွန်ကျောင်း သတ္တမတန်းအောင်မှ မောင်ပြည့်ဖြိုးဦး၏ ဖခင်အမည်မှန်မှာ ဦးစောငွေး ဖြစ်ပါကြောင်း။ **ဦးစောငွေး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်း အထက(၁) န၀မတန်းမှ မောင်ဉာဏ်လင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးချိန်တင် ၈/ပခက(နိုင်)၁၉၃၇၀၈ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက မဲဇလီကုန်း၊ န၀မတန်းမှ စောလင်းကို၊ ဆဋ္ဌမတန်းမှ နော်သော်တာအောင်၊ အမကတောင်စိန် (G.3)သင်ရိုးသစ်မှ စောနေလင်းကိုတို့၏ ဖခင်အမည်မှန်မှာ ဦးဘိုက်ကြီး ၁၄/အဂပ(နိုင်)၀၂၇၀၄၂ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9P/2922 Mazda Bongo SKf 2L P/U(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးရွှေ ၅/ကနန(နိုင်)၀၄၃၀၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## မိခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ပေါင်)ကျောင်း သတ္တမတန်းမှ မဂျူးဂျူးမောင်၏ မိခင်အမည်မှန်မှာ ဒေါ်စန်းမော် ၁၀/ပမန(နိုင်)၁၇၈၁၄၀ဖြစ်ပါသည်။ **ဒေါ်စန်းမော်**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက၊ မဲဇလီကုန်း၊ န၀မတန်းမှ မသဇင်ခိုင်၏ ဖခင်အမည်မှန်မှာ စောစိုးကမော ၁၄/အဂပ(နိုင်)၀၃၄၇၈၂ ဖြစ်ပါကြောင်း။ **စောစိုးကမော**

## မိခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ရင်းငြိမ်)ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်ထိုက်နှင့် မောင်နေလင်းဦးတို့၏ မိခင်အမည်မှန်မှာဒေါ်ရင်ရင်ခိုင် ၁၀/ပမန(နိုင်)၂၀၄၂၄၀ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက(ခွဲ) ဖောင်းတန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ နော်ကက်သလင်း၊ (G-6)သင်ရိုးသစ်မှ မောင်ကျော်မျိုးသက်နှင့် နော်ဇာဘီးနားတို့၏ ဖခင်အမည်မှန်မှာ စောဂျေဒုံး ၁၄/အဂပ(နိုင်)၁၁၂၃၉၈ ဖြစ်ပါကြောင်း။ **စောဂျေဒုံး**

## မိဘအမည်မှန်

မန်စီမြို့နယ်၊ မန့်ဝိန်းကြီး၊ အထက (တက္ကသိုလ်ဝင်တန်း)မှ မနန်းဟန်နော် ၁/မစန(နိုင်) ၀၅၇၅၆၇၏ မိဘအမည်မှန်မှာ ဦးစိုင်းကျော်လှိုင်း ၁/မစန(နိုင်) ၀၂၅၄၉၇နှင့် ဒေါ်နန်းဖုန်းရှင် ၁/မစန(နိုင်)၀၅၂၂၈၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ သက္ကယ်ကျင်းကျေးရွာ၊ အလက(ခွဲ)သတ္တမတန်းမှ မကြည်ဖြူခင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဦး ၈/ဆဖန(နိုင်)၀၈၄၆၈၂ ဖြစ်ပါကြောင်း။ **ဦးဆန်းဦး**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်းမြို့နယ် စံပြကျေးရွာနေ အထက(၁) စတုတ္ထတန်းအောင်မှ မဘူးထူး၏ ဖခင်အမည်မှန်မှာ ဦးခန်ကူ ၁၃/မယတ(နိုင်)၀၀၉၅၀၅ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ကချင်ပြည်နယ်၊ မြစ်ကြီးနားတက္ကသိုလ် (First Year Law) မှ မနန်းဆီဝမ်းလှိုင်း ၁/မစန(နိုင်) ၀၅၇၅၆၅၏ မိဘအမည်မှန်မှာ ဦးစိုင်းကျော်လှိုင်း ၁/မစန(နိုင်) ၀၂၅၄၉၇နှင့် ဒေါ်နန်းဖုန်းရှင် ၁/မစန(နိုင်)၀၅၂၂၈၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ လိပ်ခြံကျေးရွာ အထက(ခွဲ) န၀မတန်းတွင် ပညာသင်ကြားမည့် မခိုင်ဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ငွေ ၈/ဆဖန(နိုင်)၀၅၉၇၂၀ ဖြစ်ပါကြောင်း။ **ဦးမြင့်ငွေ**

## အမည်မှန်

ကရင်ပြည်နယ်၊ ဘားအံမြို့ အထက (၁) ဆဋ္ဌမတန်း(သင်ရိုးသစ်) GRADE -6 မှ မဘူးတူး၏ အမည်မှန်မှာ မဘူးထူး ဖြစ်ပါကြောင်း။

**မဘူးထူး**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ အထက သစ္စေးကျောင်းမှ န၀မတန်းအောင်မြင်ပြီးသူ မောင်မျိုးသက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင်းဦး ၉/တကန(နိုင်)၁၈၅၁၄၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ သာစည်ရပ်ကွက်၊ မြေကွက်အမှတ် (၃၂)၊ ဦးပိုင် ၃၃၂၊ ၀ဒသမ ၀၅၁ဧက ပိုင်ဆိုင်သူ ဦးထွန်းအောင်ထံမှ ဒေါ်ရွှေစင်အောင် ၁/ဗမန(နိုင်)၀၈၄၄၄၂က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ဒေါ်ရွှေစင်အောင်အမည်ဖြင့် မြေငှားဂရန်သစ်လျှောက်ထားနိုင်ရေးအတွက် အရောင်းအဝယ် အမည်ပြောင်းစာချုပ်စာတမ်း မှတ်ပုံတင်ပြုလုပ်မည်ဖြစ်ပါ၍ ၁၄ရက်တွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ရွှေစင်အောင်**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၈)ရပ်ကွက်၊ အေးရိပ်မွန်(၁)လမ်း အိမ်ရာရှိတိုက်အမှတ်(၁၄)၊ အခန်းအမှတ် (၁၀၄)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးချစ်အောင် (CI-၀၄၉၀၄၉)- ဒေါ်လှသန်း(CI-၀၄၉၀၄၀)၏ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် ပျက်စီးသွားပါသဖြင့် မိတ္တူပြန်လည်ထုတ်ပေးပါရန် ဒေါ်မြမြဝင်း+၃ (၁၂/လမန(နိုင်)၁၅၆၂၀၉)တို့မှ လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ဓမ္မပါလ မူလတန်းလွန်ကျောင်းမှ သတ္တမတန်းအောင်မြင်ပြီးသူ မနန်းစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်ကြိုင် ၉/ရမသ(နိုင်)၁၃၅၉၃၉ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/1231 ၏ ဖောင်းကြွပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းခရိုင်၊ မြောင်မြို့ အလယ်ရပ်ကွက်နေ ဦးဇော်ဝင်း-ဒေါ်အေးအေးဝင်းတို့၏သား မောင်ပြည့်ဖြိုးကျော် ၅/မမန(နိုင်)၀၉၉၁၄၅သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ၊ မိသားစုအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**မိဘများ-ဦးဇော်ဝင်း-ဒေါ်အေးအေးဝင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7P/1799 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/8539 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D-6695 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအိခိုင် (ဘ)ဦးခိုင် ၉/လဝန(နိုင်)၂၆၇၇၆၅၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)ပျောက်ဆုံး သွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၇၈၂၆၈၃၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအိအိနှင်း(ဘ)ဦးသန်းလွင် ၉/တကန(နိုင်)၂၁၄၅၇၅၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၈၆၃၂၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာ၊ ကွင်းအမှတ် (၄၉၇)၊ (ကျောက်တန်းကွင်း)နှင့် မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာ၊ ကွင်းအမှတ် (၅၃၀ C)၊ (ကုန်းတလဘောင်ကွင်း)၊ မြေကွက်အမှတ် (၂၂)၊ သဇင်လမ်းရှိ ဧရိယာ ၁ ဒသမ ၅ ဧက အကျယ်အဝန်းရှိ ပါမစ်ပါရှိသော မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ညွန့်ညွန့်လှိုင်(ကိုယ်စား) မောင်ဖြစ်သူ ဦးမောင်မောင်ကြီး ၁၂/ကမရ(နိုင်)၀၄၄၁၂၄ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သူဇာလင်း (LL.B, LL.M, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၈၇)**
**တိုက် (၁)၊ အခန်း (၁၁)၊ ပထမထပ်၊ ဝေပုလ္လအိမ်ရာ၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၅၃၀၅၀၅၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၆)ရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ် ၁၄၃၁ ဟုခေါ်တွင်သော ဦးစံသာကျော် အမည်ပေါက် အလျား ပေ၆၀×အနံ ပေ၄၀ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏ မိတ်ဆွေ ဦးနိုင်လင်း ၇/ကပတ(နိုင်)၀၅၈၈၇၅ မှ တရားဝင်ဝယ်ယူပိုင်ဆိုင်နိုင်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်မာသည့် အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ဦး LL.B, LL.M**
**အထက်တန်းရှေ့နေ (စဉ်-၄၀၆၃၈)**
**ရုံး-ရှေ့နေများနားနေခန်း၊ မြို့နယ်တရားရုံးဝင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၂၂၃၈၉၅၈**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှကေသီခင် ၅/စကန(နိုင်)၀၅၉၀၉၂ သည် Y.N CONSTRUCTION CO.,LTD ဦးရန်နိုင် ၁၂/စခန(နိုင်)၀၀၆၃၈၆ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ် (၆၅)၊ (၅)လွှာ၊ (၄)ထပ်၊ ခြေရင်းခန်း၊ အကျယ်အဝန်း (အလျားပေ ၂၀× အနံပေ၈၀)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့တစ်ဝက်ပေးချေထားပြီးဖြစ်သဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ အဆိုပါတိုက်ခန်းနှင့်ဆက်နွယ်ပတ်သက်သူများသည် ပိုင်ဆိုင်မှုစာမှတ်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်ရန် အသိပေးအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မော်မော်ခင်-တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)**
**တိုက်(၂၁၂)၊ အခန်း (၁၁)၊ ရန်နိုင်လမ်းသွယ် (၇)၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ အမှတ်(၆၂)နေ ဦးသက်ပိုင်ဦး ပိုင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ အမှတ် ၁၃၁၈ ဟုခေါ်တွင်သော နှစ်ခန်းတွဲခြောက်ထပ်တိုက် သုံးလွှာတိုက်ရှေ့ မျက်နှာမူလျှင် ညာဘက်အကျယ်အဝန်း ၁၅ပေ×၅၀ပေရှိ တိုက်ခန်းအား ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ အမှတ် ၁၃၁၇၊ ငါးလွှာ (B) တွင်နေထိုင်သော ဒေါ်လှိုင်သဇင်မှ ဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်းအစုံအလင်ဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်လှိုင်သဇင် ၇/ကဝန(နိုင်)၁၄၂၈၉၆**
**တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊**
**ဖုန်း-၀၉-၄၀၀၇၇၉၉၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄)၊ မြေကွက်အမှတ် (၁၀၁၀)၊ မြေကွက်တည်နေရာအမှတ် (၁၀၁၀)၊ မြို့ပြလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးကျော်အေး (MHA-၀၁၈၀၂၃) ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ၁၈-၆-၁၉၉၁ရက်တွင် ဒေါ်ခင်လှ ၅/ပလဘ(နိုင်)၀၀၄၆၄၇ မှလည်းကောင်း၊ ဒေါ်ခင်လှထံမှ (၁၆-၁၁-၁၉၉၇)ရက်တွင် ဒေါ်ဖြူဖြူဝင်း ၅/ဝသန(နိုင်)၀၃၇၄၅၀ မှ အဆင့်ဆင့်ဝယ်ယူခဲ့ပြီး ၄င်းဝယ်ယူခဲ့သူ ဒေါ်ဖြူဖြူဝင်းမှ မြေချပါမစ်မူရင်းနှင့် အမည်ပေါက်ဦးကျော်အေးနှင့်ချုပ်ဆိုထားသော စာချုပ်မူရင်းမှာ အထားမှား၍ ပျောက်ဆုံးသွားပါသဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ် ၆/၇(၁-၆-၂၀၁၈) ဖြင့် အခြားသူသို့ ရောင်းချ/ပေါင်နှံ/ပေးကမ်း/လွှဲပြောင်းထားခြင်းမရှိကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ပါမစ်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်/ရဲစခန်းထောက်ခံချက်၊ ဌာနတွင်ကိုယ်တိုင်ဝန်ခံချက်များဖြင့် ပါမစ်ပျောက်ဖြင့် (ဂရန်သစ်)လျှောက်ထားလာခြင်းအား မြို့မြေစာရင်းတွင် ဒေါ်ခင်လှအမည်ဖြင့် နှစ်၆၀ဂရန်ထွက်ရှိပြီး ဂရန်မူရင်းမှာလည်း ဌာနတွင်ရှိပြီး ပါမစ်နှင့်ဂရန်လဲလှယ်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဂရန်အမည်ပေါက် ဒေါ်ခင်လှမှ ဒေါ်ဖြူဖြူဝင်းအား လွှဲပြောင်းရောင်းချပြီးဖြစ်၍ ယခင်လျှောက်ထားခဲ့သောအမှုတွဲအား ပိတ်သိမ်းခွင့်ပြုပါရန် တင်ပြထားပါသည်။ လျှောက်ထားသူ ဒေါ်ဖြူဖြူဝင်းမှလည်း မြေကွက်ရောင်းချခဲ့သူ ဒေါ်ခင်လှသည် ယနေ့အချိန်ထိ သက်ရှိထင်ရှားရှိပြီး ဌာနသို့ခေါ်ယူရမည်ဆိုပါက မဖြစ်မနေခေါ်ယူပေးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်ပျဉ်ကာ၊ သွပ်မိုးအဆောက်အအုံ(၁)လုံးရှိပြီး အစ်မဖြစ်သူ ဒေါ်ခင်လှဖြူ နေထိုင်ခြင်းနှင့်ပတ်သက်၍ တာဝန်ယူပါကြောင်း ဝန်ခံကတိပြုတင်ပြလာပါသဖြင့် လျှောက်ထားသူ ဒေါ်ဖြူဖြူဝင်း၏ ပါမစ်ပျောက်ဖြင့် (ဂရန်သစ်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂C/၇၀၇၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/8979 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/3582 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွနံပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/8431 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/7744 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/8077 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## AUNG SHWE PAING COMPANY LIMITED
## အောင်ရွှေပိုင်ကုမ္ပဏီလီမိတက်
## မတည်ငွေရင်းလျှော့ချကြောင်း ကြေညာခြင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လောခမ္မရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ်(ခ/၃၀)၊ အောင်ရွှေပိုင်ကုမ္ပဏီလီမိတက်သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် (No.108499613)ဖြင့် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနည်းပါးလာသည့်အတွက် ကုမ္ပဏီ၏အစုရှယ်ယာ မတည်ငွေရင်း စုစုပေါင်း ကျပ်(၅၀၀၀၀၀၀၀၀/-)မှ (ကျပ် ၅၀၀၀၀၀၀၀/-)သို့ ကုမ္ပဏီ၏ မတည်ငွေရင်းကျပ်(၄၅၀၀၀၀၀၀၀/-)အား လျှော့ချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**AUNG SHWE PAING COMPANY LIMITED**
**အောင်ရွှေပိုင်ကုမ္ပဏီလီမိတက်**
**လိပ်စာ-ခ/၃၀၊ ပြည်ထောင်စုလမ်းနှင့် ပြည်ကျော်လမ်းထောင့်၊ လောခမ္မရပ်ကွက်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၉-၄၅၆၁၀၀၀၀၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4L/1968 Nissan Condor, Van ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွယ် ၉/ခအဇ(နိုင်)၀၀၇၇၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7K/9119 ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာခန့် ၇/ပခန(နိုင်)၂၆၃၉၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/1784 Toyota Landcruiser Prado KZJ S/W (၄×၄) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ချိုချို(ခ)ချိုချို ၁၂/သကတ(နိုင်)၀၄၃၁၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ အထက(ခွဲ) ပဉ္စမတန်းမှ မအဥ္ဇလီဝေ၏ မိဘမှာ ဦးမောင်မောင်လတ်(ခ) ဦးဇော်မြင့်လှိုင် ၅/ခဥတ(နိုင်)၀၇၀၁၀၄နှင့် ဒေါ်လေးလေးမြင့် (ခ) ဒေါ်ဝေဝေမြင့် ၅/ခဥတ(နိုင်)၀၅၇၈၉၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၂-၂၀၁၈ ရက်၊ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၉ တွင် ပါဝင်သော ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ကျမ်းကျိန်လွှာအမှတ် (၃၆၃၇/၂၂-၁၁-၂၀၁၇) အစား ကျမ်းကျိန်လွှာအမှတ် (၃၆၇၆/ ၂၂-၁၁-၂၀၁၇) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ကံသာကျေးရွာ အလက အဋ္ဌမတန်းမှ မအေးငြိမ်းသူ၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်မြင့် ၅/ဘတလ(နိုင်)၀၆၅၃၇၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/9143 Toyota Landcruiser UZJ 100S/W (4×4)ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်အေး ၁၂/ကမတ(နိုင်)၀၀၇၃၆၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ ခတက္ကန် (တ)ရွာ အထက(ခွဲ)ပဉ္စမတန်းမှ မလရိပ်ဖြူ၏ ဖခင်အမည်မှန်မှာ မောင်ပို ၅/ဒပယ(နိုင်)၀၇၀၈၀၉ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာ အထက တက္ကသိုလ်ဝင်တန်းမှ မအေးအေးမျိုး၏ဖခင် ဦးဝင်းထွန်း(ခ) ဦးဇော်ဝင်းထွန်း ၅/ကဘလ(နိုင်)၁၂၉၈၇၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့ အထက န၀မတန်းမှ မခိုင်ဇင်ထွန်း၊ အုတ်ခင်းကျေးရွာ အလက စတုတ္ထတန်းမှ မောင်ကောင်းမြတ်သူ၏ ဖခင် ဦးသိန်းထွန်းဦး (ခ) ဦးသိန်းထွန်း ၅/ကဘလ(နိုင်)၁၆၃၇၅၆မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/3289 Toyota Corolla Fielder Station Wagon ယာဉ်ပိုင်ရှင် ဦးအောင်ပို(ခ)သိန်းဝင်း ၁၂/လသန(နိုင်)၀၀၃၃၁၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ မုတ်လွဲကျေးရွာ၊ အကွက်အမှတ် ၄၁/က(ကုန်းစံလော)၊ မြေဧရိယာ ၀ဒသမ၆၄ဧကရှိမြေကွက်ပေါ်တွင် လျှောက်ထားသူ၏ မိသားစုမှ အစဉ်အဆက်နေထိုင်ခဲ့ပြီး ဝိုင်းမော်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၆-၅-၂၀၁၉ရက်စွဲပါ ကျမ်းကျိန်ဆိုလွှာအမှတ်စဉ် ၇၀/၂၀၁၉ဖြင့် ဒေါ်လန့်ရင်မှ နေထိုင်သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်ဆို၍ ဒေါ်လန့်ရင် ၁/ဝမန(နိုင်)၀၄၂၀၉၄အမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့(စက်မှု/စီးပွား)မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ (စက်မှု/စီးပွား)မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ် (၂)၊ မြောက်ဒဂုံမှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ်လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto နှင့် Manual )နှစ်မျိုးလုံး သင်ကြားပေးပါသည်။

**ဇွန်လရုံးဖွင့်ရက်သင်တန်း ၄-၆-၁၉ရက်ဖွင့်မည်။**
**ဇွန်လရုံးပိတ်ရက်သင်တန်း ၈-၆-၁၉ ရက်ဖွင့်မည်။**

ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၁၁၆၉၈၂၀၊ ၀၉-၂၅၂၂၅၇၇၀၉၊ လိပ်စာ (၁-ဓ)၊ မြဝတီမင်းကြီးလမ်း၊ (၅၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်၊ YBS -၁၂ ဂိတ်အနီး၊ နယ်မှသင်တန်းသားများ အဆောင်အခမဲ့ စီစဉ်ပေးမည်။ (လူဦးရေကန့်သတ်ထားသည်)



### မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး
### အိတ်ဖွင့်တင်ဒါ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင်တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် FDA အသိအမှတ်ပြုဆေးရုံသုံးပစ္စည်း (Consumables)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၃-၆-၂၀၁၉ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၆-၂၀၁၉ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အခြားသိလိုသည်များရှိပါက ရုံးချိန်အတွင်း ဤဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**



### ဖားကန့်မြို့၊ ဆိပ်မူ(ယူမာ)ဈေးသစ်ဆောက်လုပ်ရန်
### အဆိုပြုပုံစံခေါ်ယူခြင်း

၁။ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု၊ ယူမာကျေးရွာရှိ မြေဧရိယာ ၄ ဒသမ ၅၂ဧကပေါ်တွင် ဈေးသစ်ဆောက်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုပုံစံတင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဖားကန့်မြို့၊ ဆိပ်မူ(ယူမာ)ဈေးသစ်အား ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီး ဆောင်ရွက်လိုသူများအနေဖြင့် အဆိုပြုပုံစံလျှောက်လွှာကို ၃-၆-၂၀၁၉ရက်မှစ၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အဆိုပြုပုံစံများကို ၂၈-၆-၂၀၁၉ရက် ညနေ ၁၅း၀၀နာရီနောက်ဆုံးထား၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့သို့ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၇၄-၂၅၂၆၀၆၂၊ ၀၇၄-၂၅၂၆၀၆၄**

**ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**
**မြစ်ကြီးနားမြို့**



### ဖားကန့်မြို့၊ ဆိပ်မူ(ယူမာ)ကားကြီးကွင်းဆောက်လုပ်ရန်
### အဆိုပြုပုံစံခေါ်ယူခြင်း

၁။ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု၊ ယူမာကျေးရွာရှိ မြေဧရိယာ ၁၁ဒသမ၅၈ ဧက ပေါ်တွင် ကားကြီးကွင်းဆောက်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသောတိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုပုံစံတင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ကားကြီးကွင်းအား ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီး ဆောင်ရွက်လိုသူများအနေဖြင့် အဆိုပြုပုံစံလျှောက်လွှာကို ၃-၆-၂၀၁၉ရက်မှစ၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အဆိုပြုပုံစံများကို ၂၈-၆-၂၀၁၉ရက် ညနေ ၁၅း၀၀နာရီနောက်ဆုံးထား၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့သို့ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၇၄-၂၅၂၆၀၆၂၊ ၀၇၄-၂၅၂၆၀၆၄**

**ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**
**မြစ်ကြီးနားမြို့**



### မြန်မာ့သစ်လုပ်ငန်း
### ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
### ကချင်ပြည်နယ်-မြစ်ကြီးနားမြို့
### ပစ္စည်းဟောင်းများ အိတ်ဖွင့်လေလံရောင်းချရန် ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ကချင်ပြည်နယ် ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနလက်အောက်ရှိ မြစ်ကြီးနားမြို့နှင့်ဗန်းမော်မြို့တို့တွင်ရှိသည့် အောက်ဖော်ပြပါ သံထည်ပစ္စည်းအဟောင်းများအား အိတ်ဖွင့်လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) ထွန်စက်(ဟောင်း)နှင့် ၃ပေလွှခုံ(ဟောင်း)သံထည်

(ခ) သံထည်ပစ္စည်းဟောင်းများ(၁၅)မျိုး

၂။ **လေလံတင်ရောင်းချမည့်နေရာ** - ပြည်တွင်းရောင်း/စက် ရုံး၊ ကချင်ပြည်နယ်၊ အမှတ်(၁၈၀)၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့

၃။ **လေလံတင်ရောင်းချမည့်ရက်နှင့် အချိန်** - ၂၀-၆-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် (၁၀း၀၀)နာရီ

၄။ **လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံရောင်းချမည့်ရက်နှင့် နေရာ** - ၅-၆-၂၀၁၉ရက်မှ ၁၉-၆-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း)
ပြည်တွင်းရောင်း/စက် ရုံး၊ ကချင်ပြည်နယ်၊အမှတ်(၁၈၀)၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့
ဖုန်း-၀၇၄-၂၅၂၂၃၅၂



### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမက(၃) မူလွန် စတုတ္ထတန်း (ဂန္ဓမာ)မှ (ဘ)ဦးဟန်ဝင်းကို၏သား မောင်နေမင်းအလင်းရောင်အား ယနေ့မှစ၍ မောင်ထက်အာကာပိုင်ဟု ပြောင်းလဲခေါ်ပါရန်။



### အမည်ပြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ အထက(၄)၊ နဝမတန်း(B)မှ (ဘ) ဦးဝင်းနိုင်၏သမီး မဖြိုးအိအိသူအား မမိုးထိုက်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။


## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## ( ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဇွန် လ ၃ ရက်)

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် ၁၀၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ခုနှစ် စက်တင်ဘာလအထိ) အတွက် ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ရာ ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် အောက်ဖော်ပြပါအချက်များနှင့်အညီ ဆောင်ရွက်ကြရန် ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ(ရန်ကုန်) သို့လည်းကောင်း၊ မန္တလေး မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ) သို့လည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ပြည်နယ်များမှ အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် မိမိတို့နေထိုင်ရာ မြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့လည်းကောင်း လျှောက်ထားနိုင်ပါသည်။

(ခ) အောင်ဘာလေထီစာအုပ် ဝယ်ယူရောင်းချရန် လျှောက်ထားသူများသည် ထီလုပ်ငန်း အမှန်တကယ်လုပ်ကိုင်၍ ထီဆိုင်ဖွင့်လှစ်ရောင်းချသူများဖြစ်ရန် လိုအပ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ ထီစာအုပ်ရေ (၁၀၀၀) နှင့်အထက် လျှောက်ထားပါက သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းလိုင်စင် မူရင်း/မိတ္တူ၊ ထီစာအုပ်ဝယ်ယူရရှိပါက သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမည်ဖြစ်ကြောင်း ကတိခံဝန်ချက်စသည်များကို လျှောက်လွှာနှင့်အတူ ကိုယ်တိုင်တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

(ဂ) ထီလုပ်ငန်းရှင်အဟောင်းများအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လစဉ် ကျပ် ၁၀၀၀တန်ထီ (၅၀၀) အုပ်နှင့်အထက် ရရှိသူများဖြစ်ပါက မိမိနေထိုင်ရာ (သို့မဟုတ်) လုပ်ငန်းတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စဆောင်ရွက်ပြီးကြောင်း ထောက်ခံစာမူရင်း/မိတ္တူ(သို့မဟုတ်) ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စ လုံလောက်သောအစီအစဉ်များ ပြုလုပ်ပြီးကြောင်း ထောက်ခံစာ မူရင်း/ မိတ္တူများကိုလည်း ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

(ဃ) လျှောက်လွှာများကို သက်ဆိုင်ရာရုံးများသို့ (၁၀-၆-၂၀၁၉) ရက်နေ့မှ (၂၁-၆-၂၀၁၉) ရက်နေ့အတွင်း တင်သွင်းရမည် ဖြစ်ပါသည်။

(င) လစဉ်ဝယ်ယူခွင့်ရရှိထားသော ထီစာအုပ်အရေအတွက်အရ ထီလက်မှတ် (၁၁)စောင်ပါထီစာအုပ် တစ်အုပ်လျှင် အာမခံငွေ(Deposit) (၂၀၀)ကျပ်နှုန်းဖြင့် (၃)လစာ အတွက် ကျပ် (၆၀၀) ကို ကြိုတင်ပေးသွင်းရမည် ဖြစ်ပါသည်။

(စ) ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် တစ်လလျှင် မိမိရောင်းရမည့် ထီစာအုပ် အရေအတွက်အရ ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် တာဝန်ယူရောင်းချမည့် ထီစာအုပ်အရေအတွက် ကို ဖော်ပြလျက် မပျက်မကွက် ဝယ်ယူမည်ဖြစ်ကြောင်း သဘောတူကတိစာချုပ်ချုပ်ဆိုရမည်ဖြစ်ပါသည်။

(ဆ) ထီစာအုပ်များ ဝယ်ယူရောင်းချရန် သဘောတူကတိစာချုပ်ချုပ်ဆိုပြီးပါက စာချုပ်ပါ သဘောတူညီချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက ထီစာအုပ်ဝယ်ယူခွင့် ရုပ်သိမ်းခြင်း၊ အာမခံငွေ(Deposit)များ နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဇ) ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ်အရေအတွက်အား အတည်ပြုချက်ရရှိပါက အာမခံငွေ (Deposit) ပေးသွင်းခြင်း၊ သဘောတူကတိစာချုပ်ချုပ်ခြင်းများကို (၁၅-၈-၂၀၁၉) ရက်နေ့ နောက်ဆုံးထား၍ အပြီးဆောင်ရွက်ရပါမည်။

(ဈ) သတ်မှတ်ထားသည့်အချိန်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက ထီလုပ်ငန်းရှင်စာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၉ခုနှစ်၊တရားမအထွေထွေမှုအမှတ်-၁၈**

ကွယ်လွန်သူ ဦးအောင်မင်း၊ဒေါ်ခင်ဝတို့၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်စန္ဒာ **လျှောက်သူ**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ ရဲရင့်အောင်(၁)လမ်း၊ အမှတ်(၄၆၇/ခ)တွင်နေထိုင်သော ဒေါ်စန္ဒာက ကွယ်လွန်သူ ဦးအောင်မင်း၊ ဒေါ်ခင်ဝတို့၏ တစ်ဦးတည်းသောသမီးဖြစ်သည်ဟူ၍ အထက်ဖော်ပြပါ လိပ်စာနေ ၎င်းကွယ်လွန်သူ ဦးအောင်မင်း၊ ဒေါ်ခင်ဝမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေအရလက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြေညာသည်မှာ ၎င်းကွယ်လွန်သူ ဦးအောင်မင်း၊ဒေါ်ခင်ဝတို့မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူပုဂ္ဂိုလ်သမျှတို့သည် ဤရုံးသို့ ၂၀၁၉ခုနှစ်၊ ဇွန် ၇ရက် (၁၃၈၁ခုနှစ်၊ နယုန်လဆန်း ၅ရက်)နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်စန္ဒာ၏ လျှောက်ချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၉ခုနှစ် မေ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အုန်းခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၄၁ နှင့်ဆက်နွယ်သည့်**

**၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ်-၂၀**

| | | |
|---|---|---|
| ဦးတင်ဝင်း | **နှင့်** | ၁။ ဦးလေးဝင်း |
| | | ၂။ ဒေါ်နှင်းနှင်းဆွေ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၆၃×၆၄လမ်းကြား၊ ငုပြာလမ်း၊ အကွက်အမှတ် (တ-၅/၇၅)နေ ဦးလေးဝင်းနှင့် ဒေါ်နှင်းနှင်းဆွေ (ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၄၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးတင်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ခုနှစ် ဇွန် ၁၀ ရက် (၁၃၈၁ခုနှစ် နယုန်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၉ ခုနှစ် မေ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်လွင်)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ကျိုင်းတုံမြို့နယ်တရားရုံးတော်၌**

**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၄**

| | | |
|---|---|---|
| ၁။ ဒေါ်အေးမေရီ | **နှင့်** | ၁။ ဦးဟိုဆမ် |
| ၂။ ဒေါ်နန်းလျှံ(ခ)နန်းလိန် | | ၂။ ဒေါ်နာအေ |
| | | ၃။ ဦးစဝ |
| **တရားလိုများ** | | **တရားပြိုင်များ** |

ကျိုင်းတုံမြို့၊ ရပ်ကွက် (၅)၊ ဆူဖူးမားရပ်နေ (၃) တရားပြိုင် ဦးစဝ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ကတိပဋိညာဉ်အတိုင်း တရားဝင်မြေကွက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက် (၁၃၈၁ ခုနှစ် နယုန်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီဟကျော်)**
**မြို့နယ်တရားသူကြီး**
**ကျိုင်းတုံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၂/ရွာထောင်)၊ ဦးပိုင်အမှတ်(၄၀)၊ မြေဧရိယာ ၀ဒသမ၂၂၀ဧကရှိမြေသည် ဒေါ်စိန်မေအမည်ပေါက်မြေငှားဂရန် ရရှိထားပြီး မြေငှားဂရန်အမှုတွဲအမှတ်မှာ RP NO.22/V of 1976-1977 ဖြစ်ပြီး ဂရန်သက်တမ်း ပြတ်တောက်နေသည့်ကာလမှာ နှစ်(၄၀)ရှိနေခြင်းကြောင့် အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ်သို့ ပြန်လည်ရောက်ရှိနေခြင်း၊ မြို့မြေအတွင်းပါဝင်ခြင်း၊ မူလမြေငှားဂရန်ပိုင်ရှင်ဖြစ်သူ ဒေါ်စိန်မေ သေဆုံးသွားသဖြင့် ၎င်း၏အမွေစား/အမွေခံတူ/တူမများဖြစ်ကြသော ဦးစိန်သောင်း ပါခုနစ်ဦးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာခဲ့ပြီး မြေငှားဂရန် ပျောက်ဆုံး/သက်တမ်းတိုး/အမည်ပြောင်းထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ပြီး ၎င်းမူလမြေငှားဂရန်(ဒေါ်စိန်မေ အမည်ပေါက်)အား ပယ်ဖျက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၄ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့(ရုံးချိန်အတွင်း)တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊စစ်ကိုင်းမြို့**

## ရာဇတံခွန်ကုမ္ပဏီ(ကမ္ဘာကျော်ဓာတ်မြေသြဇာ)မှ သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လွင်သန့် ၉/မခန(နိုင်)၂၅၁၅၅၄၊ ရာဇတံခွန်ကုမ္ပဏီ (ကမ္ဘာကျော်ဓာတ်မြေသြဇာ) မန်နေဂျာ၏လွှဲအပ်ချက်နှင့်အညီ အောက်ပါအတိုင်းသိစေရန် ကြေညာလိုက်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ရာဇတံခွန်ကုမ္ပဏီ(ကမ္ဘာကျော်ဓာတ်မြေသြဇာ)တွင် တာဝန်ထမ်းဆောင်သောဝန်ထမ်းများဖြစ်သည့် သီဟ(ခ)သူရဆယ်တင်၊ ဇော်မင်းဦး(ခ)ဇော်မျိုးထိုက်တို့အား ဖြန့်ချိရေးတာဝန်ခံမန်နေဂျာများအဖြစ်လည်းကောင်း၊ ထွန်းထွန်းနိုင်(ခ)တရုတ်ကြီးအား ထုတ်လုပ်ရေး တာဝန်ခံမန်နေဂျာအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်းသိရသည်။ ထို့နောက် ၎င်းတို့သုံးဦးသည် ၂၀၁၁ ခုနှစ်တွင် ရာဇတံခွန်ကုမ္ပဏီမှ ၎င်းတို့၏သဘောဆန္ဒအတိုင်း ကုမ္ပဏီအားတင်ပြလျှောက်ထားခြင်းမရှိဘဲ နုတ်ထွက်သွားကြပြီး ကုမ္ပဏီပိုင်ငွေများကို ၎င်းတို့ကိုယ်ကျိုးအဖြစ် ပြောင်းလဲအသုံးပြုခဲ့ကြောင်း၊ ထို့အပြင် ရာဇတံခွန်ကုမ္ပဏီမှ ထုတ်လုပ်သော ဓာတ်မြေသြဇာများ၊ စာရွက်စာတမ်းအမှတ်တံဆိပ်များအား ဆင်တူယိုးမှားပြုလုပ်၍ မသိနားမလည်သော တောင်သူများထံသို့ လိမ်လည်တုပပြုလုပ်ပြီး ရောင်းချသောကြောင့် ကုမ္ပဏီမှ ၂-၉-၂၀၁၁ရက်တွင် ပျဉ်းမနားရဲစခန်းသို့ တိုင်ကြားခဲ့ကြောင်း ပြောပြသိရသည်။ ၁-၆-၂၀၁၂ရက်တွင် ပျဉ်းမနားမြို့နယ် တရားရုံးတော်မှ ပြစ်မှုကြီးမှုအမှတ် (၁၁၉၇/၂၀၁၁)ဖြင့် ၎င်းတို့အား ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၀၈/၄၀၆/၄၂၀/၄၆၈တို့အရ ပြစ်ဒဏ်အသီးသီးချမှတ်ခံခဲ့ရသူများဖြစ်ကြောင်း ပြောပြသိရသည်။ ယခုအခါ ၂၀၁၈ ခုနှစ် ၈ လပိုင်းတွင် နောက်ထပ်ဒုတိယအကြိမ်ထပ်မံ၍ ရာဇတံခွန်ကုမ္ပဏီမှ ဝန်ထမ်းဟောင်းများဖြစ်သူ သီဟ(ခ)သူရဆယ်တင်၊ ဇော်မင်းဦး(ခ)ဇော်မျိုးထိုက်၊ ထွန်းထွန်းနိုင်(ခ)တရုတ်ကြီးတို့သည် နိုင်လင်း၊ ဒေါ်အေးအေးမူတို့နှင့်အတူ ပူးပေါင်း၍ ရာဇတံခွန်ကုမ္ပဏီမှထုတ်လုပ်သော ကမ္ဘာကျော်ဓာတ်မြေသြဇာများ၊ စာရွက်စာတမ်းများကို ဆင်တူယိုးမှားပြုလုပ်၍ ထပ်မံလိမ်လည်ဖြန့်ချိစည်းရုံးရောင်းချနေကြောင်း သိရ၍ ပျဉ်းမနား(မြို့မ)ရဲစခန်းတွင် အမှုဖွင့်အရေးယူကာ ပျဉ်းမနားမြို့နယ် တရားရုံးတော်၌ ရာဇဝတ်ကြီးမှုအမှတ် (၂၁၁/၂၀၁၉)၊ ရာဇသတ်ကြီးပုဒ်မ-၄၂၀/၄၆၈ ဖြင့် ဥပဒေနှင့်အညီ တရားစွဲဆိုထားခြင်းဖြစ်ကြောင်းကို လွှဲအပ်သူ၏ပြောပြချက်အရ သိရှိရသည်။ အဆိုပါဖြစ်စဉ်များကို ကောင်းစွာသိရှိခြင်းမရှိဘဲ အခြားလူပုဂ္ဂိုလ်တစ်ဦးဦးမှ ရာဇတံခွန်ကုမ္ပဏီ (ကမ္ဘာကျော်ဓာတ်မြေသြဇာ)၏ ဂုဏ်သိက္ခာကျဆင်းစေရန် ပုတ်ခတ်ပြောဆိုခြင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှု၊ လုံခြုံမှုအား ထိခိုက်စေရန် ရည်ရွယ်ပြောဆိုခြင်း၊ သတင်းဖြန့်ကျက်ခြင်း၊ လူမှုကွန်ရက်စာမျက်နှာများ၊ ဆိုရှယ်မီဒီယာများတွင် မမှန်မကန်ထည့်သွင်းခြင်း၊ ရေးသားခြင်း၊ လှုံ့ဆော်ခြင်းများပြုလုပ်သောအဖွဲ့အစည်းများနှင့် ပြုလုပ်သူမည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို သက်ဆိုင်သူများနှင့် အများသိစေရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ လွှဲအပ်ချက်နှင့်အညီ ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်နှင့်အညီ-**
**ဒေါ်ဖူးငုံဦး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၉၇၁)**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်**

## အမည်မှန်

မြောက်ဥက္ကလာပမြို့နယ် အထက (၄) တက္ကသိုလ်ဝင်တန်း(C) မှ (ဘ)ဦးဝင်းဘို၏သမီး မထက်ထက်မိုး၏ အမည်မှန်မှာ မတေးနရီဖြစ်ပါကြောင်း။

**မတေးနရီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်မင်းထွန်း ၁၁/ရသတ(နိုင်)၀၃၅၈၇၉၉၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၅၅၆၄၉၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်တင်ဝင်း ၁၁/စတန(နိုင်)၀၇၅၈၃၃၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉၄၂၆၂၇၆၂၆၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်နိုင်ထွန်း ၁၁/ပဏတ(နိုင်)၀၈၃၉၉၉၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉၄၄၇၄၃၆၆၅၈**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(၃)၊ စတုတ္ထတန်းမှ နော်သာဂေ၏ဖခင် ဦးမိုးဇက်၏အမည်မှန်မှာ ဦးဗျူးလာဖြစ်ပါကြောင်း။ **ဦးဗျူးလာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကယားပြည်နယ်၊ ဘော်လခဲမြို့၊ ရှမ်းပိုင်းရပ်ကွက်နေ မအူးမယ်(ခ) မဦးမြာ၏ဖခင် ဦးတလဲနှင့် ဦးသလဲမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတလဲ(ခ)ဦးသလဲ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကယားပြည်နယ်၊ ဘော်လခဲမြို့၊ ရှမ်းပိုင်းရပ်ကွက်နေ ဦးတလဲ(ခ) ဦးသလဲ၏သမီး မဦးမြာနှင့် မအူးမယ် ၂/ဘလခ(နိုင်)၀၀၇၀၃၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဦးမြာ(ခ)မအူးမယ်**

## အမည်မှန်

ဦးစောအပလယ်၏သား လှိုင်ကော်မြို့၊ အထက(၄)၊ န၀မတန်းမှ အောင်မြင်ခဲ့သော မောင်စောထူးနေသား၏ အမည်မှန်မှာ မောင်စောခရစ်မြစိုး ၃/သတက(နိုင်)၀၂၀၂၁၂ ဖြစ်ပါကြောင်း။

## မိတ္တူထုတ်ပေးခြင်းကို ကန့်ကွက်ရန်

ယာဉ်အမှတ် ၆ဘယ/၄၅၁၂၄ Honda Click ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်ထွန်း ၆/ကသန(နိုင်)၀၃၃၃၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကော့သောင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/2397 ယာဉ်လက်ဝယ်ရှိသူ ဦးဌေး(ခ)ဦးဝင်းမိုး ၈/မဘန(နိုင်)၀၀၂၉၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂/၁၊ နန္ဒဝန်)၊ ဦးပိုင်အမှတ် (၁လမ်း-၆)၊ ဧရိယာ ၀ဒသမ၁၁၀ ဧကရှိမြေအား ဒေါ်ဟေမာန်အုန်း ၅/အရတ(နိုင်)၀၅၄၇၈၄ အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မုံရွာမြို့၊ သလ္လာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၄၈၊အေးစန္ဒာ)၊ ဦးပိုင်အမှတ် ၃၆၊ ဧရိယာ ၀ဒသမ၀၅၈ဧကအား ဒေါ်သန်းသန်းအေး အမည်ဖြင့် မြေငှားဂရန် (အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မုံရွာမြို့၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၅၊တလုံးတောရ)၊ ဦးပိုင်အမှတ် ၃-ခ၊ ဧရိယာ ၀ဒသမ၂၆၀ဧကအား ဦးကျော်စံသိန်းအမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့် ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်သန်းသန်းနွယ် ၉/ကပတ(နိုင်)၁၄၀၇၇၀ မှ ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်းအမှတ် (၂၀၆၉-က)၊ ကျောက်ပန်းတောင်းတောင်ကွင်း၊ မြေကွက်အမှတ် (၃၈၇/၁၁၅၇)၊ မြေဧရိယာ ၀ဒသမ ၁၆၂ဧကရှိမြေအား လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန်(အသစ်) လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံး၊ လုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ပန်းတောင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ်ကွက်နေ ဒေါ်ဂျူလိုင်ဝင်း ၉/ကပတ(နိုင်)၂၀၉၉၄၇မှ ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ ကွင်းအမှတ် (၂၀၇၈-က)၊ အုပ်ရှစ်ကုန်းအရှေ့ကွင်း၊ မြေကွက်အမှတ် (၄၉၁/၄၉၂)၊ မြေဧရိယာ ၀ဒသမ ၂၀၁ဧကရှိမြေအား လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန် (အသစ်) လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံး၊ လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ပန်းတောင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ် (၅၉၆/က)၊ အလျား ၂၂ပေ×အနံ ပေ၆၀ အကျယ်အဝန်းရှိသောမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ခြောက်ထပ်ကန်ထရိုက်တိုက်အဆောက်အအုံမှ တတိယထပ်(၄လွှာ)တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ပူးတွဲဆက်စပ်လျက်ရှိသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာဦးလှိုင်ဝင်းကြည် ၁၂/ဗဟန(နိုင်)၀၂၇၉၅၆ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်နွယ်နီအောင် LL.B,LL.M,D.I.R** | **ဒေါ်ခိုင်ခိုင်ထွန်း LL.B,DIPL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၈)** | **အထက်တန်းရှေ့နေ(စဉ်-၄၆၉၆၄)** |

**အမှတ် ၂၇/၂၉၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၂၁၊ ဦးပိုင်အမှတ်(၁၉-ခ)၊ ဧရိယာ ၀ဒသမ၀၃၂၅ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဂရန်အမည်ပေါက်ပိုင်ဆိုင်ထားသူများဖြစ်သော ဦးနေဝင်း ၉/မရတ(နိုင်)၁၀၆၆၃၄နှင့် ဇနီး ဒေါ်လှလှ(ခ)ဒေါ်ရှုဝမ် ၉/မရတ(နိုင်)၁၀၇၁၃၃တို့က ပိုင်ဆိုင်မှုစာချုပ်စာတမ်းများပြသပြီး ရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေများထဲမှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ချောချောယဉ် LL.B** | **ဒေါ်ညွန့်စိန် LL.B** | **ဒေါ်ဖြိုးဖြိုးအေး LL.B** |
| **(စဉ်-၇၀၃၂)** | **(စဉ်-၈၉၅၉)** | **(စဉ်-၄၀၈၃၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဦးကျော်ခိုင် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၇၁၇၅)**
**ရုံးခန်း (င-၆/၁၂၀)၊ (၆၄)လမ်း၊ ခိုင်ရွှေဝါလမ်းနှင့်မနော်ဟရီလမ်းကြား၊**
**မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၈၆၂၀၃၃၁၄၊ ၀၉-၂၀၁၃၃၁၄၊ ၀၉-၂၅၆၃၆၁၄၀၁၊**
**၀၉-၄၃၁၅၅၀၈၉၊ ၀၉-၂၀၄၅၁၆၈၊ ၀၉-၂၅၉၂၀၄၇၅၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/အိပ်ချ် [2])၊ မြေကွက်အမှတ်-III Class ၁၇၊ မြေကွက်တည်နေရာအမှတ်-၁၇၆၊ (၄၅)လမ်း၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ဒေါ်ကင်အိန်း ၃/ကကရ(နိုင်)၀၁၃၉၀၅(ဘီပီ-၀၂၅၅၂၀)အမည်ပေါက် နှစ်(၉၀)ဂရန်(သက်ကုန်)မြေကွက်အား ဦးရော်ကျန်း (ဖခင်)သည် ၂၂-၅-၂၀၀၅ရက်နှင့် အမည်ပေါက်ဖြစ်သူ ဒေါ်ကင်အိန်း (မိခင်)သည် ၁၉-၁၀-၂၀၁၅ရက်တို့တွင် အသီးသီးကွယ်လွန်သဖြင့် သား/သမီးများဖြစ်ကြသော ဦးမျိုးလွင် ၃/ကကရ(နိုင်)၀၁၃၉၀၆၊ ဒေါ်စန်းစန်းအေး(ခ)ဒေါ်စန်းစန်းခင် ၃/ကကရ(နိုင်)၀၁၃၉၀၂၊ ဦးမျိုးညွန့် ၃/ကကရ(နိုင်)၀၁၃၉၀၁နှင့် ဦးမျိုးသန့် ၃/ကကရ(နိုင်)၀၁၃၉၀၃တို့ ကိုယ်စား GP ရသူနှင့် အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်စန်းစန်းမြင့် ၃/ကကရ(နိုင်)၀၁၃၉၀၀တို့မှ ပိုင်ဆိုင်ခွင့်ရှိကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်စဉ် ၉/၁၄၂၄(၁၉-၉-၂၀၁၈)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အထွေထွေကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်း (၁၉-၉-၂၀၁၈)ရက်စွဲပါကျမ်းကျိန်လွှာ၊ ဦးရော်ကျန်းနှင့်ဒေါ်ကင်အိန်းတို့၏သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာခြင်းအား မြေစာရင်းမှတ်ချက်ရှိ နမ-၅/ဗတထ/ပုံ-၆၅/၉၅အရ ဦးမျိုးလွင်မှ မြေပုံကူးလျှောက်ထားခြင်း မှတ်ချက်နှင့်ပတ်သက်၍ ဦးမျိုးလွင်က ၁၉၉၅ခုနှစ်တွင် အဆောက်အအုံပြန်လည်ဆောက်လုပ်ရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခဲ့ပါကြောင်း၊ ၎င်းသည် မြေအမည်ပေါက်၏သားဖြစ်ပါကြောင်း၊ မြေပုံ၊မြေရာဇဝင်ရေးကူးခြင်းနှင့်ပတ်သက်ပြီး လုံးဝတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ၂၃-၁၁-၂၀၁၈ရက်စွဲပါကျမ်းကျိန်လွှာတင်ပြခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးရာ၌ မြေပေါ်တွင် (၂)ခန်းတွဲ(၈)ထပ်တိုက်တစ်လုံးရှိပြီး လျှောက်ထားသူများ (၄)ခန်းနေထိုင်ပြီး ကျန်အခန်းများမှာ အပျောက်ခန်းဝယ်ယူနေထိုင်သူများရှိပြီး လျှောက်ထားသူများက အပျောက်ခန်းများနှင့်ပတ်သက်၍ တာဝန်ယူကြောင်းဝန်ခံကတိစာ တင်ပြလာပါသဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ အထက(၂၊ အေးသာယာ)၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် နဝမတန်း(C) တွင်တက်ရောက်ခဲ့သော နန်းဖွန်ဆိုင်ငင်းအား ယနေ့မှစ၍ နန်းလှ ၁၃/လခန(နိုင်)၀၅၆၁၈၈ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

အောင်ပန်းမြို့၊ အထက(၅)၊ နဝမတန်း(က၊ အောင်)မှ မောင်ရဲလင်းဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်စောထွန်း ၈/ပခက(နိုင်)၁၇၄၂၂ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မိုးမိတ်ခရိုင်၊မိုးမိတ်မြို့နယ်၊ အထက(၂၊ မိုးမိတ်)၊ တက္ကသိုလ်ဝင်တန်းမှ မောင်နိုင်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးစံမြင့် ၉/မမန(နိုင်)၀၀၅၄၄၅ ဖြစ်ပါကြောင်း။

**ဦးစံမြင့်**

## အမည်ပြောင်း

မိုးမိတ်ခရိုင်၊မိုးမိတ်မြို့နယ်၊ အမှတ်(၃၅)၊ အလက(ဝဲပေါင်း)၊ တတိယတန်းမှ မောင်ဇေမင်းစံအား မောင်ဇေမင်းသူရစံဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဇေမင်းသူရစံ**

## ဖခင်အမည်မှန်

မိုးမိတ်ခရိုင်၊မိုးမိတ်မြို့နယ်၊ အမှတ်(၃၅)၊ အလက(ဝဲပေါင်း)၊ တတိယတန်းမှ မောင်ဇေမင်းသူရစံ၏ဖခင် အမည်မှန်မှာ ဦးကျော်သူရကို ၁၃/မမတ(နိုင်)၀၃၅၁၉၁ ဖြစ်ပါကြောင်း။

**ဦးကျော်သူရကို**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရေချိုကျေးရွာ၊ အထက(၉) တက္ကသိုလ်ဝင်တန်းမှ မအိလဲ့မွန်ဦး၏ ဖခင်အမည်မှန်မှာ ဦးယဉ်ထွေး ၁၃/ကလန(နိုင်)၀၃၄၉၅၀ ဖြစ်ပါကြောင်း။

**ဦးယဉ်ထွေး**

## မိဘအမည်မှန်

တောင်ကြီးမြို့၊ အလက(၁၃)၊ သတ္တမတန်းမှ ခွန်ကျော်ထက်မင်း၏ မိဘအမည်မှန်မှာ ဦးခွန်မောင်သို့ ၁၃/တကန(နိုင်)၂၁၃၄၇၅ နှင့် ဒေါ်နန်းသိန်းခင် ၁၃/တကန(နိုင်)၁၂၀၀၃၇ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေညောင်မြို့၊ အထက(အောင်သပြေ)၊ နဝမတန်း(က၊ အောင်)မှ နန်းကလျာဦး၏ ဖခင်ဦးမောင်မွန်းနှင့် ဦးမွန်း ၁၃/တကန(နိုင်)၀၇၅၆၂၄သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၄-၂၀၁၉ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊ဒုံတောင်မြို့နယ်၊ဦးအုန်းသန်း+၁၏မြေပုံကူးတွင်ပိုင်ဆိုင်မြေပုံကူးအစားပိုင်ဆိုင်+အရောင်းမြေပုံကူးဟုပြည့်စွက်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/7187 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/8171 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/1269 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြငွေ
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ ရပ်ကွက်၊ ယုဇနမာလာလမ်း၊ အမှတ် (၁၅၇/၁)နေ ဦးမောင်မောင်၊ ဒေါ်မြင့်ကြည်၊ ဦးအာစာရ၊ ဦးတင်ယု၊ ဦးအောင်ထွေးတို့၏ မိခင်သည် ၁-၆-၂၀၁၉ရက် ၁၀း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၉ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း (ငြိမ်း)
### DSA အမှတ်စဉ်(14)

ရန်ကုန်မြို့နေ (ဒေါ်သန်းသန်းဌေး)၏ ခင်ပွန်း၊ မုဒုံမြို့၊ မြို့မ(၁)ရပ်ကွက်၊ အထက(၂) ကျောင်းလမ်းနေ ဦးသက်ဇော်ဦး (ဦးဖြိုးဝေဟိန်း)-ဒေါ်အေးအေးသိန်းတို့၏ဖခင် ဒုဗိုလ်မှူးကြီး ဇော်ဝင်း(ငြိမ်း)သည် ၁-၆-၂၀၁၉ရက်(စနေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်သိန်းဇော်(ငြိမ်း)-ဒေါ်မူမူဝင်းမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ညွန့် (အင်းစိန်)
### (ဦးစီးအရာရှိ၊ ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)
### အသက်(၇၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ခ/၁ လမ်း၊ အမှတ်(၁)၊ ဘုရင့်နောင်လမ်းမကြီးနေ (ဦးပိုးရန်-ဒေါ်အုံးလှိုင်)တို့၏သမီး၊ (ဦးပိုးအင်)၏တူမ၊ (ဦးတင်စိုး)-ဒေါ်မြင့်စိန်၊ (ဦးစိန်ထွန်း-ဒေါ်ငြိမ်းငြိမ်း)တို့၏ညီမ၊ ဦးအောင်တင်-ဒေါ်ရွှေမိ၊ ဒေါ်စမ်းစမ်းဝင်း(လယ်/ပြ-ငြိမ်း၊ အမက-၁၃၊ အင်းစိန်)၊ ဦးစန်းမောင်(ပြည်တွင်းအခွန်-ငြိမ်း)-ဒေါ်နန်းနန်းဝင်း(ပြည်တွင်းအခွန်-ငြိမ်း)၊ ဦးမြင့်ခိုင်(မြေတိုင်းဦးစီး-ငြိမ်း)၊ ဒေါ်အေးအေးမိုး(ခ)ဒေါ်မိုးမိုးအေး[ဦးစီးအရာရှိ-အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)]တို့၏ အစ်မကြီး၊ တူ၊ တူမ ၁၃ယောက်တို့၏ကြီးကြီး ဒေါ်ခင်ညွန့်သည် ၂-၆-၂၀၁၉ရက်(တနင်္ဂနွေနေ့) ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၉ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၇)၊ ဦးပိုင်အမှတ် (၉၅)၊ ဧရိယာ ၀ဒသမ၀၅၅၁ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ဖြူဖြူမွန်(ခ)ရွှေယဉ်(ခ)ရှုယဉ်(ဘ) ဦးမြင့်သက် (ခ)လင်းဝင်ကြီး ၉/မနမ(ဧည့်)၀၀၀၀၉၃ အမည်ပေါက်ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်ဖြူဖြူမွန်(ခ)ရွှေယဉ်(ခ)ရှုယဉ်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေသူခင် (LL.B, LL.M) (စဥ်-၉၈၅၀)**

**ဒေါ်သီသီအောင် (LL.B) (စဥ်-၄၅၆၄)**

**ဒေါ်တင်အိအိခိုင် (LL.B) (စဥ်-၉၄၈၁)**

**တရားလွှတ်တော်ရှေ့နေများ**

**အကွက် (ဒ-၇/၄၀)၊ မြရတနာလမ်းသွယ်၊ ၃၈×၃၉လမ်းကြား၊ ၆၄×၆၅လမ်းကြား၊ မဟာမြိုင် (၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၀၆၁၀၉၇**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း သူရလှိုင်(M.T.M Shipping)၏ဖခင် ဦးညွန့်လှိုင် (လ/ထညွှန်မှူး၊ လဝက-ငြိမ်း) အသက်(၈၂)နှစ်သည် ၃၁-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**I.M.T C.D(21)မှ သူငယ်ချင်းများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ဖြူ
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ယုဇနမာလာလမ်း၊ (၁၄/၃)ရပ်ကွက်၊ တိုက်(၁၆၂/၁)နေ (ဗိုလ်ကြီးဝင်းမြင့်)၏ဇနီး၊ ဦးငြိမ်းမောင်၊ (ဗိုလ်မှူးစိုးမြင့်)-ဒေါ်တင်တင်ဝါ၊ ဦးပြည်အေး၊ ဦးညွန့်ရှိန်၊ ဒေါ်မြင့်မြင့်ခိုင်တို့၏အစ်မ၊ ဒေါ်အယ်နီဝင်းမြင့်-ဦးဌေးလှိုင်၊ ဦးမိုက်ကယ်ဝင်းမြင့်-ဒေါ်တင်တင်သော်၊ ဦးဝင်းနိုင်-ဒေါ်မြတ်ဝင်းခိုင်၊ ဦးဝင်းဇော်-ဒေါ်နန်းနန်း၊ ဦးဝင်းသူ-ဒေါ်ဒါးရိုနိုင်ထွေး၊ ဒေါ်သီတာဝင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁-၆-၂၀၁၉ရက် (စနေနေ့)ညနေ ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၉ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီရီမေ
### လက်ထောက်သုတေသန အရာရှိ(ငြိမ်း)
### ပညာရေးသုတေသန၊ ပညာရေးဝန်ကြီးဌာန
### အသက်(၇၆)နှစ်

(ဦးစောထွန်း)(ဝန်ကြီး-ငြိမ်း)၏ဇနီး ဒေါ်ရီရီမေသည် ၂၈-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Dr. ဦးအောင်မွန်(ပါမောက္ခချုပ်-ငြိမ်း)-ပါမောက္ခ Dr. ဒေါ်သန်းသန်းတင်(ချယ်ရီ)မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဆွေဆွေချစ်
### အသက်(၇၀)

ဦးဝင်းထွန်း (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၏ချစ်လှစွာသောဇနီး ဒေါ်ဆွေဆွေချစ်သည် ၃၀-၅-၂၀၁၉ရက် တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းလှိုင်-ဒေါ်ဇင်မာသွင်**

**ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ မြေတိုင်းဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ စိုးမင်းနိုင်
### တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်၊ မကွေး
### အသက်(၅၁)နှစ်

ဆေးတက္ကသိုလ်(မကွေး)၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာစိမ်းလဲ့သွင်၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာစိုးမင်းနိုင်သည် ၃၁-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်ကုဆရာဝန်များအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ စိုးမင်းနိုင်
### တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်၊ မကွေး
### အသက်(၅၁)နှစ်

ဆေးတက္ကသိုလ်(မကွေး)၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်ကုပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာစိမ်းလဲ့သွင်၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာစိုးမင်းနိုင်သည် ၃၁-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဌာနမှူး၊ ပါမောက္ခနှင့် ဆရာ၊ ဆရာမများ**

**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်ကုပညာဌာန ဆေးတက္ကသိုလ်(၂)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ စိုးမင်းနိုင် (တွဲဖက်ပါမောက္ခ)
### ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန၊ဆေးတက္ကသိုလ်၊မကွေး
### အသက်(၅၁)နှစ်

ဆေးတက္ကသိုလ်၊ မကွေး (နား၊နှာခေါင်း၊လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာဌာန)မှ တွဲဖက်ပါမောက္ခ ဒေါက်တာ စိမ်းလဲ့သွင်၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာ စိုးမင်းနိုင်သည် ၃၁-၅-၂၀၁၉ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲရပါသည်။

**ဦးကိုကိုအေးမင်း-ပါမောက္ခ ဒေါက်တာလှဝင်းမြင့် (ဒုတိယပါမောက္ခချုပ်-သင်ကြား) ဆေးတက္ကသိုလ်၊ မကွေး**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ သုန္ဒရမဟာထေရ်မြတ်
### သက်တော်(၉၀)သက်တော် (၇၀)

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ သရက်တောင်ကျေးရွာဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီး၊ မြို့နယ်သြဝါဒါစရိယ ဘဒ္ဒန္တ သုန္ဒရမဟာထေရ်မြတ်သည် (၁၃၈၁ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ရက်) ၁-၆-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၁း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ် နယုန်လဆန်း ၆ရက်) ၈-၆-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် နိဗ္ဗာန်စံကျောင်းတော်သို့ ကြွမြန်းကိန်းအောင်း စံမြန်းမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

**(အန္တိမအဂ္ဂိစျာပနရက်ကို ထပ်မံကြေညာပါမည်။)**

**ကျန်ရစ်သူတပည့် ဒါယကာ၊ ဒါယိကာမများ သရက်တောင်ကျေးရွာ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ စိုးမင်းနိုင် (တွဲဖက်ပါမောက္ခ)
### ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်၊ မကွေး
### အသက်(၅၁)နှစ်

ဆေးတက္ကသိုလ်၊ မကွေး(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်ကုပညာဌာန )မှ တွဲဖက်ပါမောက္ခ ဒေါက်တာစိမ်းလဲ့သွင်၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာစိုးမင်းနိုင်သည် ၃၁-၅-၂၀၁၉ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ နှင့် ဝန်ထမ်းများအားလုံး ဆေးတက္ကသိုလ်၊ မကွေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ စိုးမင်းနိုင်
### တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်၊ မကွေး
### အသက်(၅၁)နှစ်

ဆေးတက္ကသိုလ်၊ မကွေး(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုဌာန)မှ ဒေါက်တာစိမ်းလဲ့သွင်(တွဲဖက်ပါမောက္ခ)၏ခင်ပွန်း ဒေါက်တာစိုးမင်းနိုင် (တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်၊ မကွေး)သည် ၃၁-၅-၂၀၁၉ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ပါမောက္ခ၊ ဌာနမှူး၊ ဒေါက်တာသင်းသင်းနွဲ့ ဆေးပညာဌာန ဆေးတက္ကသိုလ်၊ မကွေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ စိုးမင်းနိုင်
### တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်၊ မကွေး
### အသက်(၅၁)နှစ်

ဆေးတက္ကသိုလ်၊ မကွေး(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုဌာန)မှ ဒေါက်တာစိမ်းလဲ့သွင်(တွဲဖက်ပါမောက္ခ)၏ခင်ပွန်း ဒေါက်တာစိုးမင်းနိုင် (တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်၊ မကွေး)သည် ၃၁-၅-၂၀၁၉ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ပါမောက္ခ၊ ဌာနမှူးနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ ဆေးပညာဌာန ဆေးတက္ကသိုလ်၊ မကွေး**

## ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်နန်းအေးဆွေ
### အသက်(၄၇)နှစ်

ရှမ်းပြည်နယ်၊ တန့်ယန်းမြို့နေ (ဦးလုံးခွက်-ဒေါ်နန်းလျှံ)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်း၊ အမှတ် ၁၄၃ (Korean Fashion အထည်ဆိုင်)နေ (ဦးညွန့်ဟန်)-ဒေါ်တင်တင်အေးတို့၏သမီးချွေးမ၊ ဦးရဲနောင်-ဒေါ်အေးနွန်တို့၏ အစ်မ၊ မိုးကုတ်မြို့၊ ပြောင်းပြင်ရပ်နေ ဦးအောင်ကျော်စိုး-ဒေါ်ခင်မာလွင်၊ ရန်ကုန်မြို့ ကမ္ဘာ့အေးရပ်နေ ဗိုလ်မှူးအောင်သန်း-ဒေါ်တင်တင်ခိုင်၊ နေပြည်တော်၊ ဥတ္တရသီရိရပ်နေ ဒေါ်သန္တာဟန်(ခ)မချော၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာအပိုင်း(Korean Fashion အထည်ဆိုင်)နေ ဒေါ်နီလာဟန်၏ယောက်မ၊ မအောင်မေလွင်၏မိခင်၊ ဦးလှဝေ(ခ)ကိုတူး၏ချစ်လှစွာသောဇနီးသည် ၁-၆-၂၀၁၉ရက် (စနေနေ့) ည ၉း၂၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဦးတင်မောင်ဝေ အသက်(၄၃)နှစ်
### လက်ထောက်ညွှန်ကြားရေးမှူး၊ မြဝတီခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန

သထုံမြို့၊ မဟာအောင်ရွှေဘုံ ၂လမ်း၊ အမှတ် ၇၄၉နေ ဦးထွန်းခင်-ဒေါ်သောင်းတင်တို့၏သား၊ ဒေါ်လှကေသီမာ(ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဘုန်းဟန်သာဦး(Grade-8)၏ဖခင်၊ ဦးကျော်ဇော-ဒေါ်ခင်ခင်နွယ်၊ ဆရာဦးဌေးအောင်ကျော်-ဒေါ်သန်းသန်းစိုး၊ ဦးစိုးမင်း(ခလရ-၉၆)-ဒေါ်ခင်သူဇာ၊ ဦးစိုးလေး-ဒေါ်သင်းသင်းစိုးတို့၏ညီ/မောင်သည် ၁-၆-၂၀၁၉ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် မြဝတီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၉ရက်(သောကြာနေ့)တွင် မြဝတီမြို့၊ (၅)ရပ်ကွက်၊ မြို့ပတ် ၁လမ်း၊ ခရိုင်ဘေး/စီမံဝန်ထမ်းအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်း ဗိုလ်လုပွဲတက်ရောက်



ရန်ကုန်နှင့် စစ်ကိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် ဇွန် ၂**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ (ဒုတိယနေ့) ကို ယနေ့ညနေပိုင်းက YUSC ကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက စစ်ကိုင်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲ တက်ရောက်သွားသည်။ ပထမအကျော့တွင် တစ်ဂိုးစီသရေကျထားသောကြောင့် ရန်ကုန်အသင်းသည် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် စစ်ကိုင်းကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

**မှတ်တမ်းကောင်းတစ်ခု ပိုင်ဆိုင်**

စစ်ကိုင်းအသင်းကို ကျော်ဖြတ်ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့် ရန်ကုန်အသင်းသည် မှတ်တမ်းကောင်းတစ်ခု ပိုင်ဆိုင်ခဲ့ပြီး ဗိုလ်လုပွဲသို့ လေးကြိမ်ဆက်တိုက် တက်ရောက်နိုင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ယခုရာသီတွင် ပုံစံကောင်းရနေသည့် စစ်ကိုင်းအသင်းသည် ရန်ကုန်ကို အခက်တွေ့အောင် လုပ်နိုင်ခဲ့ပြီး တစ်ဂိုးစီသရေအထိ လိုက်ကစားနိုင်သော်လည်း ပွဲပြီးခါနီးတွင် ဂိုးများဆက်တိုက် ပေးလိုက်ရသောကြောင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းကို ဗိုလ်လုပွဲရောက်အောင် စွမ်းဆောင်ပေးခဲ့သည့် ကစားသမားမှာ ဆယ်လာဖြစ်ပြီး လူစားဝင်ပြီး အနိုင်ဂိုးနှစ်ဂိုး သွင်းပေးခဲ့ခြင်း ဖြစ်သည်။

**အပြောင်းအလဲအချို့ပြုလုပ်**

ပွဲပယ်နှင့် ဒဏ်ရာရကစားသမားများရှိနေသည့် ရန်ကုန်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး စစ်ကိုင်းအသင်းမှာမူ လူစုံအသုံးပြုခဲ့သည်။ ရန်ကုန်အသင်းသည် ဂိုးရရန် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားပြီး ၁၁ မိနစ်တွင် ပြစ်ဒဏ်ဘောကို မောင်မောင်လွင်က တိုက်ရိုက်ကန်သွင်းကာ အဖွင့်ဂိုးသွင်းယူခဲ့သည်။ စစ်ကိုင်းအသင်းသည် ချေပဂိုးပြန်ရရန် အသစ်ခေါ်ထားသည့် လက်ရွေးစင်ဟောင်း တိုက်စစ်မှူး ကောင်းဆက်နိုင်ကို လဲလှယ်အသုံးပြုခဲ့ပြီး ၎င်းဝင်လာပြီး နောက်ပိုင်းတွင် တိုက်စစ်ကစားပုံ ပိုကောင်းလာခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ◆

# ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် လီဗာပူးတို့ စပါးကို အနိုင်ယူပြီး ခြောက်ကြိမ်မြောက် ဖလားဆွတ်ခူး

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ဗိုလ်လုပွဲကို ဇွန် ၂ ရက် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် စပိန်နိုင်ငံ မက်ဒရစ်မြို့ မီထရိုပိုလီတာနိုကွင်းကြီး၌ အင်္ဂလန် နှစ်သင်းဖြစ်သော လီဗာပူးနှင့် စပါးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံလိဂ် ဖလားကြီးကို ခြောက်ကြိမ်မြောက် ဆွတ်ခူးခဲ့သည်။

ယနေ့ပွဲတွင် စပါးအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ဒဏ်ရာမှ သက်သာလာသော ဟယ်ရီကိန်းကို အထောင်ထား ပွဲထွက်ခဲ့ကာ အကြို ဗိုလ်လုပွဲတွင် ခြေစွမ်းပြခဲ့သည့် လူးကပ်စ်မိုရာကို အရန်စာရင်းတွင်သာ ပါဝင်ခဲ့သည်။ လီဗာပူးအသင်းသည် ပုံမှန်တိုက်စစ်ကစားကွက် ၄-၃-၃ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင်း မာနေး၊ ဖာမီနိုနှင့် ဆာလက်တို့ ပါဝင်ခဲ့သည်။ ပွဲစပြီး ၂ မိနစ်တွင် မာနေး၏ ဖြတ်တင်ဘောမှာ စပါးကစားသမား ဆစ်စကိုလက်မောင်းဖြင့်ထိခဲ့၍ လီဗာပူးတို့ ပယ်နယ်တီကန်ခွင့်ရကာ ဆာလက်က အမှားအယွင်းမရှိ ဦးဆောင်ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ စပါးအသင်း ချေပဂိုးရရန် တိုက်စစ်မြှင့်ပြီး ဖိအားပေးကစားခဲ့ရာ တိုက်စစ်မှူးများ အဆုံးသတ် မသေချာမှုနှင့် လီဗာပူး ဂိုးသမားဘက်ကာ၏ လက်စွမ်းပြကာကွယ်မှုကြောင့် စပါးတို့ ချေပဂိုး မရရှိခဲ့ဘဲ လီဗာပူးအတွက် အနိုင်သေချာမည့်ဂိုးကို လူစားဝင်လာသော အိုရီဂီ က ပွဲချိန် ၈၇ မိနစ်တွင် သွင်းယူပေးခဲ့သည်။

စပါးအသင်းသည် ယနေ့ပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း ဘောလုံးပိုင်ဆိုင်မှု အသာစီးနှင့် ကစားကွက်အတည်ငြိမ်ဆုံးဖြင့် ပရိသတ်ကို ဖျော်ဖြေနိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၆ ကြိမ်ထိ ရရှိကာ ရှစ်ကြိမ်ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ဂိုးကန်သွင်းခွင့် ၁၄ ကြိမ်အနက် သုံးကြိမ်သာ ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ ယင်းပွဲကို ကွင်းလယ်ဒိုင်အဖြစ် ဆလိုဗေးနီးယားနိုင်ငံသား ဆကိုမီနာက တာဝန်ယူခဲ့ပြီး ပရိသတ်ပေါင်း ခြောက်သောင်းသုံးထောင်ကျော် လာရောက်အားပေးခဲ့သည်။

နည်းပြ ဂျာဂျန်ကလော့ဂ်သည် ချန်ပီယံလိဂ်ဗိုလ်လုပွဲကို သုံးကြိမ်တက်ရောက်ခဲ့ရာ ၂၀၁၂-၁၃ ဒေါ့မွန်အသင်းနှင့် ဗိုလ်လုပွဲတက်ရောက်စဉ်က ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ယမန်နှစ် ၂၀၁၇-၁၈ တွင် လီဗာပူး

စာမျက်နှာ ၁၂ ကော်လံ ၅ ❐



နေပြည်တော် တပ်မတော် စစ်သမိုင်းပြတိုက်၌ တပ်မတော် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်

စာ > ၅

နှစ်နိုင်ငံ ကုန်သွယ်ရေး တင်းမာမှုတွေ ပိုဆိုးလာတဲ့ အမေရိကန်နဲ့ တရုတ်

စာ > ၁၅

